www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၉၆၀၅၁၀
အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၂၂၀၆၁၀

■

စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၀၊ စက်တင်ဘာလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Welfare*
အတွင်းဖလင် ။ *Quality*

■

ပုံနှိပ်သူ
နော်ဆဲနေမူး (ချာလီပုံနှိပ်တိုက်) (၀၈၂၇၇)
အမှတ်(၁၂၁)၊ အလုံလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ
ဦးတင်ထွန်း ( မြ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး - ၁၂၀၀ကျပ်

၈၀၈ . ၈၃
ကလောင်စုံ
သချိုင်းကုန်းအပါအဝင်ဂမ္ဘီရဝတ္ထုတိုများ / ကလောင်စုံ။ - ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၀။
၁၉၇-စာ ၊ ၁၂စင်တီ × ၁၈စင်တီ။
(၁) သချိုင်းကုန်းအပါအဝင်ဂမ္ဘီရဝတ္ထုတိုများ

## မာတိကာ

| စဉ် | ဝတ္ထုအမည် | စာမျက်နှာ |
|---|---|---|
| ၁။ | သချိုင်းကုန်း<br>*မောင်ညိုမှိုင်း (သန်လျင်)* | ၁ |
| ၂။ | နှလုံးသားတစ်ခု၏ ရာဇဝင်<br>*သီဟထိပ်တင်တော* | ၄၃ |
| ၃။ | ကျောက်ကွင်း<br>*ဝေယျမင်းသျှင်* | ၇၃ |
| ၄။ | အလောင်းအမြွာ<br>*နွေတာမာန်* | ၁၀၂ |
| ၅။ | ဦးကံစိန်ကြီးနှင့် ရင်သွေးပျောက်နစ်ကောင်<br>*နတ်လှဦး* | ၁၃၀ |
| ၆။ | ထောင်တွင်းရောက်စ ... ထောင်မှူးဘဝ<br>*ထောင်မှူးကြီးသိန်းဝင်း* | ၁၆၉ |

www.burmeseclassic.com



| ၁ |

❑

တစ်နေ့သောအခါ ကျွန်ုပ်နှင့် လွန်စွာရင်းနှီးခဲ့ဖူးသော ဂီတသမားတစ်ဦးနှင့် သန်လျင်မြို့မဈေးကြီးမှာ ပြန်ဆုံကြပါသည်။

သူ့အမည်မှာ ကိုအေးကြူဟုခေါ်၏။

ကိုအေးကြူသည် ကျွန်ုပ်ကိုတွေ့သည်နှင့် လက်ဖက်ရည်ဆိုင်ရှိရာသို့ အားရဝမ်းသာခေါ်ဆောင်သွားပြီး ညှော်ဝတ်ပြုလေ၏။

"မောင်ညိုမှိုင်းရေ ... ငါ့ညီရဲ့ ဂမ္ဘီရဆန်းကြယ်ဝတ္ထုတွေကို အစ်ကိုဖတ်ရတယ်ဟေ့။ အားရသကွာ"

"ဝေဖန်မှုလည်း လုပ်ပါဦး အစ်ကိုရ"



"ကိုယ်မှ မရေးနိုင်တာဥစ္စာ၊ သူများ ကြိုးစားပမ်းစားရေးဖွဲ့တာကို အပြစ်လုပ် အကျိုးမဲ့ မဝေဖန်ရဲပါဘူး ငါ့ညီရာ၊ ငါ့ညီရဲ့ဝတ္ထုတွေကို အစ်ကိုတို့တစ်အိမ်သားလုံး ဖတ်ကြရာကနေ အစ်ကိုတို့ ဦးလေးတစ်ယောက်ရဲ့ ဂမ္ဘီရဆန်ဆန် ဖြစ်ရပ်ဆန်းကြယ်ကို ပြောပြချင်လို့ကွ"

"ကောင်းတာပေါ့ အစ်ကိုရာ။ ကျွန်တော်လည်း ရေးစရာရေးကွက်ရှာနေတုန်း အတော်ပဲဗျ"

"ငါ့ညီ အချိန်ရရဲ့လား"

"ရတယ် အစ်ကို။ ဇာတ်ကွက်ဇာတ်လမ်း ကောင်းကောင်းရမယ်ဆိုရင် နေဝင်သွားပစေ ... ပြောသာပြော"

သို့နှင့် အစ်ကိုအေးကြူအမည်ရှိ ဂီတသမားကြီးသည် ကျွန်တော့်အား အလွန်ထူးဆန်း အံ့ဩဖွယ်ကောင်းသည့် ဖြစ်ရပ်မှန်ဇာတ်လမ်းနှစ်ခုကို ပြောပြရကား ...

ဦးစွာ ဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ပုဒ်အကြောင်းကို ကျွန်ုပ်ဇာတ်အိမ်ဖွဲ့၍ ပြန်လည်ရေးသားလိုက်ရပေသည်။

*[မှတ်ချက် ။ အမည်များကို သင့်သလို ပြောင်းလဲရေးသားလိုက်ပါသည်။]*

■ ■ ■

www.burmeseclassic.com

[ ၂ ]

❑

"တို့ဦးလေးအမည်က ကိုကြီးစိန်တဲ့ကွ ...မောင်ညိုမှိုင်းရေ၊ ဦးလေးကိုကြီးစိန်ဟာ လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာ ရဲဘော်ဖြူခေါင်းဆောင်ဘဝနဲ့ ခြောက်လုံးပြူးသေနတ် ခါးကြားချိတ်ပြီး ငါတို့နယ်မှာ ဩဇာရှိတဲ့ ပုဂ္ဂိုလ်တစ်ဦးပေါ့ကွာ။

ကိုကြီးစိန်ဟာ ...

ဂီတမှာလည်း ကျွမ်းကျင်တယ် ငါ့ငှာရဲ့၊ မယ်ဒလင်၊ ဂီတာရော အကုန်တီးနိုင်တယ်။ သီချင်းလည်း ရေးတယ်။

ကိုယ်တိုင်လည်း ဆိုတယ်။





ဂီတသမားဘဝကနေ နောက်ပိုင်း ရဲဘော်ဖြူဘဝထဲရောက်၊ နိုင်ငံရေးအစိုးရ ခေတ်ဦးကာလ အကွဲအပြဲစာတ်လမ်းမှာ သူလည်း ဗိုလ်နဲ့လိုလို၊ ဓာတ်လိုက်လိုလိုနဲ့။

နောက်ဆုံး အင်းစိန်ထောင်ထဲ ရောက်သွားခဲ့ရတာပဲ။

ခုတော့ ကွယ်လွန်သွားခဲ့ပါပြီ ငါ့ညီရာ။

ဖြစ်ပုံက သူ ကာလသားကြီးအရွယ်တုန်းက ဖြစ်စဉ်ကွ။ ကိုကြီးစိန်က လူပုံချော အသားဖြူဖြူ မျက်လုံးမျက်ဖန် ကောင်းကောင်း။

မိဘများကလည်း ( ...)ရွာမှာ ပိုက်ဆံရှိသူများဆိုပါစို့ကွာ။

ခေတ်ကာလက ...

ဂျပန်အပြေး အင်္ဂလိပ်အစိုးရ ဒုတိယအကြိမ် မြန်မာပြည်ကို ပြန်အုပ်ချုပ်နေသည့်အချိန်။

စစ်ဘေးစစ်ဒဏ်ကြောင့် မြို့ရော ရွာရော ပျက်စီးပြီး ဟိုလူ့ကြောက်ရ၊ ဒီလူ့ကြောက်ရ။

သေနတ်သံကြားရင် ပြေးပုန်းရ။

သူကြီးမောင်းထုခေါ်ရင် ကြောက်ကြောက်ရွံ့ရွံ့ ပြေးလာရ၊ ကျီးလန့်စာစား အချိန်အခါကိုးကွ။

တို့နေသည့်ရွာ ဦးလေးကြီးစိန်တို့နေသည့် ရွာကြီးကလည်း သစ်ကြီးဝါးကြီး တောများဝိုင်းနေသည့် နေရာရယ်။

တစ်နေ့ တို့များ ကိုကြီးစိန်တို့ရွာကြီးကို ဟိုး ရှမ်းပြည်နယ်ဘက်က လင်မယားနှစ်ယောက် ရောက်လာခဲ့တယ်။

မိန်းကလေးက အသားဖြူဖြူ ချောချောသန့်သန့်လေး။ ကိုယ်လုံးကိုယ်ပေါက်ကလည်း လှမှလှပါကွာ။ ငါတို့လည်း မြင်ဖူးတယ်။

အဲဒီအချိန်တုန်းက ဦးလေးကြီးစိန်နဲ့ ငါတို့က ဟူဝရိုးပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



အခွယ်မတိမ်းမယိမ်းရယ်။

အစ်ကိုက ကာလသားပေါက်စ။

ကိုကြီးစိန်က ကာလသားစစ်စစ်ကြီး။

အဲဒီ မိန်းမချောလေးရဲ့ အမည်က မနန်းရွှေတဲ့။ မနန်းရွှေနဲ့အတူ လူကြီးတစ်ယောက်လည်း ပါလာတယ်။

လူလို့သာပြောရတယ်။ ပုံပန်းသဏ္ဌာန်က လူနဲ့မတူဘူး။ မျောက်ဝံမျက်နှာနဲ့ လူကြီးကွယ့်။ အသားမည်းမည်း၊ လက်တံရှည်ရှည်၊ ထွားထွားကြီး။ ပါးစပ်ကပြူပြူးး မောက်နေတယ်။

မျက်ခုံးအောက်မှာ မျက်လုံးနှစ်လုံးက ဝင်နေသလိုပဲ။

ခန္ဓာကိုယ်ပေါ်မှာ အမွေးကြမ်းတွေ ဗရပျစ်နဲ့။

လူကြီးနာမည်က ဦးဗေဒါတဲ့။

ဦးဗေဒါဆိုတဲ့ မျောက်ဝံလိုလို၊ လူဝံလိုလို လူမည်းကြီးဟာ အခြားမဟုတ်ဘူး။ မိန်းမချောလေး မနန်းရွှေရဲ့ ယောက်ျားပဲ။

သူတို့အကြင်လင်မယားဆိုတာကို တို့တစ်ရွာလုံးသိကြတော့ အံ့သြကြတာပေါ့ကွာ။

မတန်လိုက်တာ။

နွံ့သာဆီနဲ့ အီးတုံးလိုပဲ။

မသာနဲ့ နားတောင်း၊ တခြားစီပဲ။ ကိုးကန့်ဘဲဥချိုလာတယ်စသည်ဖြင့် ပြောကြ၊ ဆိုကြ၊ ဝေဖန်ကြပေါ့။

ဦးဗေဒါဆိုသည့်လူကြီးက ဆေးဆရာတဲ့ဗျာ။

သူက ဝိန္ဒောဆေးရော၊ ပယောဂကို ကုသူဆိုတော့ နောက်ဆုံးရွာမှာ အရေးအကြောင်းရှိရင် သူ့အားကိုးကြသူလည်း ရှိလာရတာပေါ့။



| ၂ |

❑

အဲဒီအချိန်ကာလတုန်းက တို့များရွာနီးဝန်းကျင်မှာ ဝမ်းရောဂါ၊ ကျောက်ကြီးရောဂါ၊ ငှက်ဖျားရောဂါ၊ အူရောင်ငန်းဖျားရောဂါ၊ ဆင်းရဲမွဲတေရောဂါထူနေချိန်ကွ။

အကြောင်းရှိရင် မြန်မာဝိန္ဒောဆေးဆရာ၊ မြန်မာပယောဂကုဆရာနဲ့ ဘုန်းကြီးကျောင်းကရေမန်း အားကိုးနေရချိန်ကိုး။

တောင်ဖျားက သချိုင်းကုန်းလည်း နေ့စဉ် မသာချရတာနဲ့ ခွေးတစီစီ၊ ကြေးစည်သံတဝေဝေ၊ ငိုသံမစဲ ဖြစ်နေချိန်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



တို့များရွာမှာ ဓလေ့တစ်ခုရှိတယ် မောင်ညိုမှိုင်းရဲ့။ အဲဒါ ဘာလဲဆိုတော့ ရွာမှာ ကျောက်ကြီးရောဂါဖြစ်လာရင် အဲဒီလူကို ရွာထဲမှာ မထားရတော့ဘူး။

ဟိုရွာပြင်သချိုင်းမှာ သွားနေခိုင်းရတယ်။

ဝမ်းရောဂါ အသည်းအသန်ဖြစ်ရင်လည်း ရွာသချိုင်းဝန်းကျင်မှာ သွားနေခိုင်းကြတာပဲ။ ရွာထဲမှာ လုံးဝနေခွင့်မပြုဘူး။ တစ်ရွာလုံးကို ကူးစက်မှာ ကြောက်ကြလို့ပေါ့ကွာ။

အဲဒါ သူ့ဆွေမျိုး။ ကိုယ့်ဆွေမျိုး ဘယ်သူဖြစ်ဖြစ် ရွာထဲမှာ လုံးဝနေခွင့်မပြုဘူး။

ပြီး ...

ရွာထဲမှာ လင်ငယ်နေတဲ့မိန်းမတို့၊ ပြည့်တန်ဆာ အလုပ်လုပ်စားသူမျိုး ကြားရင်မြင်ရင် ရွာထဲမှာ လုံးဝမထားဘူး။ တို့ရွာကြီးကနေ နှင်ထုတ်လိုက်ရောကွ။

တို့ရွာက အဲဒီလို ဓလေ့ရှိတဲ့ရွာကြီးရယ်။

ပြောရရင်တော့ကွာ ...ဦးဗေဒါဆိုတဲ့ ပယောဂကုဆရာလိုလို၊" စိန္တေဆရာလိုလိုလူကြီးဟာ သချိုင်းကုန်းသွားလိုက်၊ ရွာထဲဝင်လာလိုက်။ လူနာရောက်လာရင် ဆေးကုလိုက်နဲ့ လှုပ်ရှားနေတာပေါ့။

ဒီမှာ သူ့မိန်းမ မနန်းရွှေလည်း ကိုယ်ဝန်နဲ့ကွ။ မိန်းမကို ချစ်သလား။ သဝန်တိုသလားလည်း ပြောမနေနဲ့။

ဘယ်ယောက်ျားနဲ့မှ အရောတဝင်မနေစေဘူးဗျာ။ မနန်းရွှေတို့ နေသည့်အိမ်နဲ့ ကိုကြီးစိန်တို့အိမ်နဲ့က နီးတော့ မနန်းရွှေနဲ့ ဦးလေးကိုကြီးစိန်လည်း ကြာတော့ ရင်းနှီးလာသကွ။

ဦးဗေဒါက ဒါကို သိပ်မနှစ်မြို့ဘူး။





သို့သော် သူ့မှာလည်း ဒီနေရာဒေသစိမ်းမှာ ဆွေမျိုးသားချင်းမရှိတော့ သိပ်လည်း ကျယ်ကျယ်မလုပ်ရဲဘူး။

သူကလည်း ရွာကိုရှိန်နေသလို၊ ရွာကလူတွေကလည်း သူ့ကိုရှိန်ကြသကိုး။

ဘာလို့လဲဆိုတော့ သူက ပယောဂကုရာမှာ ကျွမ်းကျင်နိုင်နင်းတယ်။ စုန်းမှုသလိုလို၊ နတ်မှုသလိုလို၊ သရဲမှုသလိုလိုမျိုး ဖြစ်နေလို့ကတော့ ...

ဦးဗေဒါရဲ့ လက်နဲ့သပ်ချလိုက်ရင် ကြမ်းပြင်မှာ ထွန့်ထွန့်လူးနေရော။ ဝင်ဆိုဝင်၊ ထွက်ဆိုထွက် အာစာစက်၊ အာစက်လည်း ပြင်းသဟ။

ပြီး ...သူ့မှာစွမ်းတာ နာမှုတ်ဆေးပဲ။

စုန်းဒိုင်းကြနေသည့် ပယောဂလိုလိုကိစ္စ၊ အကြောင်းကြောင့် သတိမေ့မြောနေသလား။ သို့နာမှုတ်ဆေးကို နာခေါင်းမှုတ်ပြီး မန္တန်တစ်ပုဒ်ရွတ်လိုက်ရင် ချက်ချင်း လူးလွန့်ထထိုင်ရာဟ။ ဟ။ ာညီ

ပြီး ...ဝမ်းရောဂါ။

ဝမ်းအလဟောသွားနေလို့ မထနိုင်ဘူးလား။ သူ့ဆေးတစ်ခွက်သောက်လိုက်ရင် ဝမ်းရပ်သွားရော။

အဲဒါမျိုးကြောင့်လည်း သူ့ကို အားကိုးနေရသလိုမျိုးရှိသလို ပယောဂလည်း၊ ကုနေသူမို့ သူမနှစ်မြို့ရင် ပညာပိုင်းဆိုင်ရာနဲ့ ပြုစားနှောင့်ယှက်မှာလည်း ကြောက်လန့်နေကြရတာလည်း ရှိလေရဲ့။

ဒီလိုနဲ့ နေလာလိုက်တာ။

တစ်နေ့လည်းကျရော ...



www.burmeseclassic.com

www.burmeseclassic.com



ဦးဗေဒါကြီးသွေးအန်လို့ သေပါရောဗျာ။ သချိုင်းကုန်းက ပြန်အလာမှာ သွေးအန်ပြီးသေတာ။

သူ့ဆေးနဲ့သူ ပြန်ကုလို့မရဘူး။

အချို့ကတော့ သချိုင်းကုန်းက သရဲတစ္ဆေတွေလုပ်လို့ သေရတာလည်းပြောရဲ့။

အချို့ကလည်း သူ့ထက် ပညာစွမ်းသူရဲ့လက်ချက်ကြောင့် သွေးအန်သေရတာလို့လည်း ပြောကြရဲ့။

ဘယ်ဟာအမှန်လည်း ဘယ်သူမှမသိကြဘူး။

အဲဒါနဲ့ ဦးဗေဒါကြီးရဲ့ အသုဘကို (.....) သချိုင်းမှာ နေ့ချင်းပြီး မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြတယ်။

မနန်းရွှေခများလည်း အရှုပ်ဆိုးဆိုး သူ့လင်ရဲ့ မြေမြှုပ်သင်္ဂြိုဟ်ဂူကြီးချက်မနဲ့ ငိုလိုက်တာ။

စားသူမျိုး သချိုင်းကုန်းမှာ သတိလစ်မေ့မြောသည့်အထိပဲ ငါ့လူရေ။ နှင်ထုတ်လုံ့

■ ■ ■



# [၄]

❑

အချိန်ကာလ အတန်ကြာရော။ မနန်းရွှေ မီးဖွားရောဟာ။ အဲဒါတို့ရွာက အရပ်လက်သည်မိန်းမကြီး ဒေါ်ချုပ်ရိုးကသွားပြီး ကူညီမီးဖွားပေးရတယ်။

ဒီမှာ အံ့သြဆန်းကြယ်ဖြစ်ရပ်ကို လက်သည်မိန်းမကြီး ဒေါ်ချုပ်ရိုးနဲ့ မီးနေသူ မိန်းမသားများ မြင်ရပါရောလားကွာ။

အခြားမဟုတ်ဘူး ငါ့လူရေ။

မနန်းရွှေမွေးတဲ့ကလေးဟာ ယောကျ်ားလေးဖြစ်ပေမယ့် လူ့ရုပ်လုံးဝ မတူဘူး။

မျောက်ကလေးနဲ့ တူနေတာပဲ။

မျောက်မှ တကယ့်မျောက်အတိုင်းပဲ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နဖူးမောက်မောက်၊ မျက်လုံးခွက်ခွက်၊ လက်တံရှည်လေး။ ရင်ဘတ်ကျယ်လေး။ ခန္ဓာကိုယ်ပေါ်မှာလည်း အမွေးနီရဲရဲတွေနဲ့။

ကလေးငိုသံက လူကလေးငိုသံနဲ့ မတူဘူး။

မျောက်ပေါက်စလေးအော်သည့် အသံမျိုးတဲ့ဟ။ အဲဒါ ရွာထဲမှာ ချက်ချင်း နာမည်ကြီးသွားပါရော။

"မနန်းရွှေ မျောက်ကလေးမွေးသဟေ့"

"ဟုတ်ရဲ့လား ... ဒေါ်ချုပ်ရိုးရဲ့"

"မခါးတို့၊ မိကျမ်းတို့သာမေးကြည့်။ အမွေးတွေနဲ့တဲ့"

"ဟုတ်လား ... မကျမ်း ဟင်"

"ငိုသံက မျောက်ပေါက်စအော်သည့် အတိုင်းပဲ"

"သူ့အဖေက မျောက်ဝံလိုမျက်နှာမျိုးဆိုတော့ ဖအေနဲ့တူလို့နေမှာပေါ့ဗျာ"

နောက်ဆုံး မီးနေအိမ်ကို သွားသွားပြေးကြည့်ကြပြီး အတည်ပြုလိုက်ကြတယ်။

မနန်းရွှေ လူမမွေးဘဲ မျောက်ပေါက်စလေး မွေးတယ်ဆိုတဲ့စကား။

အဆုံးမတော့ ...

တို့ရွာကြီးရဲ့ ရှေ့ထုံးစံအတိုင်း လူစင်စစ်ကနေ ဘီလူးနဲ့တူတဲ့လူမွေးလာရင်၊ ခြေပြတ်လက်ပြတ်မွေးလာခဲ့ရင်၊ မျောက်လိုသဏ္ဌာန်မျိုးမွေးလာရင် ရွာမသန့်ဘူး၊ ရွာနာမယ်လို့ အယူအစွဲရှိနေကြတော့ ...

မနန်းရွှေတို့သားအမိကို ရွာထဲမှာ မထားကြတော့ဘူး။

ရွာသချိုင်းဝန်းကျင်မှာသွားနေဖို့ ရွာက နှင်လိုက်ကြရတယ်။ အဲဒါ ကိုကြီးစိန်က မနန်းရွှေနဲ့ အလွန်ရင်းနှီးခင်မင်နေကြတာမို့ သချိုင်း





ကုန်းအစပ်ဝန်းကျင်မှာ တဲတစ်လုံး ဝိုင်းကူလုပ်ပေးပြီး မနန်းရွှေတို့သားအမိကို သွားထားရတယ်။

ရွာထုံးစံအရ ရွာနိုက်မှာစိုးလို့၊ မနန်းရွှေတို့သားအမိ ရွာထဲကို လုံးဝ ဝင်ခွင့်မရှိဘူး။

ဝင်လာတာမြင်ရင် နှင်ထုတ်ပြီး သူရပ်သည့်နေရာကို ရေဆေးရေလောင်းချကြတယ်။

ကိုကြီးစိန်က မနန်းရွှေကို သံယောဇဉ်ကြီးသူ၊ ခင်မင်သူဆိုတော့ အချိန်ရရင် သချိုင်းကုန်းဖျားက မနန်းရွှေတို့သားအမိရှိရာကို သွားပြီး အစားအသောက်များ သွားသွားပေးရှာတယ်။

ပြောရရင် ...

မနန်းရွှေဟာ တစ်သားမွေးပြီး၊ တစ်သွေးလှလို့ပေါ့ကွာ၊ မျောက်နဲ့သဏ္ဌာန်တူသည့်ရင်သွေးကို မွေးပြီးမှ ပိုပြီး ဖွံ့ဖြိုးကားစွင့်ငွားဖြစ်လို့ အသားကို နုအိနေတာပဲ။

ကိုကြီးစိန် ဒီလိုသချိုင်းကုန်းဖျားက မနန်းရွှေတို့တဲကို သွားသွားနေတာကိုမြင်တော့ ရွာက လူကြီးများကပြောရော။

"ကိုကြီးစိန် ဘာလို့ မနန်းရွှေဆီကို သွားနေရတာလဲ"

"သူ ဒီရွာထဲလာခွင့်မရှိလို့ သွားတွေ့တာပေါ့ဗျာ"

ကိုကြီးစိန်ကလည်း မိုက်တိမိုက်ကန်းလူစားကွ။ လက်ရဲဇက်ရဲ 'ဇ'လေးကလည်းရှိတယ်။ လက်ဝှေ့တို့၊ သိုင်းတို့လည်း တတ်တယ်။

"မင်း ဒီမိန်းမ မသန့်တာ မသိဘူးလား"

"မသန့်ရအောင် သူက နူနေလို့လား။ ကျောက်ကြီးရောဂါဖြစ်နေလို့လား၊ ပြည့်တန်ဆာ လုပ်စားနေလို့လား ... ပြောဗျာ"

"မျောက်မွေးထားတဲ့ မိန်းမကွ ... ကြီးစိန်ရ'



www.burmeseclassic.com

www.burmeseclassic.com



"သူ့ဘဝပေး ကံအကြောင်းတရားကြောင့် ပျောက်ပဲမွှေးမွှေး ခြေပြတ်လက်ပြတ်ပဲမွှေးမွှေး သူ့ရင်သွေးဟာ သူ့ရင်သွေးပဲဗျ။ ဒါ ကူးစက်ရောဂါမဟုတ်ဘူး။ ခင်ဗျားတို့လုပ်ပုံက သဘာဝမကျဘူးဗျာ။ ကျွပ်ဘာသာကျွပ် သွားတယ်။ ဘာဖြစ်လဲ။ ဘယ်သူ့မှ ဂရုမစိုက်ဘူး။ ကြီးစိန်ဗျ ... ကြီးစိန်"

နောက်ဆုံး ရွာရှေးရိုးစံ လူကြီးများလည်း ကြီးစိန်ကိုပြောမနိုင်လို့ လက်လွှတ်လိုက်ရတယ်။

ကြီးစိန်က မနန်းရွှေရဲ့လိုအပ်ချက်၊ ရေထင်းကအစ ဝိုင်းကူလုပ်ပေးတယ်။ တစ်နေကုန် စကားပြောချင် ပြောနေတယ်။

မနန်းရွှေခမျာလည်း ကိုကြီးစိန်ရှိနေလို့ တအားဖြစ်ပြီး ကိုကြီးစိန်ကို ခင်မင်သံယောဇဉ်ဖြစ်နေရှာတယ်။

သချိုင်းကုန်းနံဘေး တောထဲက ဟင်းသီးဟင်းရွက်များခူးပြီး အခြားရွာများမှာ လှည့်လည်ရောင်းချ လုပ်ကိုင်စားသောက်ရှာတယ်။

ဈေးရောင်းထွက်ရင် မျောက်ကလေးနဲ့သဏ္ဌာန်တူ သူ့ရင်သွေးလေးကို ကျောမှာ ပုဆိုးနဲ့သိုင်းချိုပိုးပြီး ဈေးရောင်းထွက်ရရှာတာ။

ဆင်းရဲပင်ပန်းပေမဲ့ တစ်ဝမ်းတစ်ခါးဖူလုံလေရဲ့။ ကလေးလေးအမည်ကိုလည်း သူ့အဖေအမည် အစွဲပြုပြီး 'ဖေဒါလေး' လို့ အမည်ပေးထားလေရဲ့။

ဖေဒါလေးဟာ မိခင်နို့ကိုစို့ပေမဲ့ လူစကား လုံးဝမပြောဘူး။ လှုပ်ခိုင်ဘူး။ အီ ... အီ ... ကွီ ... ကွီ ... ဒါပဲ အသံပြုတယ်။ မိခင်ကိုလည်း ခင်ရှာတယ်။

▬ ▬ ▬

[ ၅ ]

၃ည်

❑

တစ်နေ့ ကိုကြီးစိန်ရဲ့ မိဘညီအစ်ကို မောင်နှမ ဆွေမျိုးများက ကြီးစိန်ကို ဝိုင်းပြောကြရော ...

"ကြီးစိန်"

"ဘာလဲ အမေ"

"နင် သချိုင်းကုန်းက နန်းရွှေတို့ဆီကို မသွားနဲ့"

"သွားတော့ ဘာဖြစ်လို့တုံး"

"နန်းရွှေ နင့်ကို ပြုစားလိမ့်မယ်ဟဲ့"

"သူက ကျွပ်ကိုပြုစားရအောင် စုန်းမဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ကြီးစိန်ရဲ့ သေသွားတဲ့သူ့လင် ဖျောက်ဝံလိုလူကြီးကလည်း ပယောဂဆရာဟဲ့။ သူလည်း ဒီပညာတွေ မတတ်ဘူးလို့ ပြောနိုင်မှာလား။ နင့်ကို ဆေးခတ်ပြုစားလိုက်ရင် နင်ဒုက္ခရောက်သွားလိမ့်မယ်။ အဲဒါ သိရဲ့လား"

"အဓိပ္ပာယ်မရှိတာဗျာ။ သွားစမ်းပါ"

ဒီမှာ အစ်မဝမ်းကွဲကြီးများက မေးကြရော ...

"မောင်ကြီးစိန်"

"ဘာတုံး ... အစ်မ မြသီ"

"မောင်လေးနဲ့နန်းရွှေ ချစ်နေကြိုက်နေကြလား"

"ဟာဗျာ ..."

"ပြောပါ"

"မကြိုက်ကြပါဘူးဗျာ"

"ဒါဖြင့် မောင်လေးက နန်းရွှေကို ချစ်နေသလား"

"အိုဗျာ ... အစ်မတို့ကလည်း ဘာတွေမေးနေမှန်းမသိဘူး"

"သွားမကြိုက်နဲ့၊ မချစ်နဲ့နော်"

"ဘာဖြစ်လို့တုံး"

"သင်းက ပညာသည်နဲ့တူလို့ဟဲ့"

"ဘာလဲဗျာ ပညာသည်ဆိုတာ ..."

"ပညာသည်ဆိုတာ ဆေးဝါးအတတ်၊ မန္တန်အတတ်၊ လျှို့ဝှက်နက်နဲတဲ့ လောကီ အောက်လမ်း ပညာတတ်သူ၊ ဖမ်းစားနိုင်သူ၊ ညှို့ယူနိုင်သူ၊ အကျိုးယုတ်အောင် လုပ်နိုင်သူကိုပြောတာ"

"တော်စမ်းပါဗျာ။ ဒီမှာ အစ်မတို့၊ အမေတို့၊ မနန်းရွှေဟာ လူဗျ ... လူ။ လူမှ အလွန်ချောမောလှပတဲ့ မိန်းမ။ သူမရဲ့ယောကျ်ားနဲ့သဏ္ဌာန်တူတဲ့ လူသားကလေးကို ဘဝကံအကြောင်းချို့ငဲ့စွာ မွေးခဲ့ပေမဲ့ သူ့ကလေးကိုသူ မစွန့်ပစ်ဘူး။ မိခင်စိတ်အပြည့်အဝနဲ့ လုပ်ကိုင်ကျွေးမွေး စောင့်ရှောက်နေတဲ့ မိခင်မိန်းမ။ လူကို လူလိုမြင်ကြစမ်းပါဗျာ။ ခင်ဗျားတို့ရော၊ ရှေးရိုးစွဲလူကြီးအချို့ရော အယူသီးမှုကြောင့် အပြစ်မရှိတဲ့ မိန်းမသားတစ်ယောက် လူမရှိ၊ သူမရှိ သချိုင်းကုန်းဇရပ်မှာ မသူတော်များစော်ကားလို့ ဘဝပျက်သွားခဲ့ရင် အဲဒါ ဘယ်သူ့ကြောင့်လဲ။ ပြောဗျာ ... ပြောကြစမ်းပါ ... ပြောကြလေဗျာ"





"သူ့မှမကောင်းတာ"

"တော်ဗျာ ... ဖွီ ..."

ကိုကြီးစိန် ဒေါသများပေါက်ကွဲပြီး ပြောချင်သည့်စကားများကို အားရပါးရပြောလို့ သချိုင်းကုန်းရှိရာကို ပြေးလာခဲ့လိုက်တယ်။

ဒီမှာ မျက်စိမျက်နှာမကောင်းဖြစ်နေတဲ့ ကိုကြီးစိန်ကိုကြည့်ပြီး မနန်းရွှေက မေးသတဲ့ ...

"ကိုကြီးစိန် ဘာဖြစ်လာလို့လဲ ဟင်"

"ဘာမှမဖြစ်ပါဘူး မနန်းရွှေ"

"ဘာမှသာ မဖြစ်တယ်၊ မျက်နှာကြီးကိုနီရဲပြီး ဒေါသထွက်နေပုံပဲ"

ကိုကြီးစိန်ကာ ဘာမျှပြန်မပြောဘူး။ အပြင်မှာထိုင်ပြီး ဆေးလိပ်ကို မီးခိုးထောင်းထောင်းထ ဖွာနေလိုက်တယ်။ အဲဒါ မနန်းရွှေက အသာအကဲခတ်ကြည့်နေရာကနေ ...

"ကိုကြီးစိန် ..."

"ကိုကြီးစိန် ..."

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မဆီကိုလည်း သိပ်မလာပါနဲ့လား ကိုကြီးစိန်ရယ်"

"ဘာလဲ ကျုပ်လာတာ မကြိုက်လို့လား"

"ကျွန်မက ကြိုက်ပါတယ်။ ကျွန်မဘဝမှာ အရေးပေါ် အားကိုးစရာဆိုလို့ ဒီအချိန်မှာ ကိုကြီးစိန်ပဲရှိတာပါလေ။ ဒါပေမဲ့ ...

"ဒါပေမဲ့ ဘာဖြစ်လဲ ... ပြောပါ"

"ကိုကြီးစိန်ရဲ့ မိဘညီအစ်ကို မောင်နှမများနဲ့ ရွာထဲကလူတွေက ကြိုက်မှာမဟုတ်ဘူးလေ"

"ကျုပ် ဂရုမစိုက်ဘူး"

"ဟူး ... ကိုကြီးစိန်ရယ်။ ကျွန်မတို့သားအမိကြောင့် ကိုကြီးစိန်ရဲ့ ပျိုရွယ်သန့်စင်သည့်ဘဝတစ်ခု နစ်မွန်းထိခိုက်မှာကို ကျွန်မ မမြင်ရက်လို့ပါ ကိုကြီးစိန်"

မနန်းရွှေဟာ ပြောရင်း မျက်ရည်ကျလို့လာခဲ့တယ်။ မနန်းရွှေ မျက်ရည်ကျတော့ ကိုကြီးစိန်- မနေနိုင်ဘူး။ ပါးပြင်ပေါ်က မျက်ရည်ဥများကို လက်နှင့်သုတ်ပေးပြီး ...

"မနန်းရွှေရယ် ... ကျုပ် မနန်းရွှေတို့သားအမိကို သနားတယ်၊ ခင်မင်တယ်။ ကိုယ့်နှမလိုရော၊ အစ်မလိုရော သန့်စင်တဲ့ သံယောဇဉ်စိတ်နဲ့ အနီးကပ်စောင့်ရှောက်နေတာပါ။ ခုချိန်အထိ ကျုပ် မနန်းရွှေအပေါ်မှာ ကာမဂုဏ်စိတ်နဲ့ ပြစ်မှားချင်သည့်အသိ လုံးဝ မရှိပါဘူးဗျာ"

"ကျွန်မ ကိုကြီးစိန်ရဲ့ စေတနာမေတ္တာကို နားလည်ယုံကြည်ပါတယ် ကိုကြီးစိန်ရယ်။ ဒါပေမဲ့ ကျွန်မလို မိန်းမတစ်ယောက်ကြောင့် ကိုကြီးစိန်ရဲ့ဂုဏ်သိက္ခာ နစ်နာပွန်းပဲ့မှာကို စိုးရိမ်လို့ပါ နော်"

"ထားလိုက်စမ်းပါ မနန်းရွှေ။ ကျုပ်တို့နှစ်ဦးရဲ့အကြောင်းကို





ကိုယ်စောင့်နတ်များနဲ့ သချိုင်းကုန်းက တစ္ဆေသရဲတွေ သိကြပါတယ်ဗျာ ... ဟား ... ဟား ... ဟား ..."

ကိုကြီးစိန်ဟာ မနန်းရွှေ စိတ်မကောင်းဖြစ်နေမှန်းသိလို့ ရယ်စရာစကားများကို ပြောရင်း စကားလမ်းကြောင်းကို ပြောင်းပစ်လိုက်တယ်။

ဒီမှာပဲ ကိုကြီးစိန် သချိုင်းကုန်းထဲရှိ မရမ်းပင်ကြီးကို လှမ်းကြည့်လိုက်ပြီး ...

"မနန်းရွှေ ... မရမ်းသီးမှည့်တွေတောင် သီးနေပြီဗျာ"

"ဟုတ်တယ်နော်"

"မနန်းရွှေ ... မရမ်းသီးထောင်းလေး စားမလားဟင်"

"ကောင်းသားပဲ ကိုကြီးစိန်"

"ဒါဆို ကျွန်တော်တက်ခူးပေးမယ် ခဏ"

"အို ... ကိုကြီးစိန် ... မတက်နဲ့ ... မခူးနဲ့"

ကိုကြီးစိန်က ပြောရင်းကနေ ပုဆိုးခါးတောင်းကျိုက်ပြီး မရမ်းပင်ပေါ်တက်မလို့ ဟန်ပြင်ရော၊ မနန်းရွှေက အတင်းဆွဲလို့ တားပါရော။

"ကျုပ်တို့မခူးရင် သူများခူးသွားလိမ့်မယ်"

"မခူးပါနဲ့ ကိုကြီးစိန်ရယ် ... နော်"

"ဘာဖြစ်လို့တုံး မနန်းရွှေ။ မနန်းရွှေစားရအောင်"

"အို ... မစားချင်တော့ဘူး"

"အလို ... ဘာလို့ အပြောင်းအလဲဖြစ်သွားရတာတုံးဗျ"

"ဒါ ... ဒါ ... သချိုင်းကုန်းက မရမ်းပင် ကိုကြီးစိန်"

"အဲဒါ ဘာဖြစ်တုံး"



www.burmeseclassic.com

www.burmeseclassic.com



"တက်မချူးပါနဲ့ရှင်။ အန္တရာယ်များလွန်းလို့ပါ။ ကိုကြီးစိန် .. ကျွန်မကိုစားစေချင်တဲ့ ဆန္ဒရှိနေရင် အခြားနေရာကရှာပြီး ချူးခဲ့ပါနော်။ သချိုင်းကုန်းထဲကအပင်မှန်ရင် ဘာအပင်မှ မတက်ပါနဲ့၊ မချူးပါနဲ့နော် ကိုကြီးစိန်"

"အင်း ... မနန်းရွှေတို့ကလည်း တစ်မျိုးပဲ။ အေးလေ ... ထားလိုက်ပါတော့"

"ကိုကြီးစိန် ထမင်းစားမလားဟင်"

"ဘာချက်တုံး"

"ငါးလေးအိုးကပ်နဲ့ ချွေးထောက်ရွက်ဟင်းချို"

"အေး ... စားမယ်၊ ထည့်"

အဲဒီနေ့က သူတို့နှစ်ဦး ထမင်းလက်ဆုံစားရင်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လို့ ကြည်နူးချမ်းသာ ဖြစ်ရတဲ့နေ့ကို ကိုကြီးစိန်က ဘယ်တော့မှမမေ့ဘူးလို့ အစ်ကို့ကိုပြောသွားဖူးတယ် မောင်ညိုမှိုင်းရေ။

[ ၆ ]

❑

အဲဒီနေ့က ကိုကြီးစိန် ( ... ) သချိုင်းကုန်းကို မနက်ပိုင်းထွက်လာခဲ့လိုက်တယ်။

အဲဒီအချိန်မှာ မနန်းရွှေတို့သားအမိ မရှိဘူးဆိုတာ သူသိတယ်။ သူတို့သားအမိ ဈေးရောင်းထွက်သွားကြပြီ။

သူ သချိုင်းကုန်းထဲက မရမ်းပင်ကြီးရှိရာကို လှမ်းလာပြီး မော့ကြည့်လိုက်တယ်။

မရမ်းပင်ဟာ ဝါးနှစ်ပြန်နီးပါး မြင့်လေရဲ့။



www.burmeseclassic.com

www.burmeseclassic.com



အရွက်များကြားမှာ မရမ်းသီးနုလေးတွေ တွဲလောင်းနေလို့။ နွားကျောင်းသားများ မတွေ့သေးလို့ တော်ရဲ့၊ နို့မို့ လောက်လေးခွစာ မိပြီး ပြောင်သွားနိုင်ရဲ့"

သူက သူသံယောဇဉ်ဖြစ်နေတဲ့ မနန်းရွှေလေးကို မရမ်းသီးတွေခူးပေးချင်တယ်။ မရမ်းသီးငါးပိချက်လေး စားစေချင်တယ်။ ပြီး မရမ်းသီးက ပေါ်ဦးပေါ်ဖျားမို့ များများခူးလို့ရရင် မနန်းရွှေရပ်ထဲရွာထဲ မြို့ထဲ လည်ရောင်းလို့ရတယ်။

ရောင်းလို့ရင် ပိုက်ဆံရမယ်။ ပိုက်ဆံရရင် လိုချင်တာလေး ဝယ်လို့ရတယ်။ ဒီရည်ရွယ်ချက်နဲ့ ခူးပေးချင်တာ။

သူ ခါးတောင်းကို မြှောင်အောင်ကျိုက်လိုက်ပြီး လူတစ်ဖက်စာ မရမ်းပင်ပေါ်ကို အခြေကနေစပြီး တက်လိုက်တယ်။

အပင်အလယ်လည်းရောက်ရော ...

မရမ်းပင်ကြီးက လှုပ်လာသလိုဖြစ်ပါရော။

ဒါနဲ့သူက အတက်ရပ်ပြီး စောင့်ကြည့်နေလိုက်တယ်။ သူ့စိတ်ထင်လို့ပါ။ ဒါနဲ့ ဆက်တက်လိုက်ရော ...

အပေါ်မရမ်းပင်အကိုင်းများဟာ လေလုံးဝမတိုက်ဘဲ လှုပ်ပါလေရော။ လှုပ်သမှ တဝုန်းဝုန်းလှုပ်နေတာ။ အပေါ်မှာ လူများရောက်နေသလားလို့ မော့ကြည့်လိုက်တယ်။

အပေါ်မှာလည်း လူနဲ့တူတာ ဘာမှမရှိ။

အံ့ဩစရာပဲ။

မရမ်းကိုင်းများက လူတွေဝိုင်းလှုပ်သလို လှုပ်နေတာ။ သူကလည်း ရောက်မှတော့ မထူးဘူးဆိုပြီး ဆက်တက်ရော။

မရမ်းပင်ပေါ်ကနေ ခါးချည်တွေနဲ့ ပသန်လို ပုရွက်ဆိတ်၊ ပထုပ်





ပနီလိုလို အကောင်တွေ သူ့ကိုယ်ပေါ်ကျလာပြီး ဝိုင်းကိုက်ကြပါရော။ သူ ဦးခေါင်းကိုခါ၊ ကိုယ်ကိုကုန်းပြီး ခါပေမဲ့ မရဘူး။

ဒီကောင်တွေ အဆိပ်အလွန်ပြင်းတာကိုး။

ဒီမှာပဲ ... အကောင်ပေါင်းများစွာ သူ့ကိုယ်ပေါ်ကိုကျလာပြီး ဦးခေါင်း၊ မျက်နှာ၊ လက်နဲ့ ကုပ်ပိုးများကို ဝိုင်းကိုက်လို့ မခံနိုင်သည့်အဆုံး မရမ်းပင်အမြင့်ပေါ်ကနေ တစ်ချက်တည်း နောက်ပြန်ပြုတ်ကျသွားပါရော ...

"ဗုန်း ..."

"အား ... အား ..."

"ဝုန်း ... ဝေါ ... ဝေါ ... ဝေါ ..."

အံ့ဩစရာကောင်းတာက ကိုကြီးစိန် မရမ်းပင်မြင့်ပေါ်က အောက်ကို ပြုတ်ကျသွားတဲ့ ဗုန်းခနဲအသံကို သချိုင်းကုန်းနဲ့ မလှမ်းမကမ်းမှာရှိနေကြသည့် အိမ်အစုများက အကျယ်ကြီး ကြားလိုက်ကြတာပဲ။

ပွဲတင်သံက တောရိပ်ကြောင့်ပဲလား၊ ဘာကြောင့်လဲ မသိဘူး ထူးထူးခြားခြား အကျယ်ကြီးကြားလို့ လန့်သွားကြရော။

"ကိုဘမောင် ... ဘာသံကြီးတုံး"

"မသိဘူး။ တစ်ခုခုပြုတ်ကျတာလား၊ ဘာလားပဲ"

"အပင်ကြီးများ လဲရော့သလားဟ"

"အား ... လို့အော်သံပါ ကြားလိုက်ရတာဗျ။ တစ်ယောက်ယောက်တော့ ဘာဖြစ်ပလဲ မသိဘူး"

"ဘယ်ဘက်ကအသံတုံးဟ ... ဖိုးအောင်တို့ရ"

"သချိုင်းကုန်းဘက်ကလို့ ထင်တာပဲ ... ဘကြီးဖြိုးရေ"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ထူးဆန်းတဲ့အသံကို ကြားရလို့ ရွာသူရွာသားတွေ တစ်ယောက်တစ်ပေါက် အော်ဟစ်စုံစမ်း မေးမြန်းနေတုန်းမှာပဲ ...

နွားကျောင်းသားလေးတစ်ဦး အပြေးအလွှားရောက်လာပါရော ...

"ဦးကြီးဘမောင် ... ဒေါ်လေးမြစည် ..."

"ဗျို့ ... ဒေါ်လေးမြစည်"

"ဟဲ့ ... သာဖိုး ... ဘာဖြစ်လို့တုံးဟဲ့၊ ရေးကြီးသုတ်ပျာနဲ့"

"ဟို ... ဟို ... ဟိုဒင်း ..."

"ဘာတုံးဟယ် ... အလန့်တကြား"

"ဒေါ်လေးရဲ့သား ... အစ်ကိုကြီး ကိုကြီးစိန် မရမ်းပင်ပေါ်ကပြုတ်ကျပြီး သတိလစ်နေ ... လို့ ... ဗျ"

"ဟင် ..."

"အမယ်လေး ... လုပ်ကြပါဦး ... ကျွန်မသား မရမ်းပင်ပေါ်က ပြုတ်ကျလို့တဲ့တော် ... ဟီး ..."

"ဟော ... ကြီးစိန် ..."

"ဟုတ်တယ်ဗျ"

"ဘယ်မရမ်းပင်ပေါ်ကတုံး ... သာဖိုး ... ဟင်း ... ဟင်"

"သချိုင်းကုန်းထဲက မရမ်းပင်ဗျ"

"အမယ်လေး ..."

ဒေါ်မြစည်ရော၊ ဖအေလုပ်သူ ဦးဘမောင်ရော အမယ်လေးတ,ပြီး သချိုင်းကုန်းရှိရာကို ပြေးကြပါရောဟ။ အိမ်နီးနားချင်းတွေလည်း နောက်ကနေ အပြေးလိုက်ကြပေါ့ကွာ။





သချိုင်းကုန်းထဲက မရမ်းပင်မြင့်ကြီးအောက် ရောက်ရော ကြီးစိန်ကို ပါးစပ်ထဲကနေ သွေးတွေအန်လျက်နဲ့ မြေပြင်မှာ မေ့မြောနေတာမြင်ရပြီး မိခင်လုပ်သူက အော်ဟစ်ငိုပါရောကွာ။

"ဟဲ့ ... မြစည်၊ မငိုနဲ့ ... မအော်နဲ့။ ဒါ သချိုင်းကုန်း"

"ကျွန်မသား ... ကျွန်မသားလေး ... အမယ်လေး ..."

"ကြီးစိန် ... မောင်ကြီးစိန် ..."

"ခေါ်လို့မရတော့ဘူးဗျ"

"ဟေ့ ... အားလုံးဝိုင်းပွေ့ပြီး အပြင်ကိုသယ်ကြစမ်း"

"အသက်ရှိသေးလို့လားဗျ"

"ရှိပုံရတယ်။ မသေသေးဘူး။ ရွာထဲကို ပြန်သွင်း"

ဒါနဲ့ ရွာသူရွာသားများ ကြီးစိန်ကို ဝိုင်းပွေ့ပြီး မ,ကြရော။ အကျိုးနည်းကွာ ... လေးလိုက်တဲ့ ခန္ဓာကိုယ်နှယ်၊ ယောက်ျားငါးယောက်မနည်းကို မ,ယူရတယ်"

"ဘကြီး ... ဘယ်အိမ်ကို သယ်ရမလဲ"

"ဦးသီလ ဘုန်းကြီးကျောင်းကို သယ်သွား"

အားလုံး ဘုန်းကြီး ဦးသီလကျောင်းကို သယ်ယူသွားကြရော။ တို့ဆရာ ဘုန်းကြီးဦးသီလက ပယောဂလည်းနိုင်တယ်၊ ရေမန်းလည်း စွမ်းတယ်ကွ။ လည်ချောင်းထဲ အရိုးနင်နေရင် ဘုန်းကြီးဦးသီလ ရေမန်းတိုက်ချ သပ်ချလိုက်ရင် ချက်ချင်းအန်ပြီး အရိုးကျရော။

ကံများဆိုးချင်တော့ ...

ကျောင်းမှာ ဘုန်းတော်ကြီးဦးသီလ မရှိဘူး။ ခရီးသွားနေသတဲ့။

"ဘယ်လိုလုပ်မလဲ ဘကြီး"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ကို ပြန်ခေါ်သွား။ ဆရာကြိုင်ကို သွားပင့်ခဲ့ကြ"

ဒါနဲ့ ဒေါ်မြစည်တို့အိမ်ကို ပြန်သယ်သွားကြရော။ ရွာခွေးတွေကလည်း လူနာသည်အုပ်စုကို ကြည့်ပြီး အူကြပါရောဟေ့"

အဲဒါကြည့်ပြီး ... ဖွဟဲ့ ... ဖွဟဲ့ ... လုပ်သူလုပ်ကြ။ ဘုရားစာ ရွတ်သူရွတ်ကြပေါ့ကွာ။ ငိုသူကလည်း အော်ငို။ ညည်းနေတာပဲပေါ့။

အိမ်ပေါ်ရောက်ပြီး ကြီးစိန်ပါးစပ်က သွေးတွေအန်နေတုန်းပဲ။ ခေါ်လို့ မရသေးဘူး။ အဲဒါ ပယောကဆရာကြီး ဆရာကြိုင်ရောက်လာပြီး ရေမန်းတိုက်လိုက်၊ မန်းလိုက်မှုတ်လိုက်၊ ကြမ်းပြင် လက်ဝါးနဲ့ရိုက်ခေါ်လိုက် လုပ်လည်း ကြီးစိန် သတိမရဘူး။

နောက်ဆုံး ဆရာကြိုင်က အစီအရင်ပဝါနဲ့ ကြီးစိန်ရဲ့နဖူးပေါ်ပွတ်သပ်ပြီးမေးလည်း ကြီးစိန်မထူးနိုင်ဘူး။

သွေးတွေပဲ ပါးစပ်က စီးကျနေရော။

အဲဒီအချိန်အခါတုန်းက မြို့ပေါ်မှာ ဆရာဝန်ရှားနေချိန်။ မြို့ဆေးရုံလည်း ဂျပန်ပုံးစာ၊ အင်္ဂလိပ်ပုံးစာမိပြီး ပျက်စီးနေချိန်ကိုးကွ။

ပယောဂဆရာကြီး ဆရာကြိုင် လက်လျှော့လိုက်ရော။ မြန်မာဗိန္ဓောဆေးဆရာကြီး ဆရာရွှေကိုပင့်ပြီး ဒဏ်ရာကို သုတ်သင်သန့်ရှင်းလို့ သောက်ဆေး မရ့အရတိုက်။ လိမ်းဆေးလူးပေးပြီး အနားကနေ ဘုရားစာများပဲ ရွတ်နေကြရတော့တယ်။

"ဟဲ့ ... မြစည်"

"ရှင် ဆရာကြီး"

"နောင် သချိုင်းကို မသွားစေနဲ့"

"မသွားနဲ့လို့ နေ့တိုင်းပြောတာပါ ဆရာကြီးရယ်။ ဟို ပညာသည်လိုလို၊ စုန်းကဝေမလိုလို မိန်းမရှုပ်ကို သွားသွားနေရင်း ခုလို





မြင်ရတာပဲ ဆရာကြီးရဲ့"

"နောင်ကို အဲဒီမိန်းကလေးနဲ့လည်း မပတ်သက်စေနဲ့ကွယ့်"

"ဟုတ်ကဲ့ပါ ဆရာကြီး။ ဒါ ... ဒါနဲ့ သူ့အခြေအနေ ..."

"ကြည့်ရတာ သချိုင်းကုန်းမရမ်းပင်ပေါ်ကနေ ကျတာဆိုတော့ သိပ်ရိုးပုံမရဘူး။ ဒဏ်ရာတော့ သက်သာအောင်လုပ်နိုင်သမျှ လုပ်ပေးခဲ့တာပဲ။ ဆရာတော် ဦးသီလပြန်ရောက်မှပဲ ဆရာတော်ကိုပြပြီး လိုအပ်သလို လုပ်သင့်တာပဲ။ ကိုင်း ... ငါသွားမယ်"

ဗိန္ဓောဆရာကြီး ဆရာရွှေဟာ လူနာရဲ့မျက်နှာကို လှမ်းကြည့်ပြီး သက်ပြင်းချလိုက်တာကို အားလုံးမြင်ရပြီး အလွန်စိတ်မသက်မသာဖြစ်သွားကြရောကွာ။

မိဘနှစ်ပါးကတော့ အနားကနေ 'သား'ရေ 'လူလေး'နဲ့ အကြော်ကြော်ခေါ်ရင် မျက်ရည်လည်ရွဲပေါ့။

www.burmeseclassic.com

www.burmeseclassic.com

[ ၇ ]

❑

ဒီလိုနဲ့ နစ်ရက်မြောက်သည့်တိုင် ကိုကြီးစိန် သတိမရသေးဘူး။ ညဘက်ရောက်တိုင်း ခွေးတွေက အိမ်ကိုကြည့်ပြီး အူကြ။

ငှက်ဆိုးထိုးသံလည်း ကြားရ။

ငှက်ဆိုးထိုးသံကြားရင်း ဝါးရုံပင်၊ ကုက္ကိုပင်ပေါ်က ကျီးကန်းနဲ့ ဇီးကွက်တွေကလည်း လန့်ပျံ။

ကြွက်ကြွက်ညံပြီး ချောက်ချားစရာကြီးပေါ့ကွာ။





တစ်ခါတစ်ခါ လူမမာထံကလိုလို ညည်းသံကြီး ကြားရပါရော။ 'လူမမာသတိရပြီဟ' ဆိုပြီး စောင်လှန်မ,ကြည့်ရင် လူမမာညည်းနေတာ မဟုတ်ဘူး။ တစ်နေရာရာက ညည်းသံဖြစ်ပြီး ကြောက်နေကြပေါ့။

"မကောင်းဆိုးဝါး ကပ်မှီနေသလား မသိဘူး"

"ညည်းသံတော့ ကြားတယ်ဟဲ့"

"သူညည်းတာ မဟုတ်တာအေ"

"ညဘက်ကို ခေါင်းရင်းကနေ ခြေသံကြားတယ်"

"ဟုတ်လား"

"အိမ်ထရံကို ပုတ်သံလည်း ကြားရတယ်"

"အမယ်လေးတော်"

"ထွက်မကြည့်ကြဘူးလားဟဲ့"

"ကြည့်တာပဲ။ ဘယ်သူမှ မတွေ့ရဘူး"

"ဆန်းတော့ ဆန်းနေပြီအေ့"

"ဆရာတော် ဦးသီလ မြန်မြန်ကြွလာရင် ကောင်းမှာပဲ"

"စောင့်ကြတာပေါ့အေ။ သူ့ကံပဲပေါ့"

ဒီလိုပြောဆို တိုင်ပင်ဆွေးနွေးနေတုန်း အိမ်ရှေ့မှာ ခေါင်းမြီးခြုံထားတဲ့ မိန်းမတစ်ယောက် လာရပ်ပါလေရောကွ။

အိမ်ရှင် ဒေါ်မြစည်က လှမ်းမေးရောပေါ့။

"ဘယ်သူလဲဟေ့"

"ကျွန်မ ပါ ရှင်"

"ဘယ်က ကျွန်မလဲ။ ဘာကိစ္စရှိလို့လဲ။ ပြောလေ ... မြေ ဘယ်သူလဲ"

ဒီမှာပဲ ခေါင်းမြီးခြုံကိုဖွင့်ချလိုက်ရော အားလုံး လန့်ဖျပ်ကုန်

ဒ



www.burmeseclassic.com

www.burmeseclassic.com



ပါရောဟ"

"အမယ်လေး"

"ဟင် . . . နင် . . . နင် . . . သွား . . . သွား . . . ခု ထွက်သွား . . . သွား . . ."

"ကျွန် . . . မ . . . ကျွန် . . . မ . . ."

"သွားလို့ပြောနေတာ နားမလည်ဘူးလား"

"ဆွဲထုတ်ကွာ"

ဘယ်သူမှတ်လို့လဲ။ မနန်းရွှေလေ . . . မနန်းရွှေ။ မျက်ရည်လည်ရွှဲနဲ့ အိမ်ခြံဝမှာ ရပ်နေတာ။ အိမ်ပေါ်ရှိလူအားလုံးက ဝိုင်းနှင်မောင်းထုတ်ကြတာပေါ့။

သူမကို တစ်ရွာလုံးက မသန့်မိန်းမ၊ မျောက်ကလေးလို လူကိုမွေးတဲ့မိန်းမ၊ မျောက်ဝံနဲ့တူတဲ့ ကွယ်လွန်သူ ပယောဂကုဆရာကြီးရဲ့ မိန်းမဖြစ်နေလို့ သူမကိုလည်း ပညာသည်၊ စုန်းမ၊ ကဝေမလို့ တစ်ရွာလုံးက ထင်မှတ်ပြီး ရွာပြင်ကို ထုတ်ထားရတာ။

အခု သူမက ရွာထဲကိုဝင်လာရုံမကဘူး။ ကြီးစိန်တို့ခြံဝမှာ ရပ်ပြီး ငိုနေရော။ အားလုံး ဒေါပွကြကုန်ပါရော။

သင်းမြှူဆွယ်လို့ သူတို့သား ခုလိုဖြစ်ရတာ။

သင်းပယောဂကြောင့် ဒီလိုဖြစ်ရတော။

သူမပြုစားပြီး အသက်နုတ်ခေါ်ထားချင်လို့ ကြီးစိန် သေမည့်အချိန်ကို စောင့်နေရတာဆိုပြီး မကျေနပ်မှုများနဲ့ အမုန်းများကိုစုပုံပြီး ရိုက်မယ်၊ နှက်မယ်ပါ လုပ်ကုန်ကြရော။

မနန်းရွှေကလည်း မပြန်ဘူး။

ခြေစုံရပ်ပြီး မျက်ရည်ကျနေဆဲပဲ။





ညီကိုမောင်နှမ ဆွေမျိုးအုပ်စုကလည်း ရိုက်မယ်၊ နှက်မယ်ဆိုပြီး တုတ်ဓားများနဲ့ ဝိုင်းကြပါရောကွ။

ဒီအချိန်မှာပဲ ဗိန္ဒောဆေးဆရာကြီး ဆရာရွှေရောက်လာပြီး လူအုပ်ကိုထိန်းလို့ ဝင်မေးရောကွ။

"ကလေးမ . . ."

"ရှင် အစာ"

"နင် ဘာကိစ္စနဲ့ လာခဲ့ရတာတုံး"

"ဟို . . . ဟို . . . ကို . . . ကိုကြီးစိန် မရမ်းပင်ပေါ်က ကျကျတာ . . . သ . . . သတိမရဘူးဆိုလို့ လာခဲ့တာပါ အဘရယ်"

"ညည်းနဲ့ကြီးစိန်နဲ့ ဘာဆိုင်လို့တုံး"

"ဟို . . . ဟို . . . မိတ်ဆွေတွေမို့လို့ပါရှင်"

"ညည်းတို့ သမီးရည်းစားလား"

"အို . . . မ . . . မဟုတ်ပါဘူး။ လုံးဝ မဟုတ်ပါဘူး"

"အခု ညည်းက ဘာလုပ်ပေးနိုင်လို့လဲ . . . ပြော . . ."

"ကျွန် . . . မ . . . တတ်သလောက်၊ မှတ်သလောက် ကုကုပေးချင်လို့ပါရှင်"

"ညည်းက နားလည်လို့လား"

"ဟုတ် . . . ဟုတ် . . . ကဲ့"

ဒါနဲ့ ကြီးစိန်ရဲ့မိဘများကို ဘရာရွှေကမေးရော ကြီးစိန်မိဘများက လုံးဝ လက်မခံဘူး။

"သင်းယောကျ်ားက ပယောဂဆရာ၊ အောက်လမ်းဆရာရှင့်"

"ကလေးရဲ့အသက်ကို သင်းလည်း သူ့လင်ရဲ့ပညာနဲ့ နုတ်ယူခေါ်သွားချင်လို့ လာတာနေမှာပါ ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမရုပ်ကိုက စုန်းမရုပ်မျိုး လှသလောက် အကြံပက်စက်မယ့်မိန်းမ"

"သူက ကြီးစိန်ကို ကြိုက်နေသလား မသိဘူး"

"ကျွန်မတို့ ဆရာတော် ဦးသီလကိုပဲစောင့်မယ် ဆရာကြီး"

"မြစည် ..."

"ရှင် ... ဆရာကြီး"

"ဘမောင် ..."

"ခင်ဗျာ ... ဆရာကြီး"

"မင်းတို့ ဆရာတော် ဘယ်နေ့ရောက်မှာလဲ"

"မသိသေးဘူး ဆရာကြီး"

"ငါပြောမယ် ဘမောင်နဲ့မြစည်၊ မင်းတို့သားရဲ့ အခြေအနေ သိပ်မကောင်းဘူး"

"ရှင် ..."

"ဗျာ ..."

"ငါအကြံပေးချင်တာက သူ့ဘာသာသူ ဘယ်လိုအတတ်ပညာနဲ့ကုကု၊ အရေးကြီးတာမင်းတို့သား အသက်ရှင်ဖို့ အဓိကပဲ။ သူ့ဘယ်သူကုမလဲဆိုတာကို လက်ခံစေချင်တယ်"

"သူက စုန်းကဝေမ ဆရာကြီး"

"သူစုန်းကဝေဆိုရအောင် ဘယ်သူ့ကိုပြုစားလို့လဲ"

"သား ... သား ... ကို ..."

"မင်းတို့ ဘယ်လိုသက်သေပြမှာလဲ ပြော ..."

ဒီလို ဆရာရွှေကမေးလိုက်တော့ သူတို့ ဘာမှပြန်မပြောနိုင်ကြဘူး။





"ဒီကလေး သူ့ဘာသာသူရေးရောင်းစားပြီး သူတို့ဘဝသူတို့ ရိုးရိုးသားသား ကျောင်းစားနေတာတော့ အားလုံးအမြင်ပဲ မဟုတ်လား"

"အယောင်ဆောင်နေတာနေမှာ ဆရာကြီးရဲ့"

"အဲဒီလို တစ်ဖက်သတ်အမြင် မကာန်းစမ်းပါနဲ့ဟာ။ အသက်ငယ်သော်လည်း၊ မိန်းမသားဖြစ်ပေသော်လည်း သူလည်း သူ့လင်သားရဲ့ ပညာတစ်စုံတစ်ခုတော့ ရချင်ရထားမှာပေါ့။ ငါ ဒီကလေးရဲ့ပညာစွမ်းကို ကြည့်ချင်တယ်။ သူ့ခမျာလည်း ကြီးစိန်အပေါ် အတော်ခင်မင်သံယောဇဉ်ကြီးလို့ အသက်စွန့်၊ အရဲစွန့်လာခဲ့ပုံပါပဲဟာ။ ကုသခွင့်ပြုလိုက်ပါ"

နောက်ဆုံး ဆရာရွှေက လူမှုရေးအသိစိတ်၊ ပညာသည်ချင်း နားလည်မှုစိတ်နဲ့ နားချလိုက်တော့မှ သူတို့အားလုံး မယုံမရဲနဲ့ လက်ခံလိုက်ကြတယ်။

"ကလေးမ ..."

"ရှင် ... အဘ"

"ညည်းမောင်ကြီးစိန်ရဲ့ ရောဂါဝေဒနာကို ပျောက်ကင်းချမ်းသာအောင် ကုသနိုင်မှာလား"

"ကျွန်မ အတတ်နိုင်ဆုံး ကြိုးစားပါ့မယ် အဘ"

"ကိုင်း ... ဝင်ခဲ့ ကုလှည့်"

မနန်းရွှေရဲ့မျက်နှာပေါ်မှာ ဝမ်းသာရိပ် လှစ်ခနဲဖြစ်သွားပြီး နောက် ဆရာရွှေရဲ့ဦးဆောင်မှုနဲ့ အိမ်ပေါ်ကို ရောက်လာပါရောကွယ်။

အားလုံးကလည်း အကဲခတ် ကြည့်နေကြပေါ့ကွာ။ ငါတို့လည်း အနီးမှာရှိနေသကွ ... မောင်မှိုင်းရေ။

ဟုတ်ရင်ဟုတ်၊ မဟုတ်ရင် အပြတ်ရှင်းပြစ်မယ်ဆိုပြီး ခါး



www.burmeseclassic.com

www.burmeseclassic.com



တွေ၊ တုတ်တွေနဲ့ အသင့်ကြည့်နေကြတာကလား။

ဒီမှာ သူမက ဦးစွာ ဘုရားစင်ဘက်ကို မျက်နှာမူ၊ ဘုရားရှိခိုး ငါးပါးသီလခံယူလိုက်တယ်ဗျား။

"ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားအပေါင်းတို့ ဘုရား ကျွန်မသည် ယနေ့တိုင် ငါးပါးကိုလုံခြုံအောင် စောင့်ထိန်း၍ နေခဲ့ပါသည်ဘုရား။ ဤမှန်သော သစ္စာစကားကြောင့် ကျွန်မရဲ့မိတ်ဆွေ ကိုကြီးစိန်၌ဖြစ်ပေါ်နေသော ရောဂါဝေဒနာအား ပျောက်ကင်းချမ်းသာရန် အနန္တောအနန္တငါးပါးနှင့် အိမ်စောင့်နတ်အပါအဝင် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များမှ ဝိုင်းဝန်းကူညီစောင့်ရှောက်တော်မူပါဘုရား။ ဆေးညွှန်းသမျှေား ချီးမြှင့်တော်မူပါဘုရား"

သည့်နောက် သူမဟာ ပါလာသည့်အိတ်ကလေးထဲက ဝါးဆစ်ဘူးလေးကို ထုတ်ယူလိုက်ပြီး ဘုရားစင်ရှေ့မှာ မန္တန်လိုလို၊ ဂါထာလိုလို စာပိုဒ်တစ်ခုကို အကြိမ်များစွာ ရွတ်ဆိုနေလိုက်တယ်။

(၃၇) အုပ်နဲ့ တူပါရဲ့ကွာ။

ရွတ်လို့လည်းပြီးရော ဗိန္ဓောဆေးဆရာကြီး ဦးရွှေလူကို ရိုသေစွာ ဦးချပါရောဟေ့။ ဆရာလည်း အံ့ဩဝမ်းသာပေါ့။

"အဘဆရာကြီးကို ဦးတော်တင်ပါတယ်ရှင်"

"သာဓုဗျာ ... သာဓု ... သာဓု ... ငါ့သမီး ကုသောဆေးတော်တို့လည်း ဆေးစစ်ဆေးမှန်ဖြစ်၍ (၉၆)ပါးအနာရောဂါတို့အား ယူပစ်သလို ပျောက်ကင်းချမ်းသာပါစေသတည်း"

"သမီးကို ဆေးကုသခွင့်ပြုပါ အဘဆရာကြီးရှင်"

"အိမ်း ... အိမ်း ... ငါ့သမီး တော်သကွယ့်။ ဆရာသမားတို့ရဲ့ ဂါရဝတရား၊ နိဝါတတရားများလည်း သိပေရှိပေသကိုး။ ကိုင်း





အဘခွင့်ပြုသကွယ့်။ ကုစေဗျာ"

သူမဟာ ဆေးကုသခွင့်ကို အနန္တောအနန္တငါးပါး ဆရာသမားနှင့်တကွ အိမ်ရှင်များထံမှာပါ ခွင့်တောင်းပြီးနောက် လူမမာကိုကြီးစိန်ရဲ့မျက်နှာကို ကရုဏာသက်စွာ စိုက်ကြည့်နေလိုက်တယ်။

သည့်နောက် ဝါးဆစ်ဘူးလေးကို ဖွင့်လိုက်ပြီး အထဲက ခပ်ဖြူဖြူအမှုန့်အချို့ကို ဝါးပြောင်းပိုက်လေးရဲ့ထိပ်ဝမှာ ထည့်သိပ်ပြီး ကိုကြီးစိန်ရဲ့ ဘယ်ဘက်နှာခေါင်းဝထဲသွင်းလို့ ပါးစပ်နဲ့ ပြောင်းဝတစ်ဖက်ကနေ ဖြည်းဖြည်းချင်း မှုတ်သွင်းလိုက်တယ်။

အဲဒီလို နှာလိုအရာမျိုးကို ဝါးပိုက်လေးနဲ့ မှုတ်သွင်းလိုက်ရော ကြည့်စမ်းကွာ ... လူမမာရဲ့ လူသေကောင်လိုဖြစ်နေတဲ့မျက်နှာ တွန့်သွားပါရောဟ။

အားလုံး မျက်တောင်မခတ် ကြည့်နေကြတာနော်။

ဒီမှာ သူမက လူမမာရဲ့ ညာဘက်နှာခေါင်းပေါက်ထဲကို ဝါးပိုက်လေးနဲ့ နှာလိုအရာမျိုးကို ပြောင်းပြီး မှုတ်သွင်းလိုက်ရော ... မောင်ညိုမှိုင်းရေ ... ငါ့လူရေ ..."

အသေကောင်လို လူမမာပါးစပ်ကနေ ညည်းသံကြားပြီး ရင်ဘတ်ကြီး လှုပ်လာပါလေရောဗျာ။

ကြည့်နေသူအားလုံး ဝမ်းသာကုန်ကြရောဟ။

ဆရာရွှေမျက်နှာလည်း အားရဝမ်းသာဖြစ်ပြီး လက်မကို ထောင်ပြလို့ဗျာ။

အဲဒီလို နှစ်ကြိမ် နှာမှုတ်သွင်းပြီးရော လူမမာနှာခေါင်းနဲ့ အသက်ရှူနေတာကို၊ ရင်ဘတ်လှုပ်ရှားနေတာကို ငါတို့အပါအဝင် မျက်ဝါးထင်ထင် မြင်ကြပါရောကွာ။



www.burmeseclassic.com

www.burmeseclassic.com



ကြီးစိန်ရဲ့မိဘများရော၊ ဆွေမျိုးများရော အံ့ဩဝမ်းသာပေါ့ ပြီးလဲပြီးရော မနန်းရွှေက လှမမာကြီးစိန်ရဲ့ မျက်နှာပေါ်ကနေ ညာလက်ဝါးနဲ့ သုံးကြိမ်သစ်ချပြီး သချိုင်းရှိရာအရပ်ကို မျက်နှာမူလို့ ရောဂါများကို စွန့်ပစ်သလို လုပ်လိုက်ရော ...

သချိုင်းကုန်းရှိရာ အရပ်ဘက်ကနေ 'ဝေါ'ဆိုတဲ့ အသံကြီး ကြားလိုက်ရလို့ တို့များအားလုံး လန့်ဖျပ်ကုန်ပါရောလားကွာ။

"ဆရာကြီး ပြီးပါပြီရှင့်၊ ကျွန်မ ပြန်ပါတော့မယ်"

"အခြေအနေ ဘယ်လိုလဲ သမီး"

"ဒီညနေ နေဝင်ရီတရောမှာ သူပြန်သတိရလာပါလိမ့်မယ်၊ ကျွန်မကို ခွင့်ပြုပါရှင်"

ဒီလိုပြောပြီး သူမက ဆရာကြီးဦးရွှေကိုရော ကြီးစိန်ရဲ့မိဘများကိုရော ဦးချကန်တော့လို့ ပြန်သွားလေရဲ့။ ဆရာကြီးဦးရွှေက ဆုမွန်ကောင်းများပေးလိုက်တာလည်း အားလုံးကြားရရဲ့။

သူမဟာ ကိုကြီးစိန်ရဲ့မျက်နှာကို ညှိုးငယ်တစ်ချက်၊ ဝမ်းသာတစ်လှည့်ကြည့်ပြီး အိမ်ပေါ်ကနေ ဆင်းသွားလေရဲ့။

■ ■ ■

| ၈ |

❑

ညနေ နေဝင်ရီတရော နွားရိုင်းသွင်းချိန်လည်းရောက်ရော လေတိုက်သလိုမျိုး တဝေါဝေါအသံများ ကြီးစိန်တို့ အိမ်ဝန်းကျင်မှာ ကြားရပါရော။

ဖုန်လုံးတွေလည်း လိမ့်လို့၊ လူးလို့ပေါ့ကွာ။

အံ့စရာပဲဟော့။

စောင်ခြုံပေးထားတဲ့ လှမမာကိုကြီးစိန်ရယ်၊ လေတိုက်သံများ ငြိမ်လည်းသွားရော၊ စောင်ခြုံကြီးမ,လို့ ကုန်းထလာပါရောလေဟာ။

"သား ..."

"လူလေး ... မောင်ကြီးစိန်"

"အမေ ... အဖေ ..."

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"လူလေး …ငါ့သားကြီး၊ သတိရပြီနော် …နော်"

"ရပြီ အဖေ"

"အမယ်လေး ဝမ်းသာလိုက်ပါဘိ သားကြီးရဲ့ …ဟီး"

အင်း …သူတို့ခမျာ ဝမ်းနည်းရင်ရင် ငိုကြရဲ့၊ ခု သားသတိပြန်ရတော့လည်း ဝမ်းသာလို့ အားရပါးရ အော်ဟစ်ငိုကြလေရဲ့။

ကြီးစိန် ပြန်သတိရပြီး သူကောင်းအတိုင်း ဖြစ်နေပြီဆိုတဲ့ သတင်းလည်းကြားရော ရွာထဲရှိလူအားလုံးနီးပါးရောက်လာပြီး မေးကြမြန်းကြပေါ့။

ဒီမှာ ဘယ်လိုဖြစ်ပြီး မရမ်းပင်ပေါ်ကနေ ပြုတ်ကျရသတုံးလို့ ဝိုင်းမေးကြတော့ ကိုကြီးစိန်က အမှန်အတိုင်း ပြောပြတယ်။

မနန်းရွှေတို့သားအမိဆင်းရဲလို့ ရောင်းစားရအောင် မရမ်းသီးခူးပေးတုန်း မရမ်းပင်လှုပ်လို့ ခါချဉ်များ၊ ပုရွက်များကိုယ်ပေါ်ပြုတ်ကျရင်း သူပါ ပြုတ်ကျသည့်အကြောင်း ပြောပြတာပေါ့။

မေ့မြောနေတုန်း ဘယ်ရောက်သွားသေးလဲလို့ ပယောဂဆရာကြီးနဲ့ ဗိန္ဓောဆရာကြီးတို့ကမေးတော့ သူသချိုင်းမှာနေတယ်တဲ့။ သချိုင်းကုန်းမှာရောက်နေတုန်း မနန်းရွှေရဲ့ သေဆုံးသွားတဲ့ယောကျ်ား လူဝံလိုလို ပယောဂဆရာကြီးရဲ့ ဝိညာဉ်နဲ့လည်း တွေ့ခဲ့ရတယ်လို့ ပြောသကွ။

သေဆုံးသူဝိညာဉ်ဆရာကြီး ဦးဗေဒါက သူနဲ့အတူလာနေပါတဲ့။ အခုမှ အဖော်ရပြီလို့လည်း ပြောသတဲ့။

ဒီမှာသူက ကျုပ် ခင်ဗျားတို့နဲ့ အတူမနေဘူး။ နေချင်းနေရင် မနန်းရွှေနဲ့ အခြားမြို့ရွာကို ပြောင်းနေမယ်လို့ ဘုတောပြီး ပြန်ပြေးချိန်မှာပဲ ခုလို သတိရလာတာလို့ ပြောပါရော။





တစ်ဆက်တည်း ကြီးစိန်ကမေးရော …

"ကျွန်တော့်ကို ဘယ်သူကပေးတာလဲ အမေ"

ပထမတော့ မပြောကြဘူး။ နောက်ဆုံး ဆရာဦးကြီးရွှေက မနန်းရွှေကိုယ်တိုင် သူ့ရဲ့ သစ္စာပညာ၊ အဓိဋ္ဌာန်ပညာ၊ ဆေးဝါးပညာနဲ့ လာရောက်ကုသပေးလို့ မင်းအသက်ရှင်ရတာလို့ ပြောရော ကိုကြီးစိန် အရမ်းကို ဝမ်းသာသွားပါရောကွာ။

ဒါဆို မနန်းရွှေကို ကျေးဇူးဆပ်ရမှာပေါ့လို့ပြောပြီး ချက်ချင်းပဲ သွားမယ်လုပ်ရော အားလုံးက ဝိုင်းတားကြရတယ်။

"မသွားနဲ့ဦး မောင်ကြီးစိန်"

"ဘာဖြစ်လို့လဲ အဘဆရာကြီး။ သူဟာ ကျွန်တော့်ရဲ့ အသက်သခင်ကျေးဇူးရှင် မဟုတ်ဘူးလား။ ကျေးဇူးတင်စကား သွားပြောရမှာပေါ့ဗျာ"

"နေဦး မောင်ကြီးစိန်။ လူကလေးခုမှ ကံကြီးကံကောင်းလို့ အသက်ပြန်ရှင်လာတာ။ အချိန်က နေဝင်ရီတရော အပုပ်ချိန်ကြီး။ ဒီအချိန် သချိုင်းကုန်းကို မသွားကောင်းဘူး။ နက်ဖြန်မိုးလင်းရင် မင်းတရော်ကင်ပွန်းနဲ့ ခေါင်းလျှော်ရေချိုးပြီး ခန္ဓာကိုယ်ကိုသန့်စင်လို့ အမွှေးနံ့သာဖျန်းရမယ်။ ဘုန်းတန်ခိုးကြီးအောင် ဘုရားရှိခိုး သိဒ္ဓိတင်ရမယ်။ ပြီးမှ …လူကလေးရဲ့ကျေးဇူးရှင် မနန်းရွှေကို သွားတွေ့လိုက်ပါ လူကလေး"

ဒါနဲ့ လူကြီးသူမ ဆရာကြီးများရဲ့ ဆိုဆုံးမစကားကို နားထောင်ပြီး အစားအစာများ အားရပါးရစားလို့ ဒီတစ်ည မြန်မြန်မိုးလင်းပါစေဆုတောင်းပြီး အိပ်ပစ်လိုက်လေရဲ့။

www.burmeseclassic.com

www.burmeseclassic.com

| ၉ |

❑

မိုးလည်းလင်းရော မိဘများ စီစဉ်ပေးသည့်အတိုင်း တရော်ကင်ပွန်းနဲ့ ခေါင်းလျှော်၊ ရေချိုး၊ အမွှေးနံ့သာများ လိမ်းကျံပြီး ဘုရားဝင်ရှေ့မှာ ဘုရားရှိခိုးလိုက်တယ်။

ပြီးတာနဲ့ ထမင်းကြမ်းနဲ့ ပဲပြုတ်ဆီဆမ်းစားသောက်ပြီး သချိုင်းကုန်းရှိရာကို အပြေးကလေးလာခဲ့လိုက်တယ်။

မနန်းရွှေကို ကျေးဇူးစကားတွေ အများကြီးပြောစရာရှိနေတယ်လေ။

မနန်းရွှေက သူမကို သူ မရမ်းသီးစားဝေချင်မှန်း ကြိုးစားတာကိုသိတယ်။ မတက်ပါနဲ့လို့ သတိပေးတာလည်း မနန်းရွှေပဲ။ တားသည့်ကြားက ကျွေးချင်လွန်းလို့ အရဲစွန့်တက်ခဲ့ပြီး သေကောင်ပေါင်းလဲဖြစ်ခဲ့ရတာလည်း သူပဲ။





အခု ခင်မင်ရသူ မနန်းရွှေကြောင့် သူ အသက်ပြန်ရှင်ခွင့်ရပြီး ကျေးဇူးစကားများကို အားရဝမ်းသာ သူမရဲ့ ဖြူဖွေးသန့်စင်သည့် မျက်နှာလေးကို တစိမ့်စိမ့်ကြည့်ရင်း ပြောပြမည်။

သူ မနန်းရွှေကို ရင်နှင့်အမျှ ခင်မင်သည်။

သံယောဇဉ်ဖြစ်နေသည်။ သနားနေမိသည်။

ချစ်သည်ဆိုသည့်စကားကို တစ်နေ့နေ့ တစ်ချိန်ချိန် ပြောပြမည်ဟုလည်း ရင်ထဲမှာ ပိုင်းဖြတ်ထားသည်။

အခြေအနေပေးရင် ဒီနေ့ပြောချင်လည်း ပြောလိုက်မည်။ ကိုကြီးဝိန် လုပသောစိတ်ကူးများနဲ့ သချိုင်းအစွန်ရှိ မနန်းရွှေတို့တဲရှေ့သို့ ရောက်လာခဲ့တယ်။

"မနန်းရွှေ ... မနန်းရွှေရေ"

"ဗေဒါလေးရေ ... ဟေ့ ... ဗေဒါလေး"

"မနန်းရွှေ ..."

ထူးသံမကြားရဘူး။ ဒီနေ့ စနေနေ့၊ စနေနေ့ဆို သူမရဲ့မွေးနေ့မို့ မနန်းရွှေ ဈေးရောင်းထွက်လေ့မရှိ။

သို့နှင့် တဲသို့ဝင်ကြည့်လိုက်တော့ ...

မနန်းရွှေလည်း မရှိ၊ ဗေဒါလေးလည်း မရှိ။

စားအိုးစားခွက်နှင့် စောင်၊ ခေါင်းအုံးများလည်း မရှိတော့။ သူ မနန်းရွှေရဲ့အမည်ကို တကြော်ကြော်အော်ခေါ်ရင်း သချိုင်းကုန်းအနှံ့ အရူးတစ်ယောက်လို လိုက်ရှာခဲ့သည်။ သည့်နောက် သချိုင်းကုန်းဝန်းကျင်မှာ ရှာလို့မတွေ့တော့။ နီးရာရွာထဲကို လိုက်မေးကြည့်၊ ရှာကြည့်တယ်။

အရိပ်အယောင်တောင် မတွေ့ရတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး နီးရာအိမ်တစ်အိမ်ကို ဝင်မေးကြည့်လိုက်ရော။

"မနန်းရွှေလား ...။ မနန်းရွှေ မနေ့ညနေပိုင်းက သူ့ကလေးလေးချီပိုးပြီး အိုးခွက်တွေနဲ့ ထွက်သွားတာပဲ။ ကျွန်မတို့က မေးတော့ ခြေဦးတည့်ရာသွားတော့မယ်လို့ ပြောသွားတာပဲ ကိုကြီးစိန်"

"အို ...ဖြစ်မှဖြစ်ရပလေ ...မနန်းရွှေရယ်"

ကိုကြီးစိန်က အဲဒီနေ့တစ်နေ့လုံး မနန်းရွှေတို့သားအမိကို နေရာအနှံ့အပြား လိုက်ရှာခဲ့ပေမဲ့ နေသာဝင်သွားရော၊ မနန်းရွှေတို့သားအမိရဲ့ အရိပ်အယောင်ကို မေးမြန်းစုံစမ်းလို့ မရတော့ပါဘူး ... မောင်မှိုင်းရယ်။

နောက်နေ့ နောက်နေ့များမှာ ( ...)သချိုင်းကုန်း မနန်းရွှေတို့သားအမိ ပြန်လာလေမလားလို့ သချိုင်းကုန်းတဲလေးကနေ နေ့စဉ်စောင့်နေပေမဲ့ ရာသီတွေ အလီလီသာပြောင်းရော သူမတို့သားအမိ လုံးဝပေါ်မလာခဲ့တော့ဘူး။

ကိုကြီးစိန်ကတော့ ...

နောက်ဆုံး ရဲဘော်ဖြူဗိုလ်ဘဝ ရောက်သွားသည့်တိုင်၊ အချုပ်ထဲ ထောင်ထဲရောက်သွားသည့်တိုင် သူ့ရဲ့ငယ်သံယောဇဉ် မနန်းရွှေကို လုံးဝမမေ့ဘူးဆိုတာ သူကွယ်လွန်အနိစ္စ ရောက်သွားသည့်တိုင် ရင်နင့်စရာဇာတ်ကြောင့်တစ်ခုအဖြစ် ပြောပြသွားခဲ့လေရဲ့ ...စာရေးဆရာကြီးရယ်။

❧ ❧ ❧

မောင်ညိုမှိုင်း(သန့်လျှင်)



www.burmeseclassic.com

www.burmeseclassic.com

| ၁ |

❑

အဲဒီအချိန်ဟာ ကျွန်တော့်ဘဝမှာ အထိတ်လန့်ဆုံးနဲ့ အကြောက်ဆုံး အချိန်ပါပဲဗျာ။

တုန်လှုပ်တာမှ ပြောပြစရာ စကားလုံးတောင်မရှိဘူး။

စိတ်ရဲ့ ထူးခြားဆန်းကြယ်မှုလို့ ပြောရမလား။

ခင်ဗျားတို့သုံးနှုန်းတဲ့ ဂမ္ဘီရလို့ ပြောရမလား။

ဝိညာဉ်လို့ပဲ ပြောရမလား။

ဝိဇ္ဇာနည်းနဲ့ ပြောတဲ့သူတွေက တစ်မျိုးပြောနိုင် ယူဆနိုင်သလို၊





သိပ္ပံနည်းနဲ့ပြောတဲ့သူတွေက တစ်မျိုး ကောက်ချက်ဆွဲကြမှာပဲ။

ကျွန်တော်ကတော့ ဘာမှ အမည်မပေးတတ်ဘူး။

ကျွန်တော်ပြောတာကိုလည်း ခင်ဗျား ယုံချင်မှယုံမယ်။

ကျွန်တော်ပဲ စိတ်ထဲထင်ရာ ပြောနေတာလား။

ဇာတ်လမ်းထွင်ပြီး စိတ်ဝင်စားအောင် လုပ်နေတာလား။

လူကပဲ ပေါက်သွားလို့လား။

ခင်ဗျား တွေးချင်တွေးနိုင်ပါတယ်။

ကျွန်တော်ကတော့ ကျွန်တော်ဖြစ်ခဲ့တာ အမှန်ပဲလို့ ယုံကြည်တယ်။

ခင်ဗျားလည်း ဒီလိုမျိုးအကြောင်းတွေ ဖတ်ဖူးမှာပါ။

ကိုယ့်ကို ခွဲစိတ်နေတာကို ...

ကိုယ်က အပေါ်ကစီးပြီး ကြည့်နေမြင်နေရတာလောက်

ရင်တုန်စရာကောင်းတာ ရှိမလား။

ကိုယ့်ကို အသေသတ်နေတာကို

ဘေးကနေ မျက်ဝါးထင်ထင် မြင်နေရတာလောက်

သွေးပျက်စရာကောင်းတာ ရှိမလား။

ကိုယ့်ကို သစ္စာဖောက်၊ နောက်ကျောက ဓားနဲ့ထိုးတာကို

ကိုယ်တိုင် တွေ့သိနေရတာလောက်

အံ့သြ စိတ်ပျက်စရာကောင်းတာ ရှိမလား။

ကျွန်တော့်နေရာကနေ ခင်ဗျားနေကြည့်ပါဗျာ။

ဆေးရုံရဲ့ ခွဲစိတ်ခန်း ခုတင်ပေါ်မှာ

ကျွန်တော်က မလှုပ်မယှက်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



မေ့ဆေးက ပေးထားတယ်ဗျာ။

ကိရိယာတန်ဆာပလာတွေနဲ့ ခွဲစိတ်ဖြတ်တောက် လှီးထုတ်နေကြတာ။

အမဲကောင်ကို ဖျက်နေသလိုပဲလို့ ကျွန်တော် တွေးမိတယ်။

သူငယ်ချင်း နှလုံးခွဲစိတ်ဆရာဝန် 'ကာရာနေ့'က

ခွဲစိတ်စားကိုင်လို့။

သူ့မျက်လုံးတွေက အေးခဲစေးပျစ်နေတယ်။

ခွဲစိတ်ခန်းအပြင်ဘက်အဝမှာ ...

ကျွန်တော့်ဇနီး မယားက စိတ်လှုပ်ရှားစွာရပ်လို့။

ဆေးရုံရဲ့ ညှိုဆောင်ခုံတန်းပေါ်မှာ ...

အမေက ရင်ကိုဖိပြီး ရှာရှားစာတွေ၊ ဂုဏ်တော်တွေရွတ်လို့။

ကျွန်တော်က

သေမင်းနဲ့ စစ်ခင်းနေတာ။

မဟုတ်ဘူး ... မဟုတ်ဘူး။

သေမင်းထံမှာ လည်စင်းခံနေရတာ။

မဟုတ်ဘူး။ အဲဒီလိုလည်း မဟုတ်ဘူး။

လူသတ်သမားရှေ့မှောက်မှာ

ကိုယ့်ကိုယ်ကိုယ် ထိုးအပ်ပြီး စတေးခံနေမိတာ။

■ ■ ■

| ၂ |

❑

ကိုယ့်သူငယ်ချင်း လက်ရုံးသည် အောင်မြင်သော စီးပွားရေး ုပ်ငန်းရှင်တစ်ဦး ဖြစ်သည်။ သူပိုင် စီးပွားရေးလုပ်ငန်းများ လေးငါးခု က ရှိ၏။ စက်မှုဇုန်တွေမှာ စက်ရုံတွေရှိ၏။ နိုင်ငံခြားနှင့် သွင်းကုန် ုတ်ကုန် အပို့အသွင်းလုပ်၏။

ကိုယ့်အထင် ...

မြန်မာပြည်တွင် သူဌေးသူကြွယ်စာရင်းကောက်ယူလျှင် လက် ုသည် နံပါတ် (၁၀)အတွင်းမှာ ရှိတ်နိုင်၏။

သို့သော် သူသည် မိဘအစဉ်အဆက် ချမ်းသာလာသူဌေး ုတ်။ မိဘက အသင့်အတင့်ချမ်းသာသည့် စာရင်းထဲမှာ ပါနိုင်ရုံမျ



www.burmeseclassic.com

www.burmeseclassic.com



သာ။ မိဘ၏အမွေကိုခံယူပြီး အဆပေါင်းများစွာ တိုးတက်အောင် လုပ်နိုင်သည်မှာ သူ၏အရည်းအချင်းကြောင့်ပဲ ဖြစ်သည်။ နိုင်ငံခြားမှ လေ့လာသင်ယူခဲ့သော စီးပွားရေးပညာ၊ သူ၏ ကွက်ကျော်မြင်တတ်မှု၊ အခွင့်အရေးကို အသုံးချတတ်မှု၊ ပေါင်းသင်းတတ်မှု၊ ထောင်မြင်လျှင် ရာစွန့်တတ်မှု စသော အဘက်ဘက်မှ အရည်အချင်းကောင်းများ ပေါင်းရုံးလာတော့လည်း သူမချမ်းသာလျှင် အဘယ်မှာနေပါတော့မည်နည်း။

လက်ရုံးတွင် ဖခင်မရှိတော့။

လက်ရုံး နိုင်ငံခြားတွင် ပညာသင်နေစဉ်မှာပင် ကွယ်လွန်သွားခဲ့၏။ ထို့ကြောင့် မိခင်ဖြစ်သူ ဒေါ်ကြည်ကြည်လှနှင့်သာ အမေတစ်ခု သားတစ်ခု ဖြစ်လာရသည်။ လက်ရုံးတွင် ညီအစ်ကိုမောင်နှမ အရင်းအချာမရှိသလို၊ ဝမ်းကွဲဆွေမျိုး ဉာတိလည်း နည်းပါးလှ၏။ လက်ရုံး စီးပွားရေးတွင်သာ အချိန်ပြည့် အာရုံစိုက်သူမို့ အပေါင်းအသင်းကလည်း များများမရှိ။

ငယ်သူငယ်ချင်းဖြစ်သော 'ကိုယ်'သည်သာ သူ၏ တစ်ဦးတည်းသော သွေးမစပ်ညီအစ်ကို၊ သို့မဟုတ် တိုင်ပင်ဖော် တိုင်ပင်ဖက် ဖြစ်ခဲ့၏။

ကိုယ်က လက်ရုံးထက် အသက်ကြီးသည်။ ထို့ကြောင့် သူက ကျွန်တော့်ကို 'ခင်ဗျား' 'ကျွန်တော်'နှင့် သုံးနှုန်းခေါ်ဝေါ်သည်။

'ခင်ဗျားက စာရေးဆရာလုပ်ပြီး မွဲဆေးဖော်နေတယ်။ စီးပွားရေး လုပ်ဗျာ။ ကျွန်တော် ကူညီမယ်။ ဒါမှမဟုတ်ရင်လည်း ကျွန်တော့် စက်ရုံတစ်ခုခုမှာ လာပြီးအုပ်ချုပ်ဗျာ'ဟု လက်ရုံးက ကိုယ့်ကိုခေါ်တတ်၏။ ပြောတတ်၏။

ကိုယ်က ပြုံးသည်။





"ကဗျာတစ်ပုဒ်၊ ဝတ္ထုတစ်ပုဒ် စာမျက်နှာပေါ်မှာ ပါလာလို့ ကျေနပ်ပီတိဖြစ်ရတဲ့ အရသာဟာ မောင်ရင် စက်ရုံသစ်တစ်ရုံတိုးပြီး ဖွင့် လှစ်လိုက်လို့ရလာတဲ့ ကျေနပ်ပီတိဖြစ်ရတဲ့ အရသာထက် ပိုတယ်လို့ ကိုယ်ထင်တယ်"

ကိုယ့်စကားကြောင့် သူကလည်း ပြုံးသည်။

"ခင်ဗျားတို့ စာပေအနုပညာသမားတွေဟာ ရူးသွပ်နေကြသူတွေပဲ"

"မှန်တယ် လက်ရုံး။ ကိုယ်ချစ်တဲ့စာပေအနုပညာမှာ ရူးသွပ်နေကြတဲ့သူတွေပါ။ ဒါပေမဲ့ စာပေအနုပညာကို မက်မောစွာတွယ်တက်ရင်း ဒုက္ခရေစီးကို ဆန်နေကြရတဲ့တိုင်အောင် နှလုံးသားကိုတော့ အမြဲကို အရောင်မဆိုးကြဘူးကွ ... မင်းသိလား"

"မသိဘူး။ ကျွန်တော်သိတာက ဓာတ်နန်းဆန်တွေပဲ"

"ဒါလည်း မှန်တာပဲ။ မောင်ရင်က ဓာတ်နန်းဆန်တွေနဲ့ပဲ ကျင်လည်ကြီးပြင်းနေတာ။ နှလုံးသားကို နေရာမပေးဘူး။ ပြောရရင်တော့ မင်းဟာ သိပ်ချမ်းသာတဲ့ စက်ရုပ်ပဲ။ လူနဲ့မတူဘူး"

သူ ရယ်သည်။ ရယ်သည်မှ ဟက်ဟက်ပက်ပက်ပါပင်။

ကိုယ် ဝေဖန်သည်မှာ မမှားပါ။

လက်ရုံးသည် အသက်သုံးဆယ်ကျော်၊ လေးဆယ်နားသို့ ချဉ်းလာသည့်တိုင် ချစ်သူမရှိခဲ့။ မရှိသေး။ အိမ်ထောင်လည်း မပြုသေး။

မိခင် ဒေါ်ကြည်ကြည်လှက အိမ်ထောင်ချပေးရန် ရွေးချယ်ပေးလာမှန်သမျှကိုလည်း လက်ရုံးက ပယ်ချခဲ့သည်ချည်းသာ။ တစ်ယောက်မှ သူ့အကြိုက်မတွေ့။

ဒါကလည်း အကြောင်းရှိချက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ် . . . မိန်းမတွေကို စီးပွားရေးလောက် စိတ်မဝင်စားခြင်းနှင့်၊

နှစ် . . . နှလုံးသား အိပ်ပျော်နေခြင်းတို့ပင် ဖြစ်သည်။

အချစ်ဆိုသည်က နီးချိန်တန်မှ နီးသည့်အရာဖြစ်၏။ မွေးမြူရှာရကောင်းသော အရာမဟုတ်။ ဖန်တီးလျှင် သံယောဇဉ်ကို ရချင်ရနိုင်၏။ အချစ်စစ်ဟူ၍ကား မဆိုနိုင်။

နိုင်ငံခြားမှ ပြန်ရောက်လာပြီးနောက် စီးပွားရေးမှာပင် နစ်မျောနေသောသူ့အား အိမ်ထောင်ပြုရန် ကိုယ်တိုက်တွန်းသည်။ ဒါက သူ့မိခင် ဒေါ်ကြည်ကြည်လှက သူ့အား နားချပေးရန် အကူအညီတောင်းသောကြောင့် ဖြစ်သည်။

"ခင်ဗျားကို မေမေက ရှေ့နေငှားလိုက်ပြီထင်တယ်။ ဖြည်းဖြည်းပေါ့ဗျာ။ အချိန်တွေရှိပါသေးတယ်။ ပြောရရင် ခုထိ ကျွန်တော့်ရင်ကို လှုပ်ခတ်စေနိုင်တဲ့သူ မရှိသေးဘူးဗျ"

လက်ရုံးက ဤသို့ ကိုယ့်ကို ပြန်ပြောသည်။

"မင်း . . . လုံးဝ မတွေ့သေးတာလား"

"ဟုတ်တယ်"

ကိုယ် ဘာတတ်နိုင်ပါမည်နည်း။

သို့သော် . . .

ကိုယ် စောစောကပြောခဲ့သလို နှလုံးသားက နိုးလာပြန်တော့လည်း အချစ်က ကြိမ်စကြာနှင့်ရိုက်သလို လက်ရုံးကို မနေနိုင်မထိုင်နိုင်ဖြစ်စေပြန်တော့သည်။

ကြည့် . . .။

ထိုင်းသို့ စီးပွားရေးကိစ္စနှင့် ခရီးထွက်ပြီးပြန်အလာမှာ လက်ရုံး





ထံမှ ကိုယ် ထူးဆန်းသောစကားကို ကြားရသည်။

"ကိုစော . . . ခင်ဗျားတို့ဆန္ဒ ပြည့်ပြီ"

"ဘာလဲကွ။ ဘာဆန္ဒပြည့်တာလဲ"

"ကျွန်တော် မိန်းမယူတော့မယ်"

"ဟေ . . ."

"ကျွန်တော့်မှာ ချစ်သူရှိနေပြီ"

ကိုယ် ပါးစပ်အဟောင်းသားဖြင့် သူ့ကိုကြည့်မိ၏။

"မင်း နောက်နေတာလား"

"တကယ်ပြောတာ"

တကယ်ပင် သူသည် သူ့ချစ်သူကို ကိုယ့်ထံ ခေါ်လာကာ၏။

"သူ့နာမည်က မူယာတဲ့"

လှတော့ လှသည်။ အတော့်ကိုလှသည် ပြောရမည်။ သို့သော် ကိုယ့်မျက်စိထဲမှာတော့ မူယာ့အလှက မှုလောင်နေ၏။ စာရေးဆရာ မျက်လုံးဖြင့် ကြည့်သည်ဟု ဆိုချင်ဆို။ မူယာ့ကို ကိုယ်အမှတ်ပြည့် မပေးမိ။

လှ၏။ လွှယ်၏။ သို့သော် လည်၏ ဆိုသလိုမျိုးများ ဖြစ်နေသလား။

မူယာသည် မြန်မာမလေးဖြစ်၏။ သို့သော် လက်ရုံးက မူယာ့ကို ဘန်ကောက်တွင်တွေ့ခဲ့ခြင်း ဖြစ်သည်။ ဘယ်ပုံတွေ၍ ဘယ်သို့ချစ်သူဖြစ်ခဲ့သည်ဆိုသည်ကိုမူ ကိုယ်မသိ။ မေးရမှာလည်း အားနာသည်။

ကိုယ်သိရသလောက် အလုပ်ကိစ္စနှင့် သွားရင်း လက်ရုံး ဘန်ကောက်မှာ ခေတ္တခဏဆေးရုံတက်ရသည်။ ဒါက သူ၏ မွေးရာပါနှလုံး



www.burmeseclassic.com

ရောဂါကြောင့်ဖြစ်၏။

ရောဂါအကြောင်း ကိုယ် တိတိပပ မပြောတတ်ပါ။ လက်ရုံး၏နှလုံးရောဂါက နှလုံး၏အလုပ်လုပ်မှု ပုံမှန်ခြင်းဖြစ်ပြီး မကြာခဏ ဆိုသလို မောတတ် မောက်တတ်၏။ စိတ်စိုးမှုများသောအခါ ပိုဖြစ်တတ်၏။ လက်ရုံး၏မိခင် ဒေါ်ကြည်ကြည်လှနှင့် ရင်းနှီးပြီး လက်ရုံးပြသနေကျဖြစ်သော နှလုံးအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဘုန်းရောင်က လက်ရုံး၏နှလုံးမှာ အချိန်မရွေး ဒုက္ခပေးနိုင်ကြောင်း အလုပ်ကိုလျှော့၍ နားနားနေနေ နေရန်နှင့်၊ သို့မဟုတ်လျှင် နှလုံးကို အစားထိုးကုသရန် အကြံပေးရသည်။

လက်ရုံးက အလုပ်ကိုလည်း မလျှော့။ နှလုံးအစားထိုးကုသဖို့လည်း စိတ်မကူး။

ထိုစဉ် သူ ထိုင်းသို့ သွားခြင်းဖြစ်၏။

အလုပ်ကိစ္စတွေများပြားပြီး အိပ်ရေးပျက်ရာက နှလုံးရောဂါထဖောက် Far East Hospital တွင် တစ်ပတ်ခန့် ဆေးရုံတက်လိုက်ရသည်။ ထိုဆေးရုံမှ နှလုံးအထူးကု ခွဲစိတ်ဆရာဝန် 'ကာရာနော့'က အင်္ဂလန်တွင် လက်ရုံးနှင့် ရင်းနှီးခဲ့သူ။ ကိုယ့်လိုပင် ယုံကြည်အားကိုးရသော မိတ်ဆွေကောင်းဟု သူပြောဖူးသည်။ ဆင်းရဲသားဘဝမှ အပတ်တကုတ်ကြိုးစားသင်ယူရင်း ထောက်ပံ့ပေးသူ ကုသိုလ်ရှင်တစ်ဦးကြောင့် ယခုလို နှလုံးအထူးကု ခွဲစိတ်ဆရာဝန်ကြီးဖြစ်လာသည်ဟု လက်ရုံးက ပြောပြဖူးသည်။ ကာရာနော့မှာ ကိုယ်နှင့်ရွယ်တူခန့်ပင်ရှိဦးမည်။

မှုယာက ထို Far East Hospital ဆေးရုံမှာ ယခင်က သူနာပြုဆရာမလုပ်ဖူးသည်။ လက်ရုံးဆေးရုံတက်နေခိုက် မှုယာက သူမ၏ဆွေမျိုးတစ်ဦးကို သတင်းလာမေးရာမှ လက်ရုံးနှင့်တွေ့ခဲ့ပုံရသည်။





ချစ်သူဖြစ်မြန်သည်ကိုမူ ကိုယ့် စိတ်တွင် ဘဝင်မကျ။

"မှုယာက ဒီမှာပဲနေတာ။ ကျွန်တော်နဲ့သူ လက်ထပ်ဖို့အစီအစဉ်ဆွဲနေပြီ"

လက်ရုံးက ပြောပြသည်။

"မောင်ရင့်အမေကို ပြောပြီးပြီလား"

"မပြောရသေးဘူး"

"မောင်ရင့်အမေက သဘောတူပါ့မလား"

"တူမှာပါ။ မေမေက ကျွန်တော့်ကို အိမ်ထောင်ပြုစေချင်တာပဲဟာ"

"ကွန်ဂရက်ကျူလေးရှင်းပါပဲ သူငယ်ချင်း"

ကိုယ် စိတ်ထဲမှာမူ လေးနေခဲ့သည်အမှန်။ မှုယာ့ကို ဒေါ်ကြည်ကြည်လှက သဘောကျပါ့မလား။ လက်ရုံးနှင့် သဘောတူပါ့မလား။

မကြာမီမှာပင် ဒေါ်ကြည်ကြည်လှက ကိုယ့်ကို ခေါ်တွေ့ခဲ့သည်။

"ကိုစော ...၊ မင်းသူငယ်ချင်းကို ပြောပါဦး"

"ဘာကိုလဲ အန်တီ"

"သူ မိန်းမယူတော့မယ်တဲ့။ မင်းကို မပြောပြဘူးလား"

"ပြောပါတယ်"

"သူ့ကောင်မလေးကို မင်းတွေ့ပြီးပြီလား"

"ဟုတ်ကဲ့"

"မင်း ဘယ်လိုမြင်လဲ"

ကိုယ် အဖြေရခက်သွားသည်။ သူတစ်ပါး၏အရေးကိစ္စတွင် ကိုယ့်စကားတစ်ခွန်းသည် အနှောင့်အယှက် မဖြစ်စေချင်။

www.burmeseclassic.com



"အန်တီ ဘယ်လိုသဘောရလို့လဲ"

ကိုယ်က အခြေအနေကို အနည်းငယ်ရှောင်လွှဲကာ မေးခွန်း ပြန်ထုတ်သည်။ ဒေါ်ကြည်ကြည်လှ သက်ပြင်းချသည်ကို တွေ့ရ၏။

"အန်တီက မိန်းမချင်းဆိုတော့ သိတယ်။ မှုယာဟာ မှုမမှန်ဘူး"

ကိုယ့်အမြင်နှင့် မကွာခြားပါ။

"မှုယာဟာ လှတော့လှတယ်။ လှတာကြောင့်လည်း မိန်းကလေးနဲ့ပတ်သက်ရင် အရိုင်းဖြစ်တဲ့လက်ရုံးဟာ မှုယာ့ကို တန်းတန်းစွဲ ဖြစ်ခဲ့တယ်၊ မှုယာ့ကြည့်ရတာ အရိုင်းမဟုတ်ဘူး။ ပြီးတော့ မှုယာ့ မျက်လုံးတွေက မရိုးသားဘူးလို့ အန်တီထင်တယ်"

ကိုယ် ဘာမျှမပြောဘဲ ငြိမ်နေမိ၏။ မကန့်ကွက်ခြင်းဟုယူ သော် ရနိုင်ပါ၏။

"အန်တီလေ့လာကြည့်တော့ မှုယာဟာ မိဘမျိုးရိုး သိပ်ပြီး မကောင်းလှဘူး။ ပစ္စည်းမရှိတာကို အန်တီမပြောလိုပါဘူး။ ဂုဏ်သိက္ခာ၊ အကျင့်စာရိတ္တ စတာတွေတော့ အရေးကြီးတယ်လို့ အန်တီထင်တယ်။ မှုယာက ဒီမှာ မိသားစုနဲ့အဆင်မပြေဖြစ်ပြီး ထိုင်းကိုထွက်သွားတယ်။ ထိုင်းမှာ အလုပ်လုပ်တယ်။ အဲဒီမှာ သားနဲ့တွေ့ခဲ့ရတာပဲ။ မင်းစဉ်းစား ကြည့် ကိုဇော။ မှုယာရဲ့ Life၊ မှုယာရဲ့ Character"

ကိုယ့် ဝေဖန်ချက်မပေးလိုရှိ၍ နှုတ်ဆိတ်နေရသည်။

"မင်းသူငယ်ချင်းကတော့ အမေရဲ့သဘောကိုတောင် လက်မခံနိုင်တော့တဲ့အဆင့် ဖြစ်နေပြီ။ အန်တီက စဉ်းစားပါဦးဆိုတာကို သူ့ဘက်က အလျှော့မပေးတော့ဘူး။ လက်ထပ်တော့မယ် တကဲကဲပဲ။ မင်း ကြည့်ပြောပါဦး။ အိမ်ထောင်မှုဆိုတာ တစ်ဘဝအရေး မဟုတ်လား။





မမှားစေချင်ဘူး"

"ကျွန်တော် ပြောကြည့်ပါဦးမယ်"

ကိုယ်က ဒေါ်ကြည်ကြည်လှကို မယုတ်မလွန် ကတိပေးခဲ့ သည်၊ လက်ရုံးကိုပြောဖို့အရေးမှာ အောင်မြင်မှုရမည်မဟုတ်ကြောင်း ကိုယ် သိနေသည်လေ။

ကိုယ် သိသည့်အတိုင်းပင် လက်ရုံးကို ဆွေးနွေးသောအခါ လက်ရုံးက ရယ်သည်။

"ကျွန်တော် ကလေးမဟုတ်တော့ပါဘူးဗျာ။ မှုယာ့ကို အကဲခတ်တတ်ပါတယ်။ မှုယာဟာ ခေတ်ဆန်ပေမဲ့ စိတ်ရင်းကောင်းပါ တယ်။ မေမေက မှုယာ့ကို ခေတ်ဆန်လို့ သဘောမကျတာပါ၊ အတူ နေကြည့်ရင် မှုယာ့သဘောကိုနားလည်ပြီး ချစ်သွားမှာပါ"

ကိုယ် ဘာပြောဖို့လိုပါတော့မည်နည်း။

လက်ရုံးနှင့်မှုယာတို့ မင်္ဂလာကိစ္စအစီအစဉ်တွေ ပြုနေဆဲကြား ကာလမှာပင် လက်ရုံး၏နှလုံးရောဂါက ဖောက်လာ၏။ ဆရာဝန်ကြီး ခေါက်တာ ဘုန်းရောင်က 'ဒီတစ်ခါတော့ မင်း စွန့်စွန့်စားစားနဲ့သာ ခွဲဖြတ်ပေတော့၊ နှလုံးအစားထိုးကုဖို့သာ စဉ်းစားပေတော့"

ဟု ပြောခဲ့သည်။

"ကျွန်တော် ကြောက်တယ်"

လက်ရုံးက နှလုံးခွဲစိတ်ကုရမှာကို ကြောက်ကြောက်နှင့် ကိုယ့်ကို ရင်ဖွင့်ပြ၏။

ဒေါ်ကြည်ကြည်လှက ...

"တစ်ဘဝလုံးစာကို ကြည့်ရမှာဖြစ်လို့ မင်းစဉ်းစားသင့်တယ်။ ဆရာဝန်ကြီးရဲ့ အကြံပြုချက်ကို မင်း မပစ်ပယ်သင့်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု သူ့ကိုတိုက်တွန်းသည်။ ကိုယ်ကလည်း ...

"မင်းမှာ ဆေးကုသဖို့ ပိုက်ဆံမရှိတာမှ မဟုတ်တာ။ ဆေးပညာတွေကလည်း သိပ်ကိုတိုးတက်နေပြီလေ။ မင်းခွဲစိတ်ကုသဖို့ကို မကြောက်စေချင်ဘူး"

ဟု အားပေးခဲ့သည်။

ကိုယ်တို့နှင့်တွေ့စဉ် ကြောက်သည်ဟုပြောခဲ့သော လက်ရုံးမှာ မှုယာနှင့်တွေ့ပြီးသောအခါ အချစ်၏ ခွန်အားကြောင့်ပေပဲလားမသိ။ သတ္တိတွေ ပြည့်မောက်နိရဲသွားခဲ့လေသည်။

"ကျွန်တော် ခွဲစိတ်ဖို့ဆုံးဖြတ်လိုက်ပြီ။ ဒါပေမဲ့ ဒီမှာတော့ မခွဲစိတ်ချင်ဘူး။ ထိုင်းမှာခွဲမယ်။ Far East Hospital မှာခွဲမယ်။ သူငယ်ချင်း ကာရာနေ့က အဲဒီမှာ ခွဲစိတ်အထူးကုဆရာဝန်ကြီးပဲ။ မှုယာတလည်း အဲဒီလိုပဲ တိုက်တွန်းတယ်"

ကိုယ် စိုးရိမ်သွားသည်။

"ထိုင်းမှာကျတော့ မိဘဆွေမျိုး၊ သူငယ်ချင်းတွေနဲ့ ဝေးတယ်ကွ"

"မေမေ့ကိုခေါ်သွားမှာပေါ့။ ကိုစောလိုက်မယ်ဆိုရင်လည်း ကျွန်တော်စရိတ်ခံမယ်"

"ဒီမှာရှိတဲ့ ဆရာဝန်ကြီး ဒေါက်တာဘုန်းရောင်က မင်းအမေနဲ့မောင်နှမလိုနေတာ။ ဝါရင့်တယ်။ အတွေ့အကြုံများတယ်။ သူနဲ့ပဲ ခွဲပါလားကွာ"

"ဆရာဝန်ကြီး ဒေါက်တာဘုန်းရောင်က အသက်ကြီးပြီဗျ"

"သမားဆို အိုမှဆိုတဲ့စကား ရှိတယ်လေ"

"ဟိုမှာက ခွဲစိတ်ခန်းနဲ့ ကိရိယာတန်ဆာပလာတွေ သိပ်





ကောင်းတယ်။ ပြည့်စုံတယ်။ ပြီးတော့ အစားထိုးဖို့ နှလုံးရနိုင်တယ်။ ဒီမှာက မလွယ်ဘူး"                    နဲ့

"မင်းသူငယ်ချင်းကပေါ်သေးတော့ ယုံကြည်စိတ်ချရပါ့မလားဘူး"

"သူတို့ဆေးရုံမှာတော့ နာမည်ကြီးပဲကွ။ သူ ခွဲစိတ်ကုတယ်။ တဲ့လူ မနည်းတော့ဘူး။ မှုယာက အဲဒီမှာ သူနာပြုလုပ်ခဲ့ဖူးတော့ ခေါ်နေ သိတယ်"

"မင်းအမေက ဘာပြောလဲ"                    ရှာတာ။

"မေမေကတော့ ဒီမှာပဲလုပ်စေချင်တာပေါ့။ မေမေက Far ဝန်ကြီး ဒေါက်တာဘုန်းရောင်ကိုပဲ အားကိုးတယ်"                    ဘူးဗျ။

"မင်းအမေနဲ့ငါ သဘောထားချင်းတူတယ် လက်ရုံး" ုယာ

"ကျွန်တော်နဲ့မှုယာလည်း သဘောထားချင်းတူတယ်"

အဆုံးမှာတော့ ...                    လှုပ်

လက်ရုံးမိခင် ဒေါ်ကြည်ကြည်လှလည်း လက်လျှော့ရသနန်း ကိုယ်လည်း လက်လျှော့ရသည်။ ဤကဲ့သို့ နှလုံးအစားထိုး ခွဲစိတ်ကုသဖို့ဆိုရာမှာ အလွန်ကြီးကျယ်သောကိစ္စဖြစ်သည့်အတွက် ကာယကံရှင်၏ဆန္ဒကို ဦးစားပေးရမည် မဟုတ်ပါလား။

ထို့ထက် ...

"မခွဲစိတ်ခင် ကျွန်တော် မှုယာနဲ့လက်ထပ်မယ်"

"ဟာ ... ဘာဖြစ်လို့လဲ။ ခွဲစိတ်ပြီးမှ လုပ်ပါလား။ ဒါက အသက်လောက် အရေးကြီးတာမှ မဟုတ်တာ"

"အသက်ထက်အရေးကြီးတာပေါ့ ကိုစောရာ။ ဒါက အချစ်လေ"

www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

Far East Hospital မှာ ကျွန်တော်တက်ပြီး တစ်ပတ်အတွင်းမှာပဲ နှလုံးအလှူရှင်နဲ့တွေ့တယ်။ အလှူရှင် သခင်ကိုလည်း ကျွန်တော်တို့က ကျေးဇူးပြုရတာပေါ့ဗျာ။

နှလုံးပေးမယ့်လူ စောင့်နေတုန်း အခုလို အခဆင့်ဆင့်ကြလာတာကိုပဲ ကံကောင်းတယ်ခေါ်ရမှာပေါ့။

မေမေက ကျွန်တော်နဲ့အတူ လိုက်ပါရုံမကဘူး။ ဆရာဝန်ကြီးဒေါက်တာဘုန်းရောင်ကိုပါ အကူအညီတောင်းပြီး ဘန်ကောက်ကိုခေါ်ထားတာ။ ဆရာဝန်ကြီးက မေမေ့ရဲ့အစ်ကိုလို ဖြစ်နေရုံမကဘူး။ မေမေ





နဲ့ပါ ရင်းနှီးခဲ့တဲ့ သူငယ်ချင်းဖြစ်လို့ မေမေ့ဆန္ဒကို လိုက်လျောခဲ့တယ်ပေါ့။ ပိုပြီး ကောင်းသွားတာက ဆရာဝန်ကြီး ဒေါက်တာဘုန်းရောင်နဲ့ Far East Hospital ဆေးရုံအုပ်ကြီးကလည်း မိတ်ဆွေတွေဖြစ်ရုံမကဘူး။ ဒေါက်တာဘုန်းရောင်ကို အလွန်ကို လေးစားယုံကြည်တဲ့သူဖြစ်နေတယ်။ Far East Hospital ဆေးရုံမှာတောင် လာပြီးအလုပ်လုပ်ဖို့ ဖိတ်ခေါ်နေသူဖြစ်နေတယ်။

မေမေကတော့ မိခင်မို့ပဲပေါ့ဗျာ။ သိပ်ကို စိုးရိမ်နေရှာတာ။ မူယာကတော့ ဖနီးမယားပီပီ ကျွန်တော့်ဘေးမှာ အားပေးလို့ပေါ့။ Far East Hospital ဆေးရုံက ဒီမှာလို ဆေးရုံမှာ လူနာစောင့်လို့မရဘူးဗျ။ သူ့ဆေးရုံမှာ ဝန်ထမ်းအပြည့်အစုံရှိတယ်။ ဒါကြောင့် မေမေရော၊ မူယာပါ အပြင်မှာနေကြရတယ်။

ခွဲစိတ်တဲ့နေ့မှာတော့ ကျွန်တော်လည်း အတော့်ကိုတုန်လှုပ်နေတာပေါ့။ မူယာက ကျွန်တော့်လက်ကို ဆုပ်ထားတယ်။ ခွဲစိတ်ခန်းဝင်မီ မေမေက မျက်ရည်တွေနဲ့ ဘုရားကိုအာရုံပြုဖို့မှာတယ်။ ဆရာဝန်ကြီး ဒေါက်တာဘုန်းရောင်ကလည်း အားပေးတယ်။ 'အောင်မြင်ရမယ်' လို့ ယုံကြည်ထားတဲ့။

ကာရာနေ့က ...

"သူငယ်ချင်း ... ဘာမှမစိုးရိမ်ပါနဲ့။ ငါက မင်းရဲ့သူငယ်ချင်းပါ။ မင်းအတွက် အကောင်းဆုံးလုပ်ပေးမှာပါ။ ငါ အာမခံပါတယ်။ မင်းအောင်မြင်ရစေ့မယ်"

နွေးနွေးထွေးထွေး အားပေးကတိပြုတယ်။

ခွဲစိတ်ခန်းထဲကို ရောက်ပါပြီ။

ခွဲစိတ်မယ့် ဆရာဝန်ကြီး ကာရာနေ့၊ မေ့ဆေးဆရာဝန်ကြီး။



www.burmeseclassic.com

www.burmeseclassic.com



လက်ထောက်ခွဲစိတ်ဆရာဝန်များ၊ သူနာပြုများ စုံညီနေပါပြီ။

သူတို့ ကျွန်တော့်ရင်ဘတ်ကို ခွဲမယ်။ နှလုံးကို အပြင်ထုတ်မယ်။ အလှူရှင်ရဲ့နှလုံးကို အခြားအခန်းကနေ ခွဲစိတ်ပြီးယူလာမယ်။ ကျွန်တော့်ရင်ဘတ်ထဲကို ထည့်မယ်။ ဒါ လုပ်ရမယ့် အစီအစဉ်။

အဲဒီမှာ ...

အစောက ကျွန်တော်ပြောခဲ့သလို ...

မေ့ဆေးပေးပြီးတဲ့နောက် ...

ကျွန်တော် ဘယ်လိုဖြစ်သွားတယ် မသိဘူး။

ကျွန်တော်ဟာ ခွဲစိတ်ခန်းရဲ့ အပေါ်ဘက်တစ်နေရာမှာရှိနေပြီး ခွဲစိတ်ဆရာဝန်ကြီး ကာရာနေဒ့ နဲ့ ဆရာဝန်တွေ ကျွန်တော့်ကို ခွဲစိတ်နေတာကို ကျွန်တော် မြင်နေရတယ်ဆိုပါတော့။

| ၄ |

❑

လက်ရုံး ထိုင်းမှပြန်ရောက်လာသည်ကို ကိုယ်က လေဆိပ်မှ သွားရောကြိုသည်။ ခွဲစိတ်မှုအောင်မြင်သည်ဟု သတင်းရရှိသဖြင့် ပူဇော်ပြုရန်ဖြစ်သည်။

လေဆိပ်၏ လှုဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်ကောင်တာများကိုဖြတ်၍ ထွက်လာသူလက်ရုံးကို မြင်ရသဖြင့် ကိုယ်က စောင့်နေသူလူအုပ်ကြားမှ လက်မြှောက်ပြလိုက်သည်။

သို့သော် ...



www.burmeseclassic.com

www.burmeseclassic.com



လက်ရုံး၏နောက်တွင် ဆရာဝန်ကြီး ဒေါက်တာဘုန်းရောင်တို့ သာတွေ့ရပြီး လက်ရုံး၏မိခင် ဒေါ်ကြည်ကြည်လှကိုရော၊ လက်ရုံး၏ဇနီး မှူယာကိုပါ မတွေ့ရသဖြင့် ကိုယ်နားမလည် ဖြစ်သွားသည်။

မှူယာနှင့် ဒေါ်ကြည်ကြည်လှတို့ ဘန်ကောက်တွင် ခေတ္တနေခဲ့ကြသလော။

"ကွန်ဂရက်ကျူလေးရှင်း သူငယ်ချင်း"

ကိုယ်က လက်ရုံး၏လက်ကို အားပါးတရ ဆွဲကိုင်လှုပ်ယမ်းကာ ဂုဏ်ပြုစကားပြောလိုက်သော်လည်း လက်ရုံး၏ တုံ့ပြန်သောအပြုံးမှာ အသက်မပါ။ အားပျော့လွန်းလှရုံမက မျက်လုံးများ ရီဝေမှိုင်းညို့လျက်ရှိကြောင်း သတိပြုလိုက်မိသည်။

"ကျေးဇူးပဲ ကိုစော"

သူ့အသံတွေ တုန်ခါနေလေသည်။

ဆရာဝန်ကြီးက …

"အေးအေးဆေးဆေး အိမ်ကျမှ စကားပြောကြတာပေါ့"

ဟု လက်ရုံးကိုနားလည်စွာ ဝင်၍ သတိပေးသည်။ နှလုံးခွဲစိတ်အစားထိုးထားသော လက်ရုံးကို ဆရာဝန်အမြင်ဖြင့် မပင်ပန်းစေချင်သည့်သဘောဖြစ်မည်ဟု ကိုယ်က ယူဆမိ၏။

လက်ရုံး၏အိမ်သို့ ကိုယ်လိုက်သွားသည်။

အိမ်တွင် အနားယူပြီးမှ …

"အန်တီရော …"

ကိုယ်သိချင်သည်ကို မေးမိ၏။

"ဟိုမှာ ကျန်ခဲ့တယ်"

လက်ရုံးအသံတွေ လှုပ်ခါယိမ်းထိုးနေ၏။ မျက်လုံးတွေ စိုစွတ်





အံ့မှုလာပြန်သည်။

"မှူယာရော …"

"သူလည်း ကျန်ခဲ့တယ်"

"ဘာဖြစ်လို့လဲ။ မင်းကိုစောင့်ရှောက်ဖို့ အတူတူပြန်လာရမှာကို"

လက်ရုံး ပြုံးသည်။

ထိုအပြုံးမှာ နာကျင်မှု၊ ကြေကွဲမှု၊ ယူကျုံးမရဖြစ်မှု၊ နောင်တရမှုများ ပါဝင်နေသည်ကို ကိုယ် တွေ့လိုက်သည်။

"ကျွန်တော်မှားသွားတယ် ကိုစော"

လက်ရုံးထံမှထွက်လာသော ပထမဦးဆုံး သတင်းစကား။

ကိုယ် ကြောင်နေစဉ်မှာပင် …

"မေမေ့ကို ကျွန်တော်အထင်လွဲခဲ့တာ။ မေမေက မှူယာနဲ့ သဘောမတူတာကို ကျွန်တော် အထင်လွဲခဲ့တာ။ ကျွန်တော်မှားသွားတယ်"

သူ ထပ်ပြောသည်။

"ဒါ ဘာမှ နားမလည်ဘူး"

"ကိုစော နားလည်အောင် ကျွန်တော်ပြောပါ့မယ်။ လွှမ်းစရာဓာတ်လမ်းတစ်ပုဒ်၊ ဒါမှမဟုတ် ဂျွိုရဓာတ်လမ်းတစ်ပုဒ်အနေနဲ့ ခင်ဗျားရေးလို့ရမှာ သေချာပါတယ်"

သို့ဖြင့် …

လက်ရုံးထံမှ သူ့ဓာတ်လမ်းကို ကြားခဲ့ရခြင်းဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

[ ၅ ]

❑

သူတို့ ကျွန်တော့်ရင်ဘတ်ကို ခွဲဖြတ်ပြီး ဆွဲလှန်ပြီးသွားပြီ။ ကျွန်တော့်ရင်ဘတ်ထဲက နှလုံးကိုလည်း ထုတ်ယူပြီးသွားပြီ။

အဲဒီအချိန်မှာ တစ်ဖက်ခွဲစိတ်ခန်းက အလှူရှင်ရဲ့နှလုံးကိုလည်း ထုတ်ယူပြီး ကျွန်တော့်တို့ခွဲစိတ်ခန်းထဲကို ဆရာဝန်တစ်ဦးက ယူလာခဲ့ပြီ။

ကာရာနော့ဟာ အလှူရှင်ရဲ့နှလုံးကို စစ်ဆေးကြည့်ရှုတယ်။

"နှလုံးက လုံးဝအိုကေပဲ ဆရာ"

လက်ထောက်ဆရာဝန်က ဝင်ပြောတာပါ။

ကာရာနော့က တွေနေတယ်။ သူ့မျက်နှာဟာ ဆရာဝန်တွေရဲ့ စေတနာနဲ့ ကြင်နာတရားတွေ ပျောက်ကွယ်သွားတယ်လို့ ကျွန်တော်က တွေးကြည့်နေမိတယ်။ လုပ်တော့လေ။ ကျွန်တော့်ရင်ဘတ်ထဲကို





အဲဒီနှလုံးကို ထည့်တော့လေ။ အချိန် သိပ်မရဘူးလေ။ ကျွန်တော့်စိတ်ထဲက တိုက်တွန်းနေမိတယ်။

ဒါပေမဲ့ ကာရာနော့က အဲဒီနှလုံးကို ကျွန်တော့်ရင်ဘတ်ထဲ ထည့်သေးဘဲ ခွဲစိတ်ခန်းအပြင်ကို ထွက်သွားတယ်။

ကျွန်တော်လည်း သူအနောက်တကြီး ဘယ်သွားတာလဲဆိုပြီး လိုက်သွားတယ်။

သူဝေးဝေးသွားတာ မဟုတ်ဘူး။

ခွဲစိတ်ခန်းအဝင်ပေါက်ပါ။

အဲဒီမှာ ကျွန်တော့်ဇနီး မူယာရှိတယ်လေ။

မူယာနဲ့သူ စကားပြောတာ။ ဘာတွေပြောလဲဆိုတာသိချင်လို့ ကျွန်တော် အနားကပ်သွားတယ်။ သူတို့ ထိုင်းလိုပြောနေကြတာ။ ကျွန်တော်က ထိုင်းစကားကို ကျွမ်းကျွမ်းကျင်ကျင် တတ်ထားသူဆိုတော့ သူတို့ပြောတာကို အားလုံးနားလည်တယ်။

"ထည့်ရမယ့်နှလုံးက အားလုံးအိုကေပဲ"

ကာရာနော့စကား ...

"အဲဒါ မဖြစ်ဘူးမောင်။ မူယာတို့ စီစဉ်ထားတဲ့အတိုင်း လုပ်လေ"

မူယာ ပြန်ပြောတဲ့စကား။

ကျွန်တော် ရုတ်တရက် နားမလည်နိုင်ဖြစ်သွားတယ်။ မူယာ ပြောတာ ဘာလဲ။ 'မောင်' လို့ခေါ်လိုက်တာက ဘာသဘောလဲ။ ပြီးတော့ 'မူယာနဲ့ စီစဉ်ထားတဲ့အတိုင်း' ဆိုတာကရော ဘာလဲ။

"မောင့်စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေတယ် မူယာ"

"ဟာ ... မောင်ကလည်း ဒီအခြေအနေရောက်အောင် မောင်



www.burmeseclassic.com

www.burmeseclassic.com



နဲ့မှယာ ကြိုးစားလာခဲ့ပြီးမှ မောင်တွေဝေလို့ မဖြစ်ဘူးနော်"

ကြည့်စမ်း . . . သူတို့ပြောနေတာ ချစ်သူပုံစံတွေနဲ့၊ ပြီးတော့ ဒီအခြေအနေတွေရောက်အောင် ကြိုးစားလာခဲ့ပြီးမှဆိုတာက ဘာအဓိပ္ပာယ်လဲ။

"ဒီလူတစ်ခုခုဖြစ်သွားရင် မောင့်မှာတာဝန်ရှိနေတယ်။ မောင်ပြဿနာတွေ ရှင်းရမှာပဲ"

"ဒါများ မောင်ရယ်။ မောင်အစားထိုးပေးတဲ့ မှလနှလုံးက မကောင်းလို့လို့ ပြောလိုက်ပေါ့။ ပြီးတာပဲ"

ဟာ . . . ကြည့်ပါဦး။ မှယာပြောနေတဲ့စကားက ကျွန်တော့်ရင်ထဲကိုထည့်မယ့် နှလုံးကို မကောင်းအောင်လုပ်မယ့် သဘောလား။ မှယာနဲ့ ကာရာနော့ပေါင်းပြီးကြံစည်တာ ကျွန်တော့်ကို အသေသတ်ဖို့လား။ ကျွန်တော် အရမ်းတုန်လှုပ်သွားတယ်။

"မလုပ်နဲ့၊ အဲဒီလို မလုပ်နဲ့လေ"

ကျွန်တော် ဝင်ပြောတယ်။ ဒါပေမဲ့ ကျွန်တော်ပြောတာကို သူတို့ မကြားရဘူး။

"မှယာက သူနဲ့လက်ထပ်ထားပြီးပြီ။ သူသေရင် သူပိုင်ဆိုင်တာတွေအားလုံး မှယာရမှာ။ အဲဒါဆို မောင်နဲ့မှယာတို့ရည်မှန်းချက်အောင်ပြီပဲ။ ကဲပါ . . . စဉ်းစားမနေနဲ့၊ ဟိုသေးကို နှလုံးထဲထိုးထည့်တော့၊ အဲဒါဆိုရင် မကြာခင် နှလုံးက အလုပ်မလုပ်တော့ဘဲ ရပ်သွားမှာ။ ခွဲစိတ်မှုအောင်မြင်တယ်သာ ကြေညာလိုက်။ နောက်မှ ကြုံလာတဲ့ ပြဿနာကိုရှင်း . . ."

မှယာက ဆရာကြီးပဲ။ ရက်စက်တဲ့နေရာမှာ ကမ်းကုန်[illegible]ကဘူး။ ယုတ်မာတဲ့နေရာမှာလည်း ကမ်းကုန်တာပဲ။ မြွေဟောက်မ[illegible]သူ





ကျွန်တော့်ကို အသာပုတ်ကပ်တယ်၊ ဆွဲဆောင်တယ်။ ဒါ ရည်ရွယ်ချက်နဲ့ပဲ။ မှယာနဲ့ ကာရာနော့က နဂိုကတည်းက ဇာတ်လမ်းရှိနေပုံပါပဲ။ ကျွန်တော့်ကို မှယာကသိမ်းသွင်း။ နှလုံးအစားထိုး။ အစားထိုးမယ့်နှလုံးကို သေအောင်လုပ်။ အဲဒါနဲ့ ကျွန်တော်ပါသေ။ မှယာက ကျွန်တော့်ပစ္စည်းတွေရ။ ကာရာနော့နဲ့ဇာတ်ပေါင်း။ အယုတ်တမာမ။

မေမေပြောခဲ့တဲ့စကားတွေ မှန်နေပြီ။

'မှယာ့မျက်လုံးတွေက မရိုးသားဘူးလို့ မေမေခံစားရတယ်။ မျက်လုံးဆိုတာ လိမ်လို့မရဘူးသား။ မျက်လုံးဆိုတာက နှလုံးသားရဲ့ကြေးမုံပဲ' တဲ့။

မှန်လိုက်တာ ကွက်တိပဲ။

"ကောင်းပြီ . . . မှယာ။ မောင်တို့စီစဉ်ထားတဲ့အတိုင်း လုပ်မယ်"

ကာရာနော့က ခွဲစိတ်ခန်းထဲ ပြန်ဝင်တယ်။ မှယာကအပြုံးနဲ့ရပ်ကျန်တယ်။ ကျွန်တော်ဒေါသူပုန်နဲ့ မှယာ့ကိုလှမ်းပြီးရိုက်ပေမဲ့ မရဘူး။ မထိဘူး။ လက်က လေထဲမှာပဲ ဝဲသွားတယ်။

အဲဒီအချိန်မှာ ကျွန်တော် မေမေ့ကိုသတိရတယ်။ မေမေ့ဆီပြေးသွားပြီး အဖြစ်တွေ ပြောပြလိုက်ချင်တယ်။ ကျွန်တော်မှားသွားပြီ။ ကျွန်တော့်အမှားဟာ ပြင်မရတော့တဲ့ အမှား။ ကျွန်တော့်ဘာသာသေမင်းဆီမှာ အစတောင်းဖို့ ဆုံးဖြတ်ခဲ့တာ၊ အပ်ခဲ့တာ။

ဒါပေမဲ့ မှယာနဲ့ကာရာနော့ စကားပြောနေတာကို စကြံထောင့်တစ်နေရာ ပန်းအိုးကြီးဘေးနားက မေမေမြင်သွားတယ်။ စကားတွေကို နားမလည်ပေမဲ့ မရိုးသားဘူးဆိုတာ မေမေသိသွားပုံရတယ်။ ကျွန်တော်က မေမေ့ဆီပြေးသွားပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ... သားကိုကယ်ပါဦး"

ပြောပေမဲ့ မေမေက မကြားဘူး။

မေမေဟာ ရပ်နေရာကနေ ချက်ချင်း လှည့်ထွက်သွားတယ်။

မေမေ တစ်ခုခုဆုံးဖြတ်လိုက်ပုံပါပဲ။

မေမေဘာလုပ်မှာလဲလို့ ကျွန်တော် နောက်က ပြေးလိုက်သွားတယ်။

မေမေဟာ ဆေးရုံအပြင်ကို ပြေးထွက်သွားပြီး တစ်နေရာမှာရပ်လို့ ဆရာဝန်ကြီး ဒေါက်တာဘုန်းရောင်ဆီကို ဖုန်းဆက်တယ်။

"ဆရာကြီး ... ကယ်ပါဦး"

မေမေ့အသံတွေ တုန်ခါနေတာ လုံးဝထိန်းချုပ်လို့ မရတော့တာပဲ။ မေမေ့မျက်ရည်တွေက ပါးပြင်ပေါ်မှာ။ သားအပေါ်ထားတဲ့ မေမေ့မေတ္တာအတိုင်းအဆကို ကျွန်တော် ပိုင်းခြားနားလည်သွားတယ်။

ဆရာကြီး ဘာပြန်ပြောလဲ မကြားရဘူး။

"သူတို့ ကျွန်မသားလေးကို အသက်မရှင်နိုင်အောင် တစ်ခုခုကြံစည်နေတာ ထင်ရှားတယ်။ ဆရာကြီး အမြန်ကယ်ပေးပါ။ သားလေးကိုခွဲစိတ်တဲ့ ဆရာဝန်နဲ့မူယာတို့ မရိုးမသားလုပ်နေကြတာ ထင်ရှားပါတယ်။ ဖြစ်နိုင်ရင် သားလေးကို ဆရာဝန်ကြီးကပဲ တာဝန်ယူပြီး နှလုံးအစားထိုးပေးပါ။ ကျွန်မ ... ကျွန်မရဲ့နှလုံးကို သားလေးရင်ဘတ်ထဲကို ထည့်ပေးပါ"

မေမေ့ရဲ့ စကားသံ၊ မေမေရဲ့ တောင်းပန်သံ။

ကျွန်တော် လဲပြိုသွားမတတ်ပါပဲ။ မေမေ။ ဒီမျှတောင် သားကို ချစ်တာတဲ့လား။

အလွန်ကို တိုတောင်းပြီး အရေးကြီးလှတဲ့အချိန်မှာ မေမေစဉ်းစားဆုံးဖြတ်လိုက်တာက သားအတွက်။ ကျွန်တော့်အတွက်။





ဟိုမိန်းမယုတ်ကတော့ ကျွန်တော့်ကိုသတ်ပြီး ကျွန်တော့် ဥစ္စာပစ္စည်းတွေကိုယူမှာ။

မေမေဟာ ပကာတိ ဖြတ်သားစွာ ဆုံးဖြတ်ပြီးပါပြီ။

ဖုန်းကိုပိတ်လိုက်ပြီးတာနဲ့ ...

မေမေဟာ သူမရဲ့အိတ်ထဲက သူမ,သောက်နေကျဖြစ်တဲ့ အိပ်မပျော်ရင် သုံးစွဲရလေ့ရှိတဲ့ အိပ်ဆေးပုလင်းကို ထုတ်ယူလိုက်တယ်။

ကျွန်တော် သိလိုက်ပြီ။

မေမေ သူ့ဘဝကို အဆုံးသတ်တော့မယ်။

ကျွန်တော် လက်မခံနိုင်ပါဘူး။

ကျွန်တော်ဟာ မေမေ့ဆီကိုပြေးသွားပြီး မေမေ့လက်ထဲက ဆေးပုလင်းကို လုယူလိုက်တယ်။ ဒါပေမဲ့ မရဘူး။ ကျွန်တော် ဘယ်လိုလုပ်လုပ်မရဘူး။

"မေမေ မလုပ်ပါနဲ့။ အဲဒီလို မလုပ်ပါနဲ့"

ကျွန်တော် ငိုယိုပြီး အော်ဟစ်ပေမဲ့ မေမေမကြားရဘူး။

မေမေ့လက်ထဲကို ဆေးပြားတွေရောက်လာပြီ။

ကျွန်တော် ဆေးပြားတွေကို ပုတ်ချဖို့ကြိုးစားတယ်။ အရာမရောက်ပါဘူး။ ငိုရှိုက် အော်ဟစ်ရုံကလွဲပြီး ကျွန်တော် ဘာမျှမတတ်နိုင်ခဲ့ပါဘူး။

သားအတွက်အသက်စွန့်သွားတဲ့ မေမေ့ကို ဒီအတိုင်း ကြေကွဲဆို့နင့်စွာကြည့်နေရုံကလွဲပြီး ဘာမျှ မတတ်နိုင်ခဲ့ပါဘူး။

ရင်နာစရာကောင်းလိုက်တာ။

www.burmeseclassic.com

www.burmeseclassic.com

# [ ၆ ]

❑

အဖြစ်အပျက်ကို နားထောင်နေသော ကိုယ်သည်ပင် မျက်ရည်တွေကျနေပါလား။ ကိုယ့်ရင်တွေ မွန်းကျပ်ဆို့နစ် ကြေကွဲနေပါကလား။

လက်ရုံးကတော့ ကလေးတစ်ယောက်လို ငိုကြွေးနေပါပြီ။

"နောက်ဆုံး ဘယ်လိုဖြစ်သွားလဲ"

ကိုယ်က ဇာတ်လမ်းအဆုံးသတ်ကို မေးလိုက်သည်။

"မေမေဆုံးသွားတယ်ပေါ့ ကိုစောရာ။ ဆရာဝန်ကြီးဒေါက်တာဘုန်းရောင် ရောက်လာတယ်။ ဆရာဝန်ကြီး ဒေါက်တာဘုန်းရောင်က Far East Hospital ဆေးရုံက ဆေးရုံအုပ်ကြီးနဲ့မိတ်ဆွေမို့ အကျိုးအကြောင်းပြောပြပြီး ဆေးရုံအုပ်ကြီးနဲ့အတူ ခွဲစိတ်ခန်းကို ရောက်လာတယ်။ အဲဒီအချိန်မှာ ကာရာနေ့က ကျွန်တော့်အတွက် ပေးလှူထား





တဲ့နှလုံးထဲကို ဆေးထိုးထည့်ပြီး အချိန်အနည်းငယ်အတွင်းမှာ နှလုံးကိုသေအောင် လုပ်ခဲ့ပြီးပြီ။ အဲဒီနှလုံးကို ကျွန်တော့်ခန္ဓာကိုယ်ထဲထည့်ဖို့ လုပ်နေပြီ။ ဒါကို ဆေးရုံအုပ်ကြီး စစ်ဆေးတွေ့ရှိသွားတယ်။ ဒါကြောင့် ချက်ချင်းပဲ ရဲကိုအကြောင်းကြားပြီး ကာရာနေ့ရယ်၊ သူ့အပေါင်းပါအချို့ရယ်၊ မူယာရယ်ကို ဖမ်းလိုက်ကြတယ်"

မျက်ရည်များဖြင့် လက်ရုံးက ဆက်၍ ပြောပြနေသည်။ ပြောရင်းက ရှိုက်နေပြန်သည်။

ကိုယ်ကမူ ဆက်ပြောပါဟု တိုက်တွန်းရမှာပင် အားနာသွား၍ ငြိမ်ကာနေလိုက်၏။

"အဆုံးကတော့ဗျာ . . . ဆရာဝန်ကြီး ဒေါက်တာဘုန်းရောင်ကပဲ ဆေးရုံအုပ်ကြီးရဲ့ခွင့်ပြုချက်၊ မေမေ့ရဲ့ဆန္ဒအရ မေမေ့ရင်ဘတ်ထဲက နှလုံးကိုထုတ်ယူပြီး ကျွန်တော့်ရင်ဘတ်ထဲကို ထည့်ပေးလိုက်တယ်ပေါ့။ ကျွန်တော့်အသက်ဟာ မေမေပေးခဲ့တဲ့အသက်ပေါ့။ မေမေ့နှလုံးနဲ့ ကျွန်တော် အသက်ရှင်နေတဲ့တာပါဗျာ"

ပြီးပြည့်စုံသွားပါပြီ။

ဇာတ်လမ်းက နိဂုံးချုပ်ဇာတ်သိမ်းသွားခဲ့ပါပြီ။

မိဘ၏မေတ္တာတရားကို အပီအပြင် ပိုမိုသဘောပေါက်ခံစားသိုက်ရသလို မူရာမာယာများခဲ့သော မူယာ့အကြောင်းကိုလည်း သိလိုက်ရပါပြီ။ လောကတွင် လေးစားကြည်ညိုဖွယ်ကောင်းသောအရာနှင့် စက်ဆုပ်ရွံရှာဖွယ်ကောင်းသောအရာ၊ တစ်နည်းအားဖြင့် ကောင်းမှုနှင့် ကောင်းမှုကိုလည်း ခွဲခြားနားလည်လိုက်ရပါပြီ။

သို့သော် . . .

ကိုယ့်ရင်မှာ ဒွိဟဖြစ်နေသောအရာတစ်ခု ရှိနေပါ၏။



www.burmeseclassic.com

www.burmeseclassic.com



လက်ရုံးပြောပြခဲ့သော ဇာတ်လမ်းတွင် လက်ရုံးပါဝင်ခဲ့ရသော ဆေးရုံခွဲစိတ်ခန်းထဲမှ အဖြစ်အပျက်များ၊ ကာရာနေ့ာနှင့် မှုယာစကား ပြောဆို၊ မိခင်နှင့် လက်ရုံး တွေ့ခန်းတို့မှာ သဘာဝလွန်အဖြစ်အပျက် များ ဖြစ်နေပါ၏။ ဆန်းကြယ်နေပါ၏။

ယင်းသည် ...

လက်ရုံး အမှန်တကယ် တွေ့ကြုံခဲ့ခြင်းလား၊

အဖြစ်အပျက်အပေါ် ခန့်မှန်းပြောပြခြင်းလား၊

သို့မဟုတ် ...

ခံစားချက်တို့မှာ ထိခိုက်ကြေကွဲစရာ ကောင်းလွန်းခြင်းကြောင့် လက်ရုံး၏စိတ်များ ကစဉ့်ကလျားဖြစ်ကာ ထင်ရာမြင်ရာ ပြောခဲ့ခြင်း လား။

အတိအကျသိချင်စိတ် ပြင်းပျနေမိသော်လည်း မေးရမှာခက် ခဲ၍ ကိုယ်နှုတ်ဆိတ်ငြိမ်အ နေလိုက်ရသည်။

စာဖတ်သူ ...

သင်သည်ကော ... လက်ခံနိုင်၊ လက်မခံနိုင် မည်သို့ဆုံးဖြတ် မည်နည်း။

သင်လက်ခံနိုင်သည်၊ လက်မခံနိုင်သည်ဖြစ်စေ ...

လက်ရုံးသည် သူ့မိခင်၏နလုံးဖြင့် အသက်ဆက်ရှင်နေသည် မှာမူ ငြင်းကွယ်၍မရသော အမှန်တရားဖြစ်သည်ကတော့ အသေအချာ ပင် ဖြစ်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

နေက တော်တော်ကလေးကို ပူရှင်သား။

ပူပေမည်ပ။ နေမွန်းတိမ်းခဲ့သည်ပင် ကြာလှပြီကော။ ဗိုက်ထဲမှ အချက်ပြအော်သံမြည်သံ တဂွီဂွီတွေက သူ့အစာအိမ်သည် အာဟာရတစ်ခုခုကို အရေးပေါ်လိုအပ်နေပြီမှန်း သိသာလွန်းနေတော့သည်။

"တောက်လျှောက်ကြီးကို လွှဲနေတော့တာပဲ။ အပေါက်အလမ်းကို မတည့်ချင်ဘူး။ ကံများမလိုက်တော့ဘူးပော့ဆိုရင် ဒီလိုချည်းပဲ။ လက်နှီးစုတ်ကတောင် မြွေပွေးတစ်ကောင် ထ,ဖြစ်လိုဖြစ်။ ချီးတဲ့မှ"





စိတ်အလိုမကျနိုင်လွန်းစွာ ညည်းညူသံက ပြဿဒါး၏နှုတ်မှ ခေါင့်ခေါင့်အောင့်အောင့် ပေါက်ကွဲထွက်ကျလာ၏။

"ကိစ္စပြတ်သင့်ပြီ။ ဒီခြံဒီအိမ်နဲ့ ဒီခွင်ကို 'ရှိုး'ထားခဲ့တာပဲ တစ်ပတ်ဆယ်ရက်ရှိခဲ့ပြီ။ 'ခွင်'က အပိုကြီး။ အနှစ်တွေချည်း။ ပေါက်ပေါက်စစ ခလုတ်ကန်သင်းတွေလည်း ကင်းရဲ့။ ဒီအချိန်ဆို ဟိုအဘွားကြီးနဲ့ 'တည်ကြက်' ဝဝကစ်ကစ် ဖြူလုံးလုံး ကောင်ကလေးတစ်ကောင်ပဲရှိနေတတ်တဲ့ဥစ္စာ။ အိမ်ရှင်လင်မယားက တစ်နေကုန် သူတို့ကုမ္ပဏီမှာ၊ စက်ရုံမှာ။ ဒါ သေချာနေတာကြီးကို။ သေချာလွန်းလို့မှ ဒီ'ခွင်'ကို နိုင်လျှိုကလေး 'ဥ'ထားခဲ့မိသေးတာ။ အရေးဟဲ့အကြောင်းဟဲ့ ကြက်ရေငှက်ရေးဆိုခါမှ 'မြေ'ဗို့ 'ဆင်'ထားခဲ့တာပါဆို"

ပြဿဒါးက တောက်လျှောက်ကြီးတွေးနေမိသည်။

သူတို့လိုအလုပ်သမားတွေအဖို့က 'ခွင်'တစ်ခုကိုမပိုင်ဘဲ ဝင်'တိုင်'ဖို့ မကြိုးစားရဲ။ နွားသေကြိုးတုပ်ကြီး သေချာလွန်းမှ လှုပ်ရဲသည်။ ခုတစ်လောကလေး၌ လုပ်ကွက်တွေက ကျပ်လှ၏။ ဒ/န (ဒုစရိုက် နှိမ်နင်းရေးရဲ)တွေကလည်း မြို့ကြီးတစ်မြို့လုံးကို စွန်ဝဲသစလို ဝဲနေသည်။ ပြည်သူလူထု ပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ်ဆိုသည့် စီမံချက်တွေကလည်း မှုခင်းကြိုတင်ကာကွယ်ရေးတွေကို ကွက်ပြည့်ခွင်ပြည့်ခင်းပြီး လှုပ်ရှားနေသည်။ နယ်မြေအလိုက် နယ်ထိန်းရဲတွေလည်း သူတို့သို လက်စလက်နရှိသူ၊ လက်ဆိပ်ပြင်းသူ အလုပ်သမားတွေအား ကျားချောင်းသလို ချောင်းရင်း ခြေအလှုပ်လက်အလှုပ်တွေကို မျက်စိဒေါက်ထောက်ကြည့်နေသည်။

"ဟူး ... မလွယ်ကြောပါကလား"

တွက်ရေးမလှလေသမျှ ဝပ်ကျင်းကလေးထဲ၌သာ အခေါ်လျှို



www.burmeseclassic.com

www.burmeseclassic.com



ရင်း နှီးတဲ့ကလေးတွေကို မြေဖြေတားနေခဲ့ရသည်မှာလည်း ဖိုင်း
က ပါးလှပြီ။ ပေါက်တွက်သွားနိုင်ပဲ့ရှိတော့၏။ ဟင်းတားကလေး ရုံ့လေး
မှုန်း မလှုပ်သာခဲ့။

သည်လိုတွေနှင့် ‘ဉ’ထားခဲ့သည့် ‘ခွင်’ကလေးကို ‘ထု’၍
ဆုံးဖြတ်မိခဲ့ခြင်း ဖြစ်သည်။ မနေ့ကအထိ ပုံမှန်အတိုင်း။ တာပျူအပြေ
အထိမရှိ။ အခြေအနေတွေ၊ အနေအထားတွေက ကောင်းနေဆဲ။
သည်ကနေ့ကျကာမှ ထင်ကောင်ကြီးအမြီးတစ် ဖြစ်ရပြီ။

“ဘယ့်နယ် … ဒီတကလေးမီးမြှိုက်ထားသလို လူကြီ
ရောက်နေရတာပါလိမ့်။ ခါတိုင်းရှိနေတတ်တဲ့ ဟိုအဘွားကြီး ဘယ်ရော
သွားတုံး။ အဲ ‘တည်ကြွက်’ ချာတိတ်ကလေးတော့လည်း ရှိနေသ
ဒီ ကိုငှက်ရိုးကြီးနဲ့ ဒီချာတိတ် ဘယ်လိုပတ်သက်ကြသလဲပဲ။ ဖါ၍
ဖျက်မြင်းကြီးက ဘယ်လိုဘယ်ပုံ ရောက်လာတာပါလိမ့်”

သူ တမင်‘ဉ’ထားခဲ့သည့် ‘ခွင်’ထဲ၌ ဝင်ခွေလျက် အထဲ
အပြင်ထွက် ဝင်လေလတ်ထွက်လေလတ် အလုပ်တွေရှုပ်နေသည့် ကိုငှ
ကြီးကို မျက်မွေးတစ်ဆုံး စောင့်ကြည့်နေရင်းက သူ့ဦးနှောက်ထဲ၌ ရှု
စီးတွေ တဖျဉ်းဖျဉ်းထလျက် ‘ဒီလူကြီးကို ဘယ်လိုပ,ထုတ်ရပါ့’ဟူ
ညာဏ်နီညာဏ်နက်မျိုးတွေကို ဖျစ်ညှစ်၍ မရမကထုတ်ကြည့်နေမိသ

အရေးထဲမှ အရာပေါ်၊ ငါ့ဝမ်းပူဆာ မနေသာတော့သည့် အ
အိမ်ကလည်း ဒုခွေတွေကိုပင် တမြည့်မြည့် ကိုက်စားနေဖွဲ့ထင်သ
‘ဆာလိုက်တာ’ဟူသည့်အတွေးက ဘယ်လိုမျှ မောင်းထုတ်၍မရ
ကို ကျားပိန်တွယ်,တွယ်လျက် မလွှတ်တမ်းဆဲထားကာ နှိပ်စက်နေ
၏။

“ကဲ … နောင်ခါလာ နောင်ခါရှေး။ ဖြစ်တော့မှ ဖြ

စိတ်ကူးသစ်စာပေ



အလိုက် လျှောက်လျှားပေ။ ကိုငှက်ရိုးနဲ့ချာတိတ်၊ နှစ်ယောက်တည်း
ရှိနေတုန်း ဝင်မ,မှပဲ။ မတော် … နောက်ထပ် ဟိုကဒီက ထပ်ရောက်
လာခဲ့ရင် ပွဲပျက်နေရှောမယ်။ ကဲ … ကဲ …”

သူ့ကိုယ်ကိုယ်သူ ‘ကဲ’သွင်းအားပေးလျက် ခြေကို စရွေ့၏။

လျှပ်စစ်ဝန်ထမ်းဝတ်စုံနှင့် တိုတိုထွာထွာ ဝုစ်နေဖာ ကိရိယာ
တန်ဆာပလာအိတ်ကလေးက အဟန်ကောင်းလှသည်။

သည်ပုံအတိုင်းဖြင့် ပြဿဒါးကို တစ်ကိုယ်တော်အနုကြမ်း
သမား ‘အောင်ဘမြ’ဟု မည်သူက ထင်ပုံထင်ရက်ရှိမည်နည်း။

www.burmeseclassic.com

[ ၂ ]

“ငါမှတ်မိသေးတယ်ကွ၊ သိလား။ ငါ့ကို မကောင်းမှုဒုစရိုက်နယ်ထဲ ခြေတစ်ဖက်စပြီး ဆွဲချခဲ့တဲ့ အဖြစ်အပျက်ကလေးကိုလေ။ ဘယ်မေ့နိုင်ပါဦးမလဲ။ အဲဒါက ငါ့ဘဝကြီးကို တစ်ကွေ့ကြီးချိုးပြီး အတင်းပြောင်းပစ်ခဲ့ရတာကိုး ...နော့။

အဲ ...အဲဒီနေ့က မှတ်မှတ်ရရ ငါ့ဝမ်းထဲမှာ ဘာအစာအာဟာရမှုမရောက်ဖြစ်ခဲ့တာ နှစ်ရက်မြောက်တဲ့နေ့ကွ။ ဒီလောက် လူတွေသန်းနဲ့ချီပြီး ရှုပ်ယှက်ခတ်ထွေးနေတဲ့ ရန်ကုန်မြို့ကြီးကွာ။ ငါက





သိတဲ့လူ၊ ငါ့ကိုသိတဲ့လူ ...အဲ ...ငါ့ရဲ့ မဟာဆရာဆာလောင်မွတ်သိပ်နေတာကြီးကို ဖြေဖျောက်ပေးနိုင်မယ့်သူ တစ်ကောင်တစ်မြီးတောင်မှမရှိဘူးဆိုတာ အံ့သြစရာကြီးကွာ ...တကယ်၊ တကယ်”

ဆာလိုက်တဲ့ ဖြစ်ခြင်းဟော့၊ ဗိုက်ထဲက အစာအိမ်တွေကပဲနှိုးရာ အူတွေ၊ အသည်းတွေ၊ ကလီစာတွေကို ကိုက်စားနေထင်ပါရဲ့။ အသံမျိုးစုံကို ထွက်နေတော့တာပဲ။ အဲ ...လူဟာ အဟုတ်တကယ်ထမင်းငတ်လာပြီဆိုရင် အဲဒီထမင်းတစ်လုတ်အတွက် လုပ်ချင်တာကိုလုပ်ချင်သလို ထ,လုပ်ပစ်တတ်တဲ့အမျိုးနော်။ မယုံမရှိနဲ့၊ ကိုယ်တွေ့။

ဆိုကြပါစို့ကွာ။ ငါလည်းဆာဆာနဲ့ ဘာလုပ်ရရင်ကောင်းမလဲလို့ တွေးရင်းတောရင်း မြို့ထဲကြိုကြိုကြားကြားလမ်းတွေပေါ် ဟိုဝင်ဒီထွက် တောင်စဉ်ရေမရ လျှောက်လို့ပေါ့။ ဟော ...ဒိုင်းဆို၊ ငါ့ရှေ့ကို ကလေးကစားစရာ ပလတ်စတစ် ရောင်စုံဘောလုံးလေးတစ်လုံးလိမ့်လာပါလေရောဟေ့။ လမ်းလျှောက်တတ်ခါစ၊ အဆော့မက်ခါစချစ်စရာကလေးလေး။ မိန်းကလေးဟ။ ဘောလုံးနောက်မှာ တောက်တက်တောက်တက်နဲ့ လျှောက်လိုက်လာသကွ။ ချစ်စရာလေးဟေ့ကောင်ရေ့။ ဖြူဖြူတုတ်တုတ် ဝဝကစ်ကစ်ကလေး။ မျက်လုံးလေးတွေကရယ်လို့။ ငါက ဘောလုံးကလေးကိုကောက်ပေးရင်းနဲ့ ခေါင်းထဲမှာ လက်ခနဲ အကြံတစ်ခုရလိုက်တယ်။ ကလေးမလေးနောက်က လျှောက်လိုက်သွားပြီး သူ့အိမ်က လူကြီးတစ်ဦးဦးဆီမှာ စားစရာတစ်ခုခုများ တောင်းစားရရင် ကောင်းမှာပဲလို့။ ကြိုက်မရှက် ငတ်မရှက်ဖြစ်ပြီကိုးကွ ...ဟား ...ဟား ...ဟား။

ဒါပေမဲ့ မောင်ရေ၊ ဖြစ်ချင်တော့ ကားတွေကလည်း ဖြိုးဖြိုးနဲ့ ဥဒဟိုမောင်း။ ကလေးမလေးက ခြေမမြဲ လက်မမြဲတဲ့နေ့တဲ့နေး။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါနဲ့ပဲ ကလေးကိုငါက ကောက်ယူပွေ့ချီပြီး သူ့အိမ်ခန်းဆီကို လိုက်ပို့ရတော့တာပေါ့။ အဲဒါမောင်ရေ ... ကလေးအမေနဲ့တူရဲ့။ ငါ့ကိုကြည့်နေလိုက်တာများ၊ ရှုးရှုးဝါးဝါးကြီး။ စားမတတ်ဝါးမတတ်ပဲ။ ငါကလည်း ကလေးချီရင်း ကလေးလာပို့ရတဲ့အကြောင်း ဖတ်စုံခင်းရတာပလေ။ စားစရာတောင်းရင် ပေးချင်စိတ်ရှိအောင်ကလည်း ရေလာမြောင်းပေးလုပ်ရသေးတာကိုး ... နော့။

အဲ ... ဒါပေမဲ့ မောင်၊ ကလေးအမေဟာ ငါ့ကိုပဲပြုံးကြည့်နေတော့တာရယ်။ ပြီးတော့ အိမ်ထဲကို ရှုတ်ခနဲဝင်ချသွားတယ်။ ပြန်ထွက်လာတော့ လက်ထဲမှာ ငါးရာတန်နှစ်ရွက်။ ငါ့ကိုထိုးပေးနေတာ ခင်ဗျ။ ငါလည်း အံ့အားကြီးကိုသင့်လို့။ ရင်ထဲကတော့ 'ဖိုးကျိုင်းတုတ် ဖိုးကျိုင်းတုတ်' ပေါ့လကွာ။ ဘာလို့များ ဒီလောက်အဆင်ချောချော ဖြစ်သွားရမှန်း စဉ်းစားလို့တောင်မရသေးဘူး။ ဩကာသကိုတောင် ဖြောင့်ဖြောင့်တန်းတန်း အမြီးအမောက်တည့်အောင် မရွတ်တတ်တဲ့ ငါလိုကောင်ကို ဘယ်ဘုရားက မ,မလဲဟ။ ဝေးစွ ခြောက်ပါ။ လား ... လား ... ပြန်မယ်လုပ်တော့မှ တကယ့် 'ကီး'ကို သွားစဉ်းစားမိတော့တာခင်ဗျားရေ့။ ဒီလို ... ဒီလို ...။ ကလေးသွားပို့တယ်ဆိုပေတဲ့ ကလေးကငါ့လက်ထဲမှာ ချီထားပွေ့ထားတုန်းကိုး။ ကိုယ်ကသာ ဘာရယ်လို့မဟုတ်။ ဉာဉ်ပါဒ်ပါဒ်မထားဘဲ ပြောရင်းဆိုရင်း၊ မေ့ပြီးချီထားမိတာ။ ကလေးအမေအမြင်မှာတော့ သူ့ကလေးကို တစ်ခုခုအန္တရာယ်ပြုမယ် ထင်ပြီး အရမ်းစိုးရိမ်နေပုံကြီးကိုး။ အဲတော့ ... ငွေတစ်ထောင် 'ရော့ အင့်' ပေါ့ဟ။ ဒီအန္တရာယ်ကောင် မြန်မြန်ကျောင်းရင် အေးရာအေးကြောင်းပေါ့ ... ဟုတ်ဘူးလား။

အဲဒီတုန်းက ငါ့အသက်ဘာရှိဦးမတုံး။ ရှိလှ ၁၄ နှစ်ကျော်





၁၅ နှစ်ပေါ့။ အဲဒီကတည်းက တစ်သက်တာ သင်ခန်းစာကြီးရခဲ့တာ လူတိုင်းမှာ အားနည်းချက်တွေကိုယ်စီ ရှိတတ်ကြတယ်။ အဲဒီအားနည်းချက်ကိုသာ ပိုင်ပိုင်နိုင်နိုင်ချုပ်ကိုင်မိပြီး အဲဒီအားနည်းချက်ကို ပါးလေတော့မလားဆိုတဲ့ စိုးရိမ်စိတ်။ အဲ ... အဲ ... အဲဒီစိုးရိမ်တဲ့ Tempo ကိုသာ ထိထိခိုက်ခိုက် တွန်းပေးနိုင်ရင်ဖြင့် ငွေရှာရတာ ယ်လွယ်တဲ့ အပေါက်ကောင်းပါလားဟ ... ပေါ့။ ငါ့နည်းက နည်း ည်းဒုစရိုက်ဆော်နဲ့သလိုလို၊ ထောင်နှုတ်ခမ်းမှာ ခြေတစ်ဖက်တင်ထားရ လိုလိုရှိနေပေမဲ့ မောင်၊ လက္ခဏာဆရာတွေလည်း ဒီတစ်ကွက်တည်း တင် ခပ်မြိန်မြိန်နဲ့လုပ်စားနေတာပဲကိုး ဟကောင်ရ။

ပြောကြစို့ကွာ။ အဲဒီနေ့ကစလို့ ငါဘယ်တော့မှ ထမင်းမငတ်တော့ဘူး။ ငွေကို ချယူတဲ့နည်းကို ငါက ဘိုင်သေကြီး သိသွားခဲ့ပြီကိုး ... ဟဲ ... ဟဲ ... ဟဲ"

သူ့အား ထမင်းတစ်နပ်မငတ်စေရဘဲ လျှာနှင့်အစာအိမ်တည့် ည့်ကြီး အပေါက်အလမ်းဖြောင့်အောင် သည်'လုပ်စားကိုင်စား ပညာ လေးများ'ကို ကံ့ကူလက်လှည့် လက်ထပ်သင်ကြားပေးခဲ့သည့် သူ့ ရာ၏ စကားသံတွေကိုလည်း ကြားယောင်မိသည်။

သူ့ဆရာ။ ပြဿနာ ... တဲ့။ 'ပြဿနာဖေသန်း'ဟု မန္တလေး ထောင်ထဲ နာမည်တစ်လုံးနှင့် သတင်းမွှေးခဲ့ဖူးသည့် တစ်ကိုယ်တော် အားဓားပြ။

"ဒီမှာဟေ့ ရှင်းနေသလား။ ရှုပ်အောင်လုပ်ပစ်လိုက်။ ရှုပ် သွားပြီလား။ သေချာလား။ ရှုပ်နေတာတွေကို လူတွေသူတွေ ကျကျနန ကြီးမြင်ပြီလား။ သိသွားပြီလား။ အဲဒီတော့မှ အဲဒီအရှုပ်ကို ပြန်ရှင်း။ ရှင်းပြီနော်။ အဲဒီမှာတင် မင်းလည်း ဆရာကြီးတစ်ဆူဖြစ်ကရော။ သူ



www.burmeseclassic.com

www.burmeseclassic.com



တွေရဲ့ အထင်ကြီးလေးစားမှုဆိုတာတွေ ဘာတွေ ရေအိုးကိုမှောက်ပြီး သွန်ချလိုက်သလို ပြိုဆင်းလာရော။ အဲဒါ ဒီကနေ့ လောကကြီးထဲက ငါနိုက်ယူထားနိုင်လိုက်တဲ့ 'ပညာ'ဆိုတာပဲကောင်ရေ့"

ဟူသည့် သူ့လက်ကသုံး တောင်ဝှေးစကားတစ်လုံးတည်းဖြင့် လုပ်စားခဲ့သည့် သူ့ဆရာ။ ယခုတော့ဖြင့် ထောင်ထဲမှာ သေရှာပြီ။

သို့သော်လည်း သူ့ဆရာ၏ ပညာအမွေကို ပြဿဒါးက အရင်း အဖျားမကျန် ခံယူရရှိလိုက်ပြီး ဖြစ်၏။ ဤလောက၌ 'ပြဿနာ'၏ တစ်ဦးတည်းသော ကြွင်းရစ်ခဲ့သည့် တပည့်ကြီးပြဿဒါးပင်။

ယခု ထိုသည့် 'ပြဿဒါး'တစ်ယောက် အလုပ်လုပ်ရတော့မည်။

ဘယ်ညာခြေကျမှန်အောင် ဖြည်းဖြည်းနင်း၍ လျှောက်ရင်း သူ့ 'ခွင်'ထဲက 'ဖား'ကို လှမ်း'မြှုံး'လိုက်၏။

'အိုင်'ကလေးက ငြိမ်လို့။

■ ■ ■

[ ၃ ]

❑

"တင်တောင် ... တင်တောင်"

"လာပြီ ... လာပြီ"

"တင်တောင်"

"လာနေပြီဆို"

စကားသံနှင့်အတူ ခြေသံတဖျတ်ဖျတ်ကို ကြားရ၏။ ကိုငှက်ရိုး၏ ရိုးကြီးဂေါ်င်ဂင်မျက်နှာကြီးက အရင်ပြူထွက်လာသည်။ ဟိုးအောက်ကလေးမှာ မျက်နှာဖောင်းဖောင်း ခေါင်းလုံးလုံးကလေးတစ်လုံး။ သင်းကလေးက ဝိုင်းဝိုင်းစက်စက်။ သူ့မျက်ဝန်းလေးတွေဖြင့် ပြူးနေအောင် ကြည့်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆိုဗျာ ... ဘာကိတ်"

"မီတာဘောက်(စ်)ကို ဖွင့်စစ်ကြည့်ဖို့ပါခင်ဗျ"

"ဘာဖြစ်လို့"

"အဲဒါတော့ အတိအကျ ကျွန်တော်လည်း မသိဘူးခင်ဗျာ။ လူကြီးတွေက 'သွားစစ်'ဆိုပြီးခိုင်းလိုက်လို့ လာခဲ့ရတာ။ အဲ ... ခု တစ်လောမှာလည်း လျှပ်စစ်မီတာခတွေကို ဈေးနှုန်းမြှင့်လိုက်တော့ တချို့တလေက ကူလီကူမာ တောင်တောင်အီအီကလေးတွေ လျှောက်လျှောက်လုပ်ကြတာတွေကလည်း အများသားကိုး။ ပြီးတော့ ... ဘယ် မီတာဘောက်(စ်)ကိုမဆို ခြောက်လတစ်ကြိမ်လောက်တော့ ပုံမှန်ဖွင့်ပြီး စစ်ကြည့်ကြရတာကလည်း ထုံးစံပါ။ လုပ်ရိုးလုပ်စဉ်ပဲ ဆိုကြပါစို့"

"ဪ"

ပြဿဒါးက ရေဝိတ်စပါ၊ ဖြီးရှော့တစ်လုံးကို အလုံးလိုက် ကြီးကာစ်ထည့်လိုက်သည်။ ကိုငှက်ရိုးကြီးလည်း နည်းနည်းယုံချင်ယုံသွား ပုံရ၏။ 'ဪ'ဟူသည့် လွှတ်ခနဲထွက်ကျလာသော အာမေဍိတ်သံ၌ သူ့ 'ဖြီးလုံးကြီး'ကို ဘဝင်ကျ လက်ခံသွားသည့် အရိပ်အယောင်တွေ တစ်ထွေးကြီးပါလာလေ၏။

"ဒါနဲ့ ဒီအိမ်က အရင်တွေ့နေကျအမေကြီးရော မမြင်ပါလား။ ဦးလေးကိုတော့ အခုမှတွေ့ဖူးတာပဲ။ ဪ ... ဟော၊ သားသားဖို့ 'Ha Ha' ချိုချဉ်တွေနဲ့ Ben 10 အရုပ်ကလေးပါလာတယ်ကွ ... ရော့"

"ဟေး"

သည်အိမ်ခန်းကို ခုတင်ရ၊ ဝင်ချည်ထွက်ချည် လာနေကျလူယုံ လူရင်းတစ်ယောက်အပေါက်မျိုး ချိုးပေးလိုက်သည်။ သူ့'တည်ကြက်' ကောင်ကလေးက သူပေးသမျှကို စုံရမက်ရေ ကသောကမျော လှမ်းခဲ





ခွဲယူလျက် 'ဟေး'ဟူ၍ ဝမ်းသာအားရဟစ်ကြွေးရင်း အိမ်ခန်းထဲ ဝင် ပြေးသွား၏။ ဝိသိကလေးလေးကိုး။ ကစားရေး၊ စားရေးသာ သူ့ကမ္ဘာ ပေ။

"ရှုတောက်"

"လာလေ ... ဝင်ခဲ့ပါ"

ပွဲကပြတ်ပြီ။

သွေးယင် မယူလိုက်ရ၊ တဝက်ကွက်ကလေး နှစ်ကွက်လောက် ထုတ်ကလိုက်ရုံနှင့် 'ရွှေဘဲဥကြီးမွှင့်ပါဦး'ကို ပြီးဆုံးအောင်မဆိုလိုက်ရတော့။ ကိုယ်တော်ချော 'ပြဿဒါး'က ခြေတစ်ကောင်နယ် သူ့'ခွင်'ထဲကို ဖိုပြင်ပြင်ကြီး လျှောခနဲ ဝင်သွားခဲ့ပြီ။

"ဟို အမေကြီးရော၊ ဘယ်သွားတုံး"

တစ်ကွက်ထပ်ရွှေ့သည်။

'ခွင်'ထဲမှာ ချည့်နဲ့နဲ့ ဖားပိန်တစ်ကောင်နှင့် နို့ညှီနံ့မပျောက် သေးသည့် ကလေးလေးပဲရှိနေသည်ကြိုက သေချာပြီ။ အမေနှင့်အမေက နေဝင်၍ မိုးစုပ်စုပ်ချုပ်တောင် ပြန်ရောက်တတ်ကြသေးသည် မဟုတ်။ ဒါတိုင်း သူ့'နို'တုန်းက တွေ့တွေ့နေခဲ့သည့် အဖေါကြီးကိုသာ မမြင် မတွေ့။ မတော်တဆ သူအလှုပ်လှုပ်နေပါပြီဆိုကာမှ မယ်မင်းကြီးမက ဘွားခနဲ ပေါ်လာခဲ့သော် မခက်ပေလား။ သည့်အတွက် သေချာအောင် 'အစ်'ကြည့်လိုက်ခြင်း။

"ဪ ... မြမြကိုပြောတာလား။ ရွာဘက်မှာအလှူရှိလို့ တောပိုင်းခဏ ပြန်သွားလေရဲ့။ တစ်ပတ်လောက်ရက် ကြာဦးမတဲ့။ ဒီလို ပဲလေ။ တောဘက်မှာဆိုတာက ရောက်တုန်းရောက်ခိုက် ရပ်ရွာရပ်ရွာ တွေက ဟိုကဆွဲဒီကဆွဲနဲ့ဟာ အိမ်ပေါက်မနေလိုက်ရဘူး။ တစ်ပတ်



www.burmeseclassic.com

www.burmeseclassic.com



ဆယ်ရက်က ဖြုတ်ခဲ့ဆိုကုန်ကရော"

ကိုငှက်ရိုးကြီးက အဖော်ရွှေချင်သား။ သူသိချင်သည်ထက်ပင် ပို၍ ရွှန်းရွှန်းဝေနေလိုက်သေး၏။ နိပ်ဟ။

"ထိုင်ဦးလေ။ ရေနွေးကလေးသောက်ရင်း တစ်အောင့်တစ် ဖြုတ်နားဦးပေါ့။ နေပူထဲကလာတဲ့ဟာ။ ချွေးကလေးတိတ်ပါရစေဦး"

ကိုငှက်ရိုးက ရေနွေးကြမ်းအိုးနှင့် နံ့သာပုငှက်ပျောသီး လေးငါး လုံးပါကြွေပန်းကန်ကို ဆက်တီစားပွဲပေါ်ချပေးရင်း လောကွတ်လုပ်လာ သည်။

"ကျေးဇူး ဦးလေး"

ဟန်ကလေးများပင် မဆောင်လိုက်နိုင်။ ရေနွေးကြမ်းပူပူ လော လောကြီးကို နှစ်ခွက်ဆင့်၍ သောက်ပစ်လိုက်သည်။ ချိုချိုမွှေးမွှေး နံ့ သာပုငှက်ပျောသီးကလေးက နှစ်လုံး။ ဝမ်းမီးငြိမ်းအောင် ခပ်သွက်သွက် သွတ်လိုက်ရသေး၏။ အပေါ့ဝတာ၊ ကောင်းစွ။ ချိုမွှေးအေးဆိမ့်နေသည့် အရသာက တစ်ကိုယ်လုံးကို ရုတ်ခြည်းပြန့်သည်။

"ဟိုက် ... သောက်ကျိုးတော့ နည်းပဟော့"

ရင်ထဲက ဒိန်းခနဲ အသံကြီး မြည်ထွက်လာသည်။ စည်း စည်းပေါက်ခဲ့ပြီ။ ဟုတ်၏။ ပြဿဒါးတို့၏ ဆရာ့ထက်ဆရာ၊ စစ်ကိုင်း 'ဆွမ်းဦးပုညရှင်'စေတီတော် ဒါယကာ သူခိုးကြီးတေက်ပြားတို့တုန်း ကတည်းက ကိုယ်အလုပ်လုပ်မည့် 'ခွင်'ထဲက ရေတစ်ပေါက်မျှကိုပင် ကိုယ့်အာခံတွင်းသို့ မသွင်းမိစေရ။ အဝင်မခံရသည်က သူတို့အလုပ် ထုံးစံ။ ရေတစ်ပေါက်၊ ထမင်းတစ်စေ့မျှမိခဲ့ချေက အပင်းဖြစ်စေ၊ လက်ထိတ်သံလျဉ်း။ အကျဉ်းကျစေ။ အခွင့်အလမ်းတွေ ပိတ်ပိတ်သား ဆုံးစေ။





ကဲ ... ယခုဖြင့် သည်စည်းပေါက်ခဲ့လေပြီ။

"စားလိုက်လေ။ ထမင်းမစားခဲ့ရသေးဘူး မဟုတ်လား။ အချိန် တောင် တော်တော်ကလေး ရင့်နေမှင့်ကပဲ။ စားလိုက်ပါ။ အားမနာ နဲ့"

ကိုလူပိန်က သဘောအကောင်းကြီး ကောင်းပြနေပြန်သည်။

'ခက်တာပဲ။ 'ခွင်'ထဲကိုဝင်မိပြီးခါမှ ဒီအတိုင်းတိုင်းကြီးထွက် သွားရအောင်ကလည်း 'ဥ'ထားခဲ့ရသမျှ သဲထဲရေသွန်ဖြစ်ရတော့မှာ။ နောက်တစ်ကြိမ်မျက်နှာပြဖို့ဆိုတာ မလွယ်ရေးချမလွယ်။ အနေအထား ကလည်း ဒီထက်ကောင်းတာတောင် ဒီလောက်ကောင်းနိုင်တော့မှာ မဟုတ်။ အင်း ... ခက်တော့တာပဲ။ ပစ်ခဲ့ရမှာကလည်း အဆီနဲ့တဝင်း ဝင်း၊ စားရမှာကျတော့လည်း သဲနဲ့ရှုပ်ရှုပ်ဆိုတာ ဒါမျိုးနေမှာပဲ'။ စိတ် ကို ယတိပြတ်ဖြတ်၍ မရနိုင်။ ဟိုချိန်သည်ချိန် ဟိုတွေးသည်တွေးတွေ နှင့် နိုးလိုးနဲလုကြီး ဖြစ်နေတော့၏။

"ကဲ ... ဦးလေး။ မီးလိုင်းတွေကို အရင်ကြည့်လိုက်ကြရ အောင်။ မီးသုံးထားတဲ့ ပွိုင့်တွေစစ်ပြီးမှ မီတာကိုဖွင့်ကြတာပေါ့။ အင်း လိုလိုမည်မည်၊ ဖုန်းကြိုးတွေတော့ ခဏဖြုတ်ထားလိုက်ဦးမယ်။ အားလုံး ပြီးမှ ပြန်တပ်ပေးခဲ့မယ်လေ ... နော်"

မီးစင်ကြည့်က,တော့မည်ဟု ပြဿဒါးက ဆုံးဖြတ်လိုက်သည်။

'ခွင်'ကို ပြပြစင်အောင် 'ရှိုး'လိုက်ဦးမည်။ ပြီးမှ 'အနှစ်' ကလေးတွေကိုချည်းရွေး၍ ခေါင်းခေါက်မ,သွားလိုက်မည်။ 'တလုတ် စားဖူး သူ့ကျေးဇူး'ကလေးကရှိနေလေ၍ နဂိုရည်ရွယ်ထားသည့်အတိုင်း အချိုကြီးပိုက်ဖို့အကြံကိုမူ တစ်ပတ်လျှော့လိုက်ရတော့မည်။

"ဘာရယ် ... ဖုန်းကြိုးက ဘာဖြစ်လို့ ..."



www.burmeseclassic.com

www.burmeseclassic.com



ကိုငှက်ရိုးကြီးက သူ့စကားထဲမှ 'ဖုန်းကြိုးခေါဖြုတ်မည်'
သည်ကို ဖုံးဖြဲဟန်။ သို့သော် မည်သို့အတွေးပေါက်သွားပြန်သည်မသိ
စကားစကို မဆက်တော့။

"ကဲ ... လာ ... လာ"

ကိုငှက်ရိုးကြီးက ရှေ့မှဦးဆောင်လျှောက်သွားရင်း ပြသပါ
စိတ်ကြိုက်'ပွဲတော်တည်'စေဖို့ တစ်ခန်းဝင်တစ်ခန်းထွက် လျှပ်စစ်
လိုင်းတပ်ဆင်ထားသမျှကို လိုက်ပြနေ၏။ ပြသာပြနေရသည်။ ရှေ့ကို
တော်၏မျက်လုံးများက မီးခလုတ်၊ ဘုတ်ခံ၊ ဒါးမီးနှီး၊ ထားကစ်တွေ
မှာမရှိ။ မကြည့်။ သားသားနားနား ပြင်ဆင်ခင်းကျင်းထားသည့် အိမ်
ကလေးတွေထဲမှ အဖိုးထိုက်အဖိုးတန် ပရိဘောဂတွေ၊ ပစ္စည်းပစ္စ
တွေဆီမှာချည်း၊ သံလိုက်တုံး၌ သံမှုန်တွေ ဖုံမြကပ်နေသလို ခွာမရအော
စွဲကပ်နေလေ၏။

'တွေ့ပြီ'။ အသံထွက်မသွားမိအောင် အတော်ကြီးကိုကြိ
ထိန်းလိုက်ရ၏။ နှစ်ယောက်အိပ်ခုတင်ကြီးက ခန်းလုံးပြည့်နီးပါး နေ
ယူထားသည်။ အိပ်ခန်းကြီး၏ထောင့်၌ 'Leeco' အမှတ်တံဆိပ် ငွေ
မတ်တတ်သံမဏိဗီရိုကြီးက တစ်လုံး။ ခပ်လတ်လတ်၊ ခပ်ရွယ်ရွယ် မီ
သေတ္တာက တစ်လုံး။

သူ့ဂျာကင်ဘေးအိတ်ထဲမှ 'Master Key' ကို အသာစမ်းကြ
လိုက်မိသေး၏။ ဆုတွေယားလာလျက် သွေးတွေ မြန်းခနဲဆူလာသ

'တည်ကြက် ဟိုရာတိတ်ကို ပေါင်ပေါ်တင်။ ပေါ်ရေ
ကြီးရဲ့ပေါင်ပေါ်မှာ အကျအနထိုင်။ ကိုငှက်ရိုးကြီးကို မာစတာ
ဘယ်ပုံမှင့်ရမယ်ဆိုတာ ဘေးကနေ သညာပေး။ 'ခေါင်' ကလေး
'အနစ်'ကလေးတွေပဲ ရွေးယူ။ ကံမျက်နှာပေးလို့ ရွှေသားပြိုးပြိုး





မြက်နဲ့ စိန်ထည်ကလေးတွေရှိခဲ့ရင်လည်း အဆင်ပြေသား။ ဖဲဖါလေး
တွေချည်း 'မ'သွားရတော်ရော့ပ။ ရေမွှေးကြွပ်နှစ်ခွက်နဲ့ ငှက်ပျောသီး
နှစ်လုံးမျက်နှာက ရှိသေးကို။ တခိုးနှင့်အောင်စားရင် 'အပင်း'ဖြစ်နေ
ဦးမယ်။ ပြီးမှ ကိုငှက်ရိုးကြီးကို လန့်လောက်အောင်လှုပ်ပြီး ကလေး
ကို ချီခေါ်သွား။ လမ်းထိပ်မုန့်ဆိုင်က မုန့်ဝယ်ပေးပြီး ကလေးကိုပြန်
လွှတ်လိုက်။ ဖဲဖါအချိန်ဆို ငါလည်း တွေ့တဲ့တက္ကစီနဲ့ပြောင်။ အေးရော
အေးကြောင်းဖြစ်ကရော။

သူ့အတွေးတွေနှင့်သူ စိတ်ကူးယဉ်ရိုက်ရင်း ကြည်နူးနေ၏။
မျှော်လင့်ထားသည်ထက်ပို၍ ပြေပြေချောချောရှိလှသည့် သူ့လုပ်ကွက်
ကလေးတွေက သပ်သပ်ရပ်ရပ်ပြီးသွားဖို့ သေချာနေသည်။

"ရပြီ ... ဦးလေး။ မီတာဖွင့်စစ်ကြည့်ဖို့ပဲ ကျန်တော့တယ်။
ဒါလည်း အာဂလန်ပါဂလန်ပါ။ ဖွင့်မစစ်လည်း 'အိုကေ'ဆို ပြီးရော
ပေါ့။ ဘယ်သူသိတာလိုက်လို့။ ဦးလေးတို့လိုလူမျိုးတွေကလည်း မီတာ
ခလေး နှစ်ပဲခြောက်ပြားနဲ့တော့ ဟိုဟိုဒီဒီ စိတ်ကူးထဲတောင် ထည့်စရာ
လား ... နော့"

စကားရော ဖောရောလုပ်ရင်း ဟိုရာတိတ်ကို သူ့ရင်ခွင်ထဲ
ရောက်လာအောင် ဘယ်နည်းဘယ်ပုံ အကြံအဖန်လုပ်ရဦးမည်လဲ စဉ်း
စားကြည့်နေ၏။ ကလေးပုံကြည့်ရသည်ကတော့ အစားကြူးမည့် ပေါ်ဒီ
သာရလိုမျိုးကလေး။ သူတို့အလုပ်သမားတွေအဖို့ ကလေးနှမ်စွေးကို
မြူဖို့ ချူဖို့ လက်နက်တွေက အစုံအလင် တပ်ဆင်လာခဲ့ပြီးသား။ ဘယ်
လက်နက်ကိုထုတ်ပစ်ပစ် တန်းခနဲ ကျွံခနဲ ဖြစ်နေရမည်သာ။

"ဝတ္တရားရှိသမျှ လုပ်သွားပါမောင်ရာ။ နောင်မှ ရှုပ်ရှုပ်ရှက်
ရှက်တွေ လိုက်မရှင်းပါရစေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ဦးလေးရဲ့၊ အေးဆေးပါ"

ညည့်ခန်းဆီ ရွှေ့လာခဲ့ကြ၏။

'တည်ကြက်'ကလေးက သူပေးထားသည့်ချိုချဉ်တွေကို ပေပေလူးလူးနှင့်စားနေရင်း 'Ben 10' အရုပ်ကလေးတွေနှင့် ကစားနေတုန်း။

■ ■ ■

| ၄ |

❑

တင်းတင်းအိအိ၊ နှင့်နှင့်စီးစီး ခန္ဓာဝန်တစ်ခုက သူ့ကိုအောင်ပွဲဆီသို့ လက်ညှိုးထိုး၍ပြနေသည်။ အစားရမှုက်ကြီးကြီး၊ အဆော့သန်သန် ချာတိတ်ကလေးက သူ့ပေါင်ပေါ်မှာ။ မကုန်သေးသည့် ချိုချဉ်လက်ကျန်တွေကိုစုပ်ရင်း သူ့ကုဋ္ဌာသယအိတ်ထဲမှ နောက်ထပ်ထွက်လာသည့် 'မှုးထွား ...ဟား ...ဟား ...ဟား ...'ဟု အသံပြဲကြီးတွေနှင့် ထ,ထ အော်တတ်သော အန်းကုံးရုပ်ကြီးကို သဘောအကျကြီးကျလျက် အဆက်မပြတ် လှုပ်ယမ်းနေတော့သည်။ အန်းကုံးရုပ်ကြီးမှထွက်ထွက်လာသည့် တမှုးမှုး တဟားဟားရယ်သံကြီးက အခန်းထဲ၌ သိသိသာသာစီးမိုးထား၏။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုငှက်ရိုးကြီးက သူ့ပါးစပ်ကြီးတွေဟလျက် 'ပြဿဒါး'ပြောပြနေသမျှ လံကြုပ်ဓာတ်ကွက်ထဲမှာ အချောင်းသားကြီး မျောပါနေသည်။

ဘာရှိရဦးမည်လဲ။

သူ့အလုပ်ဓါနိဂုံးပိုင်း။ ပွဲသိမ်းရိုက်ချက်ဖြစ်သည့် ဓာတ်ရှိန်အမြင့်ဆုံးက,ကွက်ကလေးပ။

"အဲ ... အဲသလို ဦးလေးရေ။ အဲဒီမောင်က ဟိုလိုလို ဒီလိုလို ယောင်တောင်ပေါင်တောင်နဲ့ ကလေးတစ်ယောက်၊ အထိန်းတစ်ယောက်ပဲရှိနေတဲ့ အချိန်မျိုးကြီးမှာမှ ကွက်တိချည်း အချိန်ကိုက်ပြီး အခန်းထဲကို ဝင်လာတတ်သတဲ့။ အိမ်ရှင်ရဲ့ အရိပ်အကဲ စောင်းယိုးရိပ်ခြည်ကို အသာလေးကြည့်။ စကားရောဖောရောဝင်လုပ်၊ ပြီးရင် ကလေးကို အတင်းဝင် ပရောပရည်လုပ်တော့တာပဲတဲ့။ ကလေးဆိုတာမျိုးက ဦးလေးသိတဲ့အတိုင်း ကစားစရာ၊ စားစရာနဲ့များ မြှူတတ်လို့ကတော့ ငရဲအိုးထဲကိုတောင် ဖောက်ထိုးဆင်းလိုက်တတ်တဲ့ သတ္တဝါလေးတွေမဟုတ်လား။ ဘာကြာကြာခံနိုင်မတုံး၊ လေး,ငါးမိနစ်ဆို ဒီမောင့်ရင်ခွင်ထဲ ပေါင်ပေါ်စသည်ဖြင့် ရောက်သွားကရော"

"အင်း ... အဲ ..."

ပြောနေရင်းက ပါးစပ်မှ 'ပြွတ်ခနဲ ... ပြွတ်ခနဲ' အသံထွက်အောင်ပြုလျက် သူ့ပေါင်ပေါ်က တည်ကြက်ချာတိတ်ကို မြှူပြလိုက်သေးသည်။ မျက်ဝန်းကိုထောင့်ကပ်၍ ကိုငှက်ရိုးကြီးထံ အဓိပ္ပာယ်ပါပါအကြည့်ကို အသာရွှေ့လျက် ငြိလုံးတစ်ချက်ပစ်လိုက်၏။

ကိုလူပိန်က 'အင်း ... အဲ'ညှိထောက်ခံရင်း မတုန်မလှုပ်။ 'အ,တာလား၊ တုံးတားလား။ ဒီငနဲကြီး မထုံတက်သေးရှိလိုက်တာ





အရိပ်ပြလို့ အကောင်မမြင်တတ်ပါလား။ သောက်ကျိုးနည်း ခွေးချေးဦးနှောက်နဲ့ ဘဲကြီးပဲ'။ သူ့သိပ်စိတ်မရှည်ချင်တော့။

"အဲ ... အဲဒီမှာ ဓာတ်လမ်းကစတာပဲ ဦးလေးရေ။ ဒီမောင်က ဓား၊ ဒါမှမဟုတ် စကောဘာလိုသံချွန်မျိုးကို ဘေးနားမှာအသာကလေး မျက်လှည့်ဆရာက ပုလင်းထဲကနေ ငှက်ကလေးတွေ၊ ပန်းကလေးတွေထုတ်ပြသလိုမျိုး ဖျတ်ခနဲ အိမ်ရှင်မမြင်မြင်အောင် ထုတ်ပြပြီးတာနဲ့ ဘာပြောတယ်ထင်သလဲ"

"အေး ... အေး ... လုပ်ပါဦး။ ဘာပြောသတဲ့လဲ"

သေဟဲ့နန္ဒိယ။ 'ဒုံးဝေးပက္ကာ။ ငါ့နှယ်။ ဘယ်လိုထုံနပေကြီးနဲ့ လာတွေ့နေရပါလိမ့်'။ ပြဿဒါးက သူ့ကိရိယာတန်ဆာပလာအိတ်ထဲမှ လက်ကိုင်ရိုးပါ သံချွန်တစ်ချောင်းကို ဖျတ်ခနဲ ကောက်ထုတ်လိုက်ပြီး ကိုငှက်ရိုးကြီးမြင်သာအောင် ဟန်ပါပါ ဘေးနားချပြထားလိုက်၏။ 'ကဲ ... မှတ်ပလား'။ စိတ်ထဲက ကြုံးဝါးလိုက်မိသေးသည်။

ကိုငှက်ရိုးက မြင်ဟန်တူသော်လည်း မသိကျိုးကျွန်ပြုလျက် ပြဿဒါးကို သူတည်ခင်းညှိခံထားသည့် ကော်ဖီဖန်ခွက်၊ လက်ကျန်မရှိ ပြောင်တလင်းခါနေသည်ကိုသာ မဲပြီး စိုက်ကြည့်နေ၏။

"လုပ်ပါဦး ... ကိုရင်ရဲ့။ ဘယ်လိုပြောလိုက်သတဲ့လဲ"

"ဒီမှာကိုယ့်လူ။ မောင်ရင့်ကလေး တစ်စုံတစ်ရာ ပလာတာမဖြစ်ချင်ရင် ကျုပ်လိုချင်တာကို အေးရာအေးကြောင်း ထုတ်ပေးပေတော့။ ဥာဏ်ကစားမယ်၊ ဥာဏ်များမယ်တော့ မကြံလိုက်လေနဲ့။ ကလေးလေးရဲ့သွေးဆိုတာလည်း နီတတ်တာမျိုးရယ်။ လက်တွေ့စမ်းကြည့်ဦးမလား"

သူ့ဓာတ်လမ်းထဲက လူကပဲ ပြောနေတော့သလိုလို၊ ကောကယ်

www.burmeseclassic.com



တမ်းပဲ ကိုငှက်ရိုးကြီးကို အပိ 'ဝမ်နင်'ပေးနေသလိုလို ပရိယာယ်ဆင်လျက် မျက်ခုံးမျက်လုံးတွေ၊ အသံနေအသံထားတွေနှင့် ဟုတ်တိပတ်တိ ကြိမ်းပြလိုက်၏။

သည်နေရာ သည်အပိုင်းကလေးက 'ပြဿဒါး'တို့ လုပ်ငန်းသမားတွေအတွက် အရေးအကြီးဆုံး၊ အခက်ခဲဆုံး၊ ပညာသားအပါဆုံးအပိုင်း။ အဆုံးအဖြတ်ပိုင်း။ မိုးထဲရေထဲပိုင်း။ သည်နေရာမှာသာ လှန့်ချိုပေးလိုက်သည့် ခြောက်လုံးတွေကို 'ခါ'သွားခဲ့လျှင် ပွဲသိမ်းပြီ။ ဇာတ်က မပိမရိ၊ မသေမသပ်နှင့် အနားတွေဖွာလန်ကြဲလျက် ဘယ်လိုဖြစ်ခြောက်ခြောက်။ မကြောက်ရေးချ မကြောက်ဆို၍ကတော့ နောက်ကျသည့်ခြေထောက် သစ္စာဖောက်သဘောထားလျက် ဖနောင့်နှင့်တင်ပါးတသားတည်းကျအောင်သာ ပြေးပေရော့။ အထူအပါးနားမလည်ဘဲ ဖွတ် 'တွယ်' မနေမိစေနှင့်။ 'ဂွိခနဲ ... ကွိ' တော့မည် မှတ်။ သည်အပိုင်းက ဗိုးချစ်တို့ဇာတ်ပွဲထဲက နှစ်ပါးခွင်သစ္စာထားလို လွှတ်အသားပါသည့်အပိုင်း။

ကိုငှက်ရိုးကြီး၏မျက်ဝန်းထဲက သောကရိပ်ကို လျှပ်တစ်ပြက်သူမြင်လိုက်ရ၏။ 'ပွဲပြတ်ပြီ'။ လူတစ်ယောက်ကို အကြောက်တရားအောက်သို့ ပိပိပြားပြားရောက်သွားအောင် မောင်းပို့နိုင်လေက နဖားကြိုးတစ်ထားပြီးသည့်နွားလို ကိုယ့်လက်ထဲမှာ သေလိုကသေ၊ ရှင်လိုကရှင်။ ကိုငှက်ရိုးကြီး၏ နမူးနဝိုင်း၊ ပေကြောင်ကြောင်၊ မှုန်ပျပျမျက်နှာဖုံးကြီး ကွာကျသွားပြီ။ ကြောက်ရွံ့၊ စိုးထိတ်၊ အံ့အဲ၊ ချောက်ချား၊ တုန်လှုပ် မျက်နှာနေတွေက လေနှင့်အတူ လွင့်ပါးပြေးသည့်တိမ်ရိပ်တွေလို သူ့မျက်နှာပြင် အရေပြားပေါ်၌ တရိပ်ရိပ်ဖြတ်ပြေး။

"ဟို ... အဲ ... အဲလိုဆိုတော့ အိမ်ရှင်က သူတောင်းတာ





တွေကို ပေးလိုက်ရောတဲ့လား။ ဟုတ်လား ... ကိုရင်"

"ဟာ ... ဦးလေးကလည်း နားဝေးတတ်ရန်ကော။ ကလေးကို ဓားစာခံလုပ်ပြီး အေးဓားပြတိုက်နေပါတယ်ဆိုမှ ထုတ်မပေးလို့ဖြစ်တော့မလား ဦးလေးရဲ့။ ကလေးက သူ့လက်ထဲမှာဟာကို ..."

"ဩ ... ဩ ... အိမ်ရှင်က သူတောင်းသမျှ ထုတ်ပေးလိုက်ရတာပေါ့နော"

"အဲဒါပေါ့။ အဲဒါပဲ ရှိတော့တာပေါ့ ဦးလေးရ။ နို့ ... နေပါဦး။ တကယ်လို့ ဦးလေးသာအိမ်ရှင်ဆိုရင်ကော မပေးဘဲနေရဲမတဲ့လား။ ပြောစမ်းပါဦး"

ပြဿဒါးက ကိုငှက်ရိုးကြီးကို အညှာကိုင်ပြီး သွေးတိုးစမ်းလိုက်သည်။

ပွဲသိမ်းရတော့မည်။ ကံတရားက ကိုယ့်ဘက်မှာအလေးသာနေတုန်း ပွဲကိုမြန်မြန်ဖြတ်ထားမှ ဖြစ်မည်။ သူတို့အလုပ်မျိုးဆိုသည်က 'ကြွေတစ်လက် ကြက်တစ်ခုန်'ဆိုသလို ပြောင်းတိပြောင်းပြန်၊ ဖောက်တိဖောက်ထိုးတွေ ဖြစ်ချင်သလို ဖြစ်သွားတတ်သေးသည်။ 'ကြက်ကန်းဇွတ်လို့ ပွဲကျွတ်အောင်နိုင်သွားတတ်သည်'မျိုးက ခဏခဏကြုံရတတ်ပြီ။

BURMESE CLASSIC

အလို ... 'ခေါင်းထဲက မူးရိပ်ရိပ်ရှိလိုက်တာ။ ဘယ်လိုဖြစ်ရပါလိမ့်။ အိပ်ရေးပျက်ခဲ့တာ များလို့ထင်ရဲ့။ ဒီပွဲကလေးပြတ်ရင်တော့ တည်းခိုခန်းကောင်းကောင်းရှာပြီး ဖိမ်နဲ့နှပ်၊ တဝကြီးအိပ်ပစ်လိုက်ဦးမယ်။ နေဦး ... နေဦး။ ဒီပွဲကလေးပြတ်မှ ... ဒီပွဲကလေးပြတ်မှ'။ စိတ်က နည်းနည်းလွတ်ချင်သလိုလို ဖြစ်သွားလိုက်ရသေး၏။

"ဟင် ... ဦးလေး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . အဲ . . . အဲဒါကတော့ ကိုရင်ရေ၊ မှန်တာပြော ရင်သစ္စာပဲ။ ကျုပ်လိုမျိုးဆိုလို့ကတော့ မပေးဘူးထဲကပဲဗျ။ ဘယ်နည်း နဲ့မှပေးမိမှာ မဟုတ်ဘူးရယ်"

"ဗျာ"

"ဟုတ်တယ်။ ခြူးတစ်ပြားတောင် ကျုပ်ဆီကထွက်လာမှာ မဟုတ်ဘူး"

"ဘာ . . . ဘာဖြစ်လို့။ ကလေး . . . ကလေးကို မစိုးရိမ်ဘူး လား"

"မစိုးရိမ်ပေါင် ခင်ဗျာ"

"ဟင်"

"ဟုတ်တယ်လေ ကိုရင်ရဲ့။ အေးစားပြုက ကျုပ်ကလေးကို အန္တရာယ်ပြုဖို့ သူ့လက်တွေ၊ သူ့အကြောအခြင်တွေဟာ လှုပ်နိုင်ဦး ကိုး။ သူ့လက်မှ သူမလှုပ်နိုင်၊ မရှားနိုင်တော့ရင် ကျုပ်ကလေးကိုသူက ဘာလုပ်နိုင်ဦးမှာတဲ့လဲ။

မြတ်စွာဘုရား။ ပြဿဒါးက မသိမသာ သူ့ခြေသူ့လက်တွေ ကို အကွေးအဆန့်၊ အလှုပ်အလှည့် ပြုကြည့်မိ၏။ မရ။ အကြောအခြင် တွေ တုံ့ဆိုင်းပျဉ်းတွဲနေပြီ။ 'ဗုဒ္ဓေါရေ။ ဒီလူကြီး ဘယ်လိုလုပ်လိုက် တာပါလိမ့်။ ဘာတွေလုပ်ထားပါလိမ့်။ ရေခဲတုံးက မီးထတောက်ပြီထင် တယ်။ ဘုရားကယ်ပါ'။ စကားသံတွေက သူ့ဝမ်းထဲ ရင်ထဲ၌ ဆောက် တည်ရာမရ လှည့်ပတ်ပြေးလွှားလျက်။ ချွေးသီးတွေက ဒလဟော စို့ ယိုစီးထွက်လာသည်။

ကိုငှက်ရိုးကြီးက သူ့ကိုစိုက်ကြည့်နေသည်ထင်၏။ ငြိမ်းအေး သည့်လူကြီး၏မျက်ဝန်းထဲမှာ မီးလျှံမီးတောက်တွေ။





"ဟို . . . ဟို . . . ဦးလေး . . ."

"မယုံမရှိနဲ့ ကိုရင်ရ။ ကျုပ်ဆိုတဲ့လူက ကိုယ့်အိမ်ထဲမှာ လူ စိမ်းတစ်ယောက်ကို လွယ်လွယ်နဲ့ အဝင်ခံခဲ့ပါ့မလား။ ဝင်မိခဲ့ရင်လည်း အဲဒီလူ လူဆိုးလား၊ လူကောင်းလားဆိုတာ အကဲမခတ်တတ်ဘဲ နေမ လား။ ကျုပ်လုပ်သက် အနှစ် ၃၀ လောက် ထောင်မှူးကလေး၊ ထောင် မှူးကြီးဘဝနဲ့ ဒုစရိုက်သမား၊ ထောင်ကျအကျဉ်းသားပေါင်း သောင်း ခြောက်ထောင်ရဲ့မျက်လုံးတွေကို နိစ္စဓူဝ နေ့နေ့ညညဖတ်ပြီး နေလာခဲ့ တာလူရာ။ အပွေးမြင် အပင်သိရုံမကဘူး။ ဟိုးအတွင်းပိုင်းထဲက အနှစ် ထိအောင်တောင် လှမ်းပြီးမြင်တတ်သေးရဲ့လူရ"

"ခင်ဗျာ"

"ကိုရင်ပြောပြတဲ့ အေးစားပြုဆိုတာကလည်း 'ပြဿနာ ဖေသန်း'ရဲ့ ဇာတ်လမ်းမဟုတ်လား။ မန္တလေးထောင်ဆေးရုံမှာ တီဘီ ရောဂါနဲ့ ကိစ္စချောသွားတဲ့ 'ပြဿနာဖေသန်း'လေ။ နာမည်ကြီးတစ် ကိုယ်တော် အေးစားပြုကြီးပေါ့ ကိုရင်ရာ။ ကျုပ်တပည့်တစ်ဦးပါပဲ။ သူ့ ပထမဆုံး ထောင်စကျတုန်းက ကျုပ်က ထောင်မှူးကလေးပေါက်စ ပေါ့။ နောက်တော့ ကျုပ်လည်း လုပ်သက်တွေရင့်၊ ဟိုပြောင်းဒီရွှေ့နဲ့ ထောင်မှူးကြီးဖြစ်လာတဲ့အခါ မန္တလေးထောင်မှာ တစ်ခါဆုံမိကြပြန် သေးရဲ့။ အဲဒီတော့ သူလည်းအိုပြီ။ ထောင်ထဲကို ဝင်ခလုတ် ထွက် ခလုတ် ဘုတ်တလုတ်တောက်တဲ့လုပ်ရင်း ခြေကုန်လက်ပန်းကျရှာပြီ။ တစ်ဘဝလုံး တေခဲ့ပေခဲ့၊ မိုက်ခဲ့ရှတ်ခဲ့တဲ့ဒဏ်တွေကို စုပြုံခံရင်း တီဘီ နဲ့ဆုံးရှာတာ။ အင်း . . . ခမျာ သနားစရာပါ။ ကိုရင်ပြောနေတာ အဲဒီ 'ပြဿနာဖေသန်း'အကြောင်းကိုပဲ မဟုတ်လား။

စကားသံ ခွန်းတုံ့ခွန်းလှယ် အတုံ့အပြန် မကြားရ။



www.burmeseclassic.com

www.burmeseclassic.com



မျက်တောင်မျက်ခြောကြီးတွေ စင်းလျက် လျော့ရိလျော့ရဲကြီး သူ့အား ငူငူငိုင်ငိုင် စိုက်ကြည့်နေသည်ကိုသာ တွေ့ရသည်။

အန်းကုံးကြီးထဲမှ 'ဖူး . . . ထွား . . . ဟား . . . ဟား . . . ဟား'အသံကြီးက ပို၍ ကျယ်လောင်လာနေသလိုလို။

အရေးထဲ ကလေးလက်မှအရုပ်ကြီးက အောက်ပြုတ်ကျသွား၏။ ကလေးသည် တုံဏှိဘာဝေ မတုန်မလှုပ် သူကောင့်သားပြဿဒါး၏ပေါင်ပေါ်မှ လျှောတိုက်ဆင်းလျက် သူ့ 'ဖူး . . . ထွား . . . ဟား . . . ဟား . . . ဟား'ကြီးကို ကောက်ယူကာ ဆက်တီထိုင်ခုံပေါ် ပြေးတက်ဆော့ကစားနေပြန်သည်။ သူကဆော့လေ သူ့အန်းကုံးကြီး မချိမဆံ့ ရယ်လေလေ။

"နေဦး . . . ကိုရင်ရဲ့။ ကိုရင်ပြောပြခဲ့တာက ဇာတ်လမ်းမဆုံးသေးဘူးရယ်။ နောက်ဆက်တွဲဇာတ်သိမ်းခန်းကြီး ကျန်နေရစ်ခဲ့သေးတယ်။ အဲဒါကို 'ပြဿနာဖေသန်း'ကရှက်လို့ ဘယ်သူ့ကိုမှပြောပြခဲ့ဟန်မတူဘူး။ အဲဒီအဖြစ်အပျက်ကြီးကြောင့် ထောင်ကျလာခဲ့ပြီး နောက်ဆုံး ထောင်ထဲမှာပဲ ခမျာဆုံးသွားရှာတာ။ သေသောသူ ကြာရင်မေ့ပေါ့ ကိုရင်ရာ။ သူ့ဇာတ်လမ်းက သူနဲ့အတူတူ အရိုးဆွေးသွားလောက်ပြီ ထင်ထားခဲ့တာ။ သူ့အကြောင်းသိတဲ့ ကိုရင်တစ်ယောက်တော့ဖြင့် ရှိနေရစ်ခဲ့သေးတာကိုး"

ပြဿဒါးခမျာ တစ်ကိုယ်လုံး လှုပ်၍မရချင်တော့။ နေရာတွင်ပင် ပစ်လှဲ၍ အိပ်ချလိုက်ချင်စိတ်တွေပဲ ကြီးစိုးနေ၏။ ကိုငှက်ရိုးကြီး ပြောဆိုနေသည်များကိုလည်း မကြားတစ်ချက်၊ ကြားတစ်ချက်။ ကိုငှက်ရိုးကြီး သူ့မျက်စိရှေ့၌ ငုတ်တုတ်သားရှိနေသည်ကိုလည်း မမြင်တစ်ချက် မြင်တစ်ချက်။





"ဒီလိုတဲ့ကိုရင်ရဲ့။ သူကလည်း သူ့တစ်သက်လုံး ဒီတစ်ကွက်ကောင်းလေးနဲ့ စားပေါက်ချောင်ခဲ့တာဆိုတော့ အဲဒီလုပ်ကွက်ကလေးကို စွဲစွဲမြဲမြဲ ဆုပ်ထားသတဲ့။ လက်ဆုပ်မဖြေနိုင်ဘူးပလေ။ ဘယ်နေရာက ဘယ်လိုပွပေါက်တိုးခဲ့တိုးခဲ့၊ သူ့အတွက် ငှက်ပျောသီး အခွံနွှာစားရတာထက်ပိုလွယ်တဲ့ အဲဒီ 'ကော်ပေါက်'ကလေးကိုတော့ မြိုးမြိုးမြက်မြက် 'ခွင်'ကောင်းကလေးတွေ့ကြုံတိုင်း ကြဲခဲ့တာချည်းပဲတဲ့။ လုပ်တိုင်းလည်း ဖြစ်နေတာဆိုတော့ စွဲမယ်ဆိုရင်လည်း စွဲချင်စရာကြီးကိုး။ အဲ အဲသလိုနဲ့ သူ့ဇာတ်သိမ်းခန်းက မခေါ်ပင့်ချေ ရုတ်ခြည်းရောက်လာသတဲ့ ကိုရင်ရေ့။ အင်းပေါ့လေ . . . အစရှိရင် အဆုံးဆိုတာကလည်း ရှိရဦးမှာက လောကနိယာမဟာကိုးနော့။ ဆိုတော့ . . . နောက်ဆုံးအခေါက် အိမ်တစ်အိမ်မှာ မြေးအဘိုးနှစ်ယောက်ပဲရှိနေကြတုန်း ကိုယ့်လူက 'ပြေးရင်း ချေးပုံးဟပ်မိပဟ'ဆိုပြီး အချောင်ဝင်နှိုက်ကရောဆိုပါစို့။ ခါတိုင်းလိုပဲ လုပ်ရာလုပ်ခင်းက နေရာအကျချင်သား။ အဲဒါ လုပ်နေကိုင်နေရင်းက တစ်ကိုယ်လုံး လေးလံထိုင်းမှိုင်းနုံးချည့်လာပြီး မှောက်ခုံကြီးအိပ်ပျော် သွားသတဲ့ဗျား။ ကဲ . . . အဲဒီမှာ အဖမ်းခံထိတာပဲတဲ့ ကိုရင်"

ကိုငှက်ရိုးကြီးက တမင်သူ့ကို လှောင်ပြောင်သရော်နေသည်ဟု ပြဿဒါးက ထင်ချင်လာသည်။ သူ့ခေါင်းကြီးလည်း ငိုက်စိုက်ကျိုးကျလုမတတ်ဖြစ်နေပြီ။

"ကမ္ဘာပေါ်မှာ အလေးလံဆုံးအရာဝတ္ထုဟာ သိပ်အိပ်ချင်နေတဲ့ မျက်ခွံနဲ့မျက်တောင်ကွ၊ ကောင်နာလေးရဲ့"

ဟူသည့် သူ့ငယ်ဆရာ ဦးတော်ကောင်း၏မျက်နှာကြီးကိုလည်း မြင်သည်။

www.burmeseclassic.com



"ဟုတ်တယ် . . . ဆရာ၊ ဟုတ်တယ်။ ဆရာပြောတာ သိပ်မှန်တာပဲ"

မေးရိုးကြီးတွေ လေးကျလျက် လျှာတွေက ဆွဲလာနေတော့၏။

ကိုငှက်ရိုးကြီးက သူ့စကားကို ပြီးဆုံးအောင်ဆက်၍ ပြောနေဆဲ။

"အဲဒါ ဘာကြောင့်လို့ထင်သလဲ ကိုရင်။ အိမ်ရှင်အဘိုးကြီးက 'ပြဿနာဖေသန်း'ကို ညှော်ထောက်ခံစကားပြောနေရင်းက ဖျော်တိုက်ခဲ့တဲ့ နွားနို့ထဲမှာ အိပ်ဆေးတွေ သာသာထိုးထိုးကလေး ခတ်ထားခဲ့တာကိုး ကိုရင်ရဲ့။ အဟက် . . . ဟက် . . . ဟက်။ 'ပြဿနာဖေသန်း' မသိသားဆိုးရွားလိုက်ပုံက သူ 'အချည်'ထင်ပြီး တစ်ပွဲတစ်လမ်းဝင် 'ဖျည်'ခဲ့တဲ့ ဘိုးတော်ကြီးက အငြိမ်းစားရဲမှူးကြီး၊ ရဲအိုကြီးဆိုတာကို လုံးလုံးမသိခဲ့တာပဲ။ အဲ . . . သိမယ့်သိတော့ အချုပ်ခန်းထဲ သူကရောက်နေခဲ့ပြီလေ။ အဲဒီတစ်ပွဲနဲ့တင် 'ပြဿနာဖေသန်းကြီး' တစ်ဘဝငြိမ်းခဲ့ရတာတဲ့ ကိုရင်ရေ့။ အဲဒါ ထောင်ထဲမှာ သူကကျုပ်ကို ဆရာရင်းဆိုပြီး တိုးတိုးတိတ်တိတ်ရင်ဖွင့်ခဲ့တဲ့ သူ့ဇာတ်လမ်းရဲ့ ဇာတ်သိမ်းနိဂုံးကလေးပေါ့။ အဲဒီအပိုင်းကိုတော့ ကိုရင်သိခဲ့ပုံမပေါ်ဘူးနဲ့တူရဲ့၊ ဟုတ်စ . . . ကိုရင်"

စကားမေးမရတော့။

ပြဿဒါးသည် ဆက်တီထိုင်ခုံပေါ်၌ ဟောက်သံတခေါ်ခေါ်ပေးရင်း ကုန်းကုန်းကြီး အိပ်ပျော်သွားလေပြီ။

သူ့မျက်ဝန်းတွေက စေ့စေ့မပိတ်သေးမီကလေး၌ ဆက်တီစားပွဲပေါ်မှ သူတစ်စက်တစ်စမကျန် သောက်မျိုချပစ်ခဲ့သော ကော်ဖီ





ပန်းကန်ဟောင်းလောင်းလေးကို ကြောက်အားလန့်အား ကြည့်မိခဲ့ဦးမည်က သေချာလှသည်။

ကိုငှက်ရိုးဟုသာ ပြဿဒါးက အမှတ်သညာပြုထားခဲ့သည့် အငြိမ်းစားထောင်မှူးကြီး အဘိုးအိုသည် ဟောက်သံပေးနေဆဲ ပြဿဒါးကို ခပ်ဖွဖွပြုံး၍ကြည့်ရင်း တယ်လီဖုန်းဆီ ထ,ထွက်သွားတော့၏။

"ဖူး . . . ထွား . . . ဟား . . . ဟား . . . ဟား"

ကိုင်း . . . ဟောသည် အန်းကုံးရုပ်ကြီးက ရယ်ပဲရယ်နိုင်လွန်းပေစွ။

■ ■ ■

**ဗေယျုမင်းချင်**

www.burmeseclassic.com

www.burmeseclassic.com



❑

၁၉၉၈ ခုနှစ်က မြစ်ဝကျွန်းပေါ်ဒေသရှိ မြို့ကြီးတစ်မြို့ ပတ်ဝန်းကျင်တွင် ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်ဆန်းတစ်ခုဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

ဦးကျော်စွာသန်းသည် မြစ်ဝကျွန်းပေါ်ဒေသကို အကြိမ်ကြိမ်ရောက်ဖူးသော်လည်း ယနေ့သွားရောက်မည့် ကျွန်းကလေးကိုမူ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသေးပေ။

ဦးကျော်စွာသန်းသည် ယခင်က အစိုးရဌာနကြီးတစ်ခုတွင် အရာရှိကြီးတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ အသက် ၅၀ အရွယ်တွင် နှစ်ပြည့်ပင်စင်ယူခဲ့သည်။ ပင်စင်ယူပြီးမှ ပုဂ္ဂလိကကုမ္ပဏီကြီးတစ်ခုမှ ခေါ်ယူသောကြောင့် ထိုကုမ္ပဏီတွင် ထိပ်ပိုင်းအရာရှိတစ်ယောက်အဖြစ် ထပ်မံလုပ်ကိုင်နေခြင်းဖြစ်သည်။





ကုမ္ပဏီမှာ ပင်လယ်ထွက်ကုန်ပစ္စည်းများကို နိုင်ငံခြားသို့တင်ပို့ရောင်းချသောကုမ္ပဏီဖြစ်ပါသည်။ ယခုခရီးထွက်လာခြင်းမှာ ပင်လယ်ဝမှ ကျွန်းတစ်ခုပေါ်တွင်တည်ရှိသော မိမိတို့ကုမ္ပဏီပိုင် စက်ရုံကို စစ်ဆေးရန် ထွက်လာခဲ့ခြင်းဖြစ်သည်။ ဦးကျော်စွာသန်းသွားရောက်မည့် ကျွန်းပေါ်ရှိရွာကလေးအမည်မှာ 'ကမ်းညိုရွာ' ဟုခေါ်ပါသည်။

ကျွန်းကလေးပေါ်မှ ကမ်းညိုရွာသို့ ... ယနေ့နေ့လယ်တွင် ကုမ္ပဏီမှစီစဉ်ထားသော အထူးရေယာဉ်ဖြင့် သွားရောက်ရမည်ဖြစ်သည်။ ဦးကျော်စွာသန်းသည် မနေ့က ရန်ကုန်မှထွက်လာခဲ့ပြီး ဤမြို့ရှိ ဟိုတယ်ကြီးတစ်ခုတွင် တည်းခိုနေခဲ့သည်။

ဦးကျော်စွာသန်းသည် ကျွန်းကလေးသို့ထွက်ခွာမည့် သင်္ဘောထွက်ရန် အချိန်လိုနေသေးသဖြင့် ကမ်းနားဖက်သို့ လေညင်းခံထွက်ရန် နေ့လယ်စာ စားသောက်အပြီးတွင် ဟိုတယ်မှ တစ်ယောက်တည်း လမ်းလျှောက်၍ ထွက်လာခဲ့လေသည်။

ဟိုတယ်မှာ မြစ်ကမ်းစပ်နှင့် မဝေးလှသောကြောင့် မကြာမီပင် မြစ်ကမ်းနားသို့ ရောက်သွားလေသည်။ ဦးကျော်စွာသန်းက ကမ်းစပ်မှနေ၍ မြစ်ထဲမှရှုခင်းများကို ငေးမောကြည့်နေမိသည်။ ဆိပ်ကမ်းတွင် သင်္ဘောများရော စက်လှေများပါ ဆိုက်ကပ်ထား၏။ ကျွန်းသို့ ခရီးထွက်လျှင် ဤဆိပ်ကမ်းမှပင် မိမိတို့သင်္ဘောထွက်ခွာရမည်ကို ဦးကျော်စွာသန်း သိထားပါသည်။

ဦးကျော်စွာသန်း မြစ်ထဲကိုငေးနေစဉ် တစ်ဖက်မှလျှောက်လာသော လူတစ်ယောက်က ဦးကျော်စွာသန်းကို မြင်သွားသည်။

ထိုသူက ဦးကျော်စွာသန်းကို အံ့ဩစွာကြည့်ကာ အားရပါးရ နှုတ်ဆက်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟကောင်ကြီး ...ဘာလုပ်နေတာတုံး။ မင်းဘယ်ငနန်းက ရောက်သလဲ။ အောင်မယ် ...ကြည့်စမ်း။ မင်းက တိုက်ပုံနဲ့ဘာနဲ့ ဒီလိုဆိုတော့လည်း မြို့ကြီးသားလိုလို၊ ဘာလိုလို ...အဲ ..."

ဦးကျော်စွာသန်းကို ခေါ်ပြောနှုတ်ဆက်နေသူသည် ဦးကျော်စွာသန်းက သူ့ကို တအံ့တဩနှင့် ပြန်ကြည့်နေသည်ကို မြင်လိုက်သည့်အခါ စကားတစ်ဝက်တစ်ပျက်နှင့် ရပ်သွားလေ၏။ ထိုသူ့မျက်နှာတွင် ဇဝေဇဝါအရိပ်အယောင်များ ထင်ဟပ်သွားလေသည်။

မိမိနှုတ်ဆက်နေသူသည် မိမိသိကျွမ်းသူ အမှန်တကယ်မှ ဟုတ်ပါရဲ့လားဟု ဇဝေဇဝါ ဖြစ်သွားပုံမျိုးဖြစ်၏။ ဖြစ်လည်းဖြစ်လောက်ပါပေသည်။ အမှန်တကယ်လည်း ဦးကျော်စွာသန်းသည် သူ့အသိအကျွမ်းမဟုတ်ပေ။

"မိတ်ဆွေ လူမှားနေပြီထင်တယ်။ ကျွန်တော်က ရန်ကုန်က လာတဲ့ ဧည့်သည်ပါဗျာ"

"ဟင် ...ဟုတ်လား။ တူလွန်းလို့ပါဗျာ။ ကျုပ်တို့ရွာကလူနဲ့ တကယ်ကိုတူတာဗျ။ စိတ်မဆိုးနဲ့နော် နောင်ကြီး။ ကျုပ် လူမှားသွားတာပါ"

လူစိမ်းက သူ့ကိုတောင်းပန်ကာ လူမှားသည့်အတွက် ရှက်သွားဟန်ဖြင့် ခပ်သုတ်သုတ် ထွက်ခွာသွားလေ၏။

ဦးကျော်စွာသန်းက ထိုသူကို ငေး၍ ကျန်ခဲ့သည်။ သူ့ကို လူမှားနှုတ်ဆက်သူသည် တောသူတောင်သားတစ်ဦးအသွင် ဝတ်ဆင်ထားသူဖြစ်၏။ ခေါင်းပေါင်းကြီးနှင့် ပုဆိုးတိုတို ဝတ်ထားသူဖြစ်သည်။ ဦးကျော်စွာသန်းနှင့် လူမှားခံရသူ သူ့အသိမိတ်ဆွေမှာလည်း သူ့လို တောသူတောင်သားတစ်ယောက်ပင် ဖြစ်ပုံရသည်။ ကျုပ်တို့ရွာကလူနဲ့





တူလို့ပါဟု ပြောသွားသည်မဟုတ်ပါလား။

ထိုသူသည် သူ့ကို အမှန်တကယ်ပင် လူမှားခဲ့ခြင်းဖြစ်ကြောင်း ဦးကျော်စွာသန်း ယုံကြည်ပါသည်။ တမင်တကာ ပုံမှားရိုက်ခြင်း မဟုတ်နိုင်ပါ။ ထိုသူ့အသွင်သဏ္ဌာန်က ရိုးသားသော တောသားတစ်ဦးဖြစ်မှန်း သိသာနေပါ၏။

ဦးကျော်စွာသန်းသည် မိမိနှင့် အမှားခံရသူသည် မိမိနှင့်ဘယ်လောက်ထိအောင်များ တူနေလို့ပါလိမ့်ဟု စဉ်းစားနေမိလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## | ၂ |

❑

ဖိုးမာဒင်သည် မြစ်ကမ်းစပ်တွင် ရပ်နေသောလူကို ရုတ်တရက် အမြင်တွင် ရွာမှ ကိုကြာမောင်ဟုအထင်မှတ်ကာ အားရပါးရ နှုတ်ဆက် လိုက်မိသည်။ ပြီးမှ ထိုလူ ဝတ်စားဆင်ယင်ထားပုံက သန့်ပြန့်သပ် ရပ်ကာ မြို့ကြီးသားဟန်ပေါက်နေပုံ၊ ပညာတတ် လူတန်းစားဟန် ပေါက်နေပုံတို့ကို ကြည့်ရင်း ကိုကြာမောင်မှ ဟုတ်ပါလေစဟု ချက်ချင်း သံသယဝင်သွားခဲ့သည်။ စကားကိုပင် ဆုံးအောင်မပြောမိပဲ ထိုလူကို အကဲခတ်ကြည့်နေမိ၏။

ထိုလူက သူသည် ရန်ကုန်ကလာသော ဧည့်သည်ဖြစ်ကြောင်း ပြောလိုက်သောအခါ ဖိုးမာဒင်ရှက်သွားမိသည်။ မြို့ကြီးသားတစ်ယောက် ကို လူမှားနှုတ်ဆက်မိသည့်အတွက်လည်း အားနာသွားကာ သူ့ရှေ့မှ အမြန်လစ်ထွက်ခဲ့လေတော့သည်။





ထိုလူမှာ သူတို့ရွာမှ ကိုကြာမောင်နှင့် အလွန်ပင်တူသော ကြောင့် သူမှားမိတာ သူ့အလွန်မဟုတ်ဟုပင် တွေးမိပါသည်။ ထိုလူနှင့် ကိုကြာမောင်မှာ မြို့သားပညာတတ်နှင့် တောနေ လက်လုပ်လက်စား အသွင်အပြင်မျှသာ ကွာခြားသည်။ ရုပ်ရည်အရပ်အမောင်းတို့မှာ အတူ တူပင် ဖြစ်ပါသည်။

ဖိုးမာဒင်က ထိုအကြောင်းကို ရွာရောက်လျှင် ပြောပြရဦးမည် ဟု တေးထားလိုက်သည်။

ရွာပြန်ဖို့အတွက် ရွာသို့သွားသောစက်လှေရှိသည့် ကမ်းစပ်သို့ ဆင်းလာခဲ့လေသည်။

စက်လှေနားသို့ရောက်သည့်အခါ ဖိုးမာဒင်အတွက် ပို၍အံ့ဩ စရာ ကြုံရတော့သည်။ သူ မြို့ကြီးသားနှင့် လူချင်းမှားခဲ့သော သူတို့ ရွာမှ ကိုကြာမောင်မှာ စက်လှေပေါ်တွင် ရောက်နေသောကြောင့်ဖြစ်သည်။

ဖိုးမာဒင်က ကိုကြာမောင်ကို တွေ့တွေ့ချင်း ကိုကြာမောင် နှင့် အခြားသူတစ်ယောက်ကို မှား၍နှုတ်ဆက်ခဲ့သည့်အကြောင်း၊ ထိုသူ မှာ ကိုကြာမောင်နှင့် ရုပ်ချင်း ချွတ်စွပ်တူရုံမက အသက်အရွယ်ချင်း လည်း အတူတူပင်ဖြစ်ကြောင်း ပြောပြလိုက်သည်။

ဖိုးမာဒင်စကားကို ဦးကြာမောင်က စိတ်မဝင်စားနိုင်အားပါ။ မြို့ကိုတက်ဝယ်သော ကုန်ပစ္စည်းများကို အလုပ်သမားများဖြင့် စက်လှေ ပေါ် တင်နေသောကြောင့် ဖြစ်သည်။

ဦးကြာမောင်သည် သူတို့ရွာတွင် ပစ္စည်းမျိုးစုံရောင်းသော ကုန် စုံဆိုင်ကြီး ဖွင့်ထားသည်။ ရွာမှာတော့ အတန်အသင့် ကြွယ်ဝချမ်းသာ သူ ဖြစ်ပါသည်။ ဆိုင်အတွက်လိုအပ်သော ပစ္စည်းများကို မကြာမကြာ ယခုလိုပင် မြို့သို့ တက်ဝယ်နေကျဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ...ဒီစက်လှေနဲ့ပြန်လိုက်မှာလား ကိုကြာမောင်"

"အေးပေါ့ ..."

"ကျုပ်လည်းလိုက်မှာ"

"ခင်ဗျား ဘယ်တုံးကရောက်တာလဲ"

"ကျုပ်ရောက်နေတာ နှစ်ရက်ရှိပြီ။ ကျုပ်တွေ့ခဲ့တဲ့လူကဗျာ ခင်ဗျားနဲ့ တော်တော်တူတာပဲ"

"လူတူမရှားပေါ့ဗျာ။ နည်းနည်းဖယ်လိုက်ဦး ကိုမာဒင်။ နောက်မှာ အလုပ်သမားတစ်ယောက် ပစ္စည်းထမ်းပြီး တက်လာတယ်"

ဦးမာဒင်က လောလောဆယ် ဦးကြာမောင် မအားသေးသောကြောင့် စက်လှေထွက်မှပင် ထိုအကြောင်းကို စက်လှေပေါ်တွင် ပြန်ပြောပြတော့မည်ဟု တေးထားလိုက်သည်။

ဦးမာဒင်ရော ဦးကြာမောင်ပါ မကြာခင် စက်လှေထွက်လာရာတွင် 'စိန်ဝင်းလှိုင်'အမည်ရှိ ထိုစက်လှေနှင့် ပါသွားကြလေ၏။

သူတို့ပြန်မည့်ရွာမှာ ပင်လယ်ထဲမှ ကျွန်းကလေးတစ်ကျွန်းပေါ်တွင်ရှိသော ကမ်းညို ...ဆိုသည့်ရွာဖြစ်ပါသည်။

| ၇ |

❑

ဦးကျော်စွာသန်းနှင့်အဖွဲ့သည် ညနေသုံးနာရီတွင် 'တိမ်ပျံ' အမည်ရှိ မော်တော်ဘုတ်ဖြင့် ကမ်းညိုရွာသို့ ထွက်ခွာလာခဲ့ကြသည်။

ဦးကျော်စွာသန်းသည် မှန်ပြောင်းတစ်လက်ဖြင့် ပတ်ဝန်းကျင်ရှုခင်းများကိုကြည့်ရင်း မော်တော်ဘုတ်ပေါ်တွင် ပါလာခဲ့သည်။ ဆန်းသစ်သော ရှုမျှော်ခင်းများကြောင့် ဦးကျော်စွာသန်း၏စိတ်များ လန်းဆန်းလျက်ရှိသည်။ ရာသီဥတုမှာလည်း သာယာလျက်ရှိပါသည်။

သို့ဖြင့် သူတို့၏ မော်တော်ဘုတ်ကလေးသည် ပင်လယ်ဝသို့ ရောက်လာလေသည်။

ပင်လယ်ထဲအရောက်တွင် ရာသီဥတုအခြေအနေက ပြောင်းလဲသွားလေသည်။ မိုးသားများ ညို့မှိုင်းတက်လာသည်။ လေပြင်းများ ကျလာသည်။

တပည့်လေးတစ်ယောက်က ဦးကျော်စွာသန်းအား ...

"ဆရာ ...သဘော်အတွင်းထဲ ဝင်နေပါ"

ဟု လာ၍ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးကြာမောင်က ဖိုးမာဒင်စကားများကို နားထောင်ရင်း ထိုသူဟာ မိမိနဲ့ဘယ်လောက်ထိအောင် တူလိုပါလိမ့် တော်တော်များ တူလေသလားဟု တွေးနေမိလေတော့သည်။

ထိုစဉ် ... စက်လှေမှာ လှုးလွန့်သွားသည်။

''လေပြင်းကျတယ်''

ဟု စက်ခန်းထဲမှပြောလိုက်သော အသံကိုလည်း ကြားလိုက်ရလေသည်။

❋ ❋ ❋

[ ၉ ]

❑

ဖိုးမာဒင်နှင့် ဦးကြာမောင်တို့ပါလာသော စက်လှေသည် ညနေပိုင်းတွင် ပင်လယ်ဝသို့ရောက်ရှိသည်။

စက်လှေထွက်ခါစက ရုတ်ရုတ်သည်းသည်း ဖြစ်နေသောကြောင့် ဖိုးမာဒင်သည် ဦးကြာမောင်ကို သူနှင့်တူတဲ့လူအကြောင်း မပြောဖြစ်သေး။ ဖိုးမာဒင်နှင့် ဦးကြာမောင်မှာ စက်လှေပေါ်တွင် နေရာချင်း တခြားစီလည်း ဖြစ်နေသည်။

ပင်လယ်ဝကိုအထွက် လူများငြိမ်သက်စွာ အိပ်ငိုက်နေချိန်မှာပင် ဖိုးမာဒင်သည် ဦးကြာမောင်ရှိရာသို့ ထလာကာ ထိုအကြောင်းကို ပြောပြလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## ၅

ထိုညက ပင်လယ်ပြင်တွင် မမျှော်လင့်ပဲ မုန်တိုင်းတစ်ခုတိုက်ခတ်သွားခဲ့လေသည်။ မုန်းတိုင်းစချိန်တွင် ညမှောင်ရိပျိုးနေပြီ။ လမိုက်ညလည်းဖြစ် မုန်တိုင်းလည်းကျလာရာ ပင်လယ်ပြင်ထဲတွင် အမှောင်ထုလွှမ်းပြီး ဘာကိုမျှ မမြင်ရတော့။

ဦးကျော်စွာသန်းပါလာသော တိမ်ပျံမော်တော်ဘုတ်သည် ဖြည်းညင်းစွာမောင်းနှင်ရင်း ခရီးဆက်ခဲ့သည်။

ထိုနည်းတူ ဦးကြာမောင်ပါလာသော စိန်ဝင်းလှိုင်စက်လှေသည်လည်း ပင်လယ်ထဲတွင် မုန်တိုင်းမိကာ လမ်းပျောက်သွားခဲ့သည်။ စက်လှေကို ပင်လယ်ပြင်ထဲ၌ ရပ်ထားလို့မရသဖြင့် စမ်းတဝါးဝါးဖြင့် ဆက်လက်မောင်းနှင်ခဲ့ရလေသည်။





မုန်တိုင်းကျပြီး နာရီဝက်သာသာလောက်တွင် စိန်ဝင်းလှိုင်စက်လှေ၏ နောက်မြီးသို့ တစ်စုံတစ်ခုဖြင့်ဝင်တိုက်ခြင်း ခံရလိုက်ရလေသည်။ စိန်ဝင်းလှိုင်စက်လှေသည် လည်ထွက်သွားကာ စက်လှေဝမ်းဗိုက်မှာလည်း ပေါက်သွားလေတော့၏။

ထိုနည်းတူ မုန်တိုင်းကြား၌ စမ်းတဝါးဝါး မောင်းနှင်လာခဲ့သော တိမ်ပျံမော်တော်ဘုတ်သည် ရှေ့တွင်ရှိနေသော အရာဝတ္ထုကို မမြင်သာပဲ ဝင့်တိုက်မိလိုက်လေသည်။ တိမ်ပျံမော်တော်ဘုတ်မှာ တိမ်းစောင်းသွားလေ၏။

မုန်တိုင်းကြားတွင် တိမ်ပျံမော်တော်ဘုတ်သည် မိမိရှေ့မှသွားနှင့်နေသော စိန်ဝင်းလှိုင်စက်လှေကို အရှိန်ပြင်းစွာ ဝင်တိုက်မိခြင်းပင်ဖြစ်တော့သည်။

လေပြင်းမုန်တိုင်းဒဏ်ကြောင့် တိုက်မိလိုက်သော ရေယာဉ်နှစ်စီးလုံးမှာ ရေအောက်သို့ နှစ်မြုပ်သွားခဲ့လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## | ၆ |

❑

နောက်တစ်နေ့မနက်တွင် စိန်ဝင်းလှိုင်စက်လှေနှင့် တိမ်ပျံမော်တော်ဘုတ်တို့ တိုက်မိပြီး နှစ်စီးလုံး နစ်မြုပ်သွားသောသတင်း ထွက်ပေါ်လာလေသည်။

ရေယာဉ်တိုက်မှုတွင် တိမ်ပျံမော်တော်ဘုတ်ပေါ်မှ သင်္ဘောသားတစ်ဦးနှင့် စိန်ဝင်းလှိုင်စက်လှေပေါ်မှ ခရီးသည်သုံးဦးကိုသာ အသက်ရှင်လျက်ဖြင့် ကယ်တင်နိုင်ခဲ့သည်။

ပျောက်ဆုံးနေသူများအား သက်ဆိုင်ရာက အပူတပြင်း ရှာဖွေလျက် ရှိကြလေသည်။

## | ၇ |

❑

သဘောၤနစ်မြုပ်သော သတင်းကြောင့် ရန်ကုန်မှ ဦးကျော်စွာသန်း၏ မိသားစုနှင့်အတူ ကုမ္ပဏီမှ တာဝန်ရှိသူများ မြို့သို့ရောက်လာကြလေသည်။

သတင်းကြားဖြင့် ကမ်းညီရွာမှ ဦးကြွေးမောင်၏မိသားစုလည်း ရောက်လာကြသည်။

နစ်မြုပ်သွားသော ရေယာဉ်များမှ ကျွယ်လွန်သွားသူတို့၏ အလောင်းများက ဆေးရုံကြီးသို့ တစ်သုတ်ပြီးတစ်သုတ် ရောက်လာလျက်ရှိသည်။

စက်လှေပေါ်တွင်ပါသွားသော ခရီးသည်စာရင်း၊ မော်တော်ဘုတ်ပေါ်တွင် လိုက်ပါသွားသူများ အမည်ဇယားများအရ အလောင်းမတွေ့သေးပဲ ပျောက်ဆုံးနေသူများ ကျန်ရှိနေပါသေးသည်။

www.burmeseclassic.com



ဦးကျော်စွာသန်း၏မိသားစုက ဆေးရုံကြီးတွင် စောင့်ဆိုင်းကာ ရောက်လာသောအလောင်းများထဲမှ ဦးကျော်စွာသန်းအလောင်းကို ရှာဖွေလျက်ရှိသည်။ ယခုထိ ဦးကျော်စွာသန်းအလောင်းကို မတွေ့ရသေး။

ဦးကျော်စွာသန်း၏မိသားစုမှာ ဇနီးနှင့် သမီးသုံးယောက်တို့ ဖြစ်ကြပါသည်။

ဆေးရုံကြီးတွင် ရေယာဉ်နစ်မြုပ်ရာ၌ပါသွားသော အခြားသူတို့၏ မိသားစုများလည်း ရှိနေပါသည်။

အလောင်းတွေ့ရှိသူတို့၏ ဆွေမျိုးသားချင်းတို့ ငိုယိုသံများဖြင့် ဆေးရုံ ရေခဲတိုက်တစ်ဝိုက်တွင် ဆူညံလျက်ရှိပါသည်။ နောက်ထပ်ရောက်လာသော အလောင်းများကို တိုးဝှေ့ကြည့်ရင်းဖြင့်လည်း ရုတ်ရုတ်သည်းသည်း ဖြစ်နေကြ၏။

ထိုအထဲတွင် ကမ်းညိုရွာမှ ဦးကြာမောင်၏မိသားစုလည်း ပါဝင်သည်။ ဦးကြာမောင်မိသားစုမှာ ဇနီးနှင့် သမီးသုံးယောက်ဖြစ်ပါသည်။

ဦးကြာမောင်အလောင်းကို ယခုထိမတွေ့ရသေးပါ။

| ၈ |

❑

"နောက်ထပ် အလောင်းတစ်လောင်း ရောက်လာတယ်"

သတင်းစကားကြောင့် ဦးကြာမောင်၏သမီးအကြီး မာလာသည် အလောင်းကို အပြေးအလွှား ကြည့်ရှုလိုက်သည်။ အလောင်းမှာ ယောကျ်ားအလောင်းဖြစ်ပြီး တစ်ကိုယ်လုံးကို ပိတ်ဖြူစဖြင့် ဖုံးအုပ်ထားသည့်အတွက် မည်သူမည်ဝါဖြစ်ကြောင်း မသိရသေး။

အလောင်းစောင့်နေသူအားလုံး အလောင်းရှိရာသို့ စုဝေးရောက်ရှိလာကြသည်။

ဦးကျော်စွာသန်း၏သမီးအကြီး ခင်မာလာသန်းသည် လျင်မြန်သွက်လက်စွာဖြင့် ပြေးလာရာ ရှေ့ဆုံးသို့ ရောက်သွားလေသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဦးကြာမောင်၏သမီးအကြီး မာလာကလည်း ရောက်လာသော အလောင်းကိုကြည့်ရန် လူအုပ်စုရှေ့ဆုံးတွင် ရှိနေသည်။

အလောင်းပေါ်လွှမ်းထားသော ပိတ်ဖြူစကို လှပ်လိုက်သည်။

"ဟင် ... အဖေ"

"အို ... ဒက်ဒီ"

မာလာနှင့် ခင်မာလာသန်းတို့နှုတ်မှ ပြိုင်တူထွက်ကျလာသော စကားလုံးများဖြစ်သည်။

"အဖေ့အလောင်းကိုတွေ့ပြီ၊ အဖေ့အလောင်းကိုတွေ့ပြီ၊ အမေ ညီမလေးတို့ လာကြ ... လာကြ"

မာလာက သူ့မိသားစုကို လှမ်းခေါ်လိုက်သည်။

"မာမီ ... ဒက်ဒီ ဒီမှာ ... ဒီမှာ၊ တွေ့ပြီ"

ခင်မာလာသန်းကလည်း သူ့မိခင်နှင့်ညီမများကို လှမ်းခေါ်လိုက်သည်။

မသက်ဆိုင်သူများက အလောင်းရှေ့မှ ရှဲသွားကြလေ၏။

သို့သော် ... ထိုသူများသည် မာလာနှင့် ခင်မာလာသန်းတို့ မိသားစုနှစ်စု အငြင်းပွားနေသည်ကို တွေ့မြင်ရသည့်အခါ အလောင်း အနီးသို့ ဝိုင်းအုံလာကြပြန်လေသည်။

"ဒါ ... ကျွန်မတို့အဖေ ဦးကြာမောင်ပါ"

"အို ... မဟုတ်တာ၊ ဒါ တို့ဖေဖေ ဦးကျော်စွာသန်းပါ"

မာလာနှင့် ခင်မာလာသန်းက အလောင်း၏တစ်ဖက်တစ်ချက်စီတွင် ရပ်ရင်း အငြင်းပွားလိုက်ကြလေသည်။

အလောင်းသည် အဝတ်အစားများမရှိတော့ပဲ ကိုယ်လုံးတီး ဖြစ်လျက်ရှိသည်။





"တို့ဖေဖေတက်တူပဲပါတယ်။ ပြမယ်"

"ဟုတ်ပါတယ် မိန်းကလေး။ ဟောဒီပုဂ္ဂိုလ်ဟာ ဦးတို့ကုမ္ပဏီ က ဦးတို့အရာရှိ ဦးကျော်စွာသန်းပါ။ မိန်းကလေးတို့အဖေ ဟုတ်မဟုတ် သေချာကြည့်ပါဦး"

ခင်မာလာသန်းဖက်မှ ကုမ္ပဏီလူကြီးတစ်ဦးက ဝင်၍ထောက်ခံ သည်။

ခင်မာလာသန်းကလည်း သူ့မိခင်ထံမှ ဓာတ်ပုံတောင်းယူကာ ဓာတ်ပုံကို အများမြင်သာအောင် အလောင်းနှင့်ယှဉ်၍ ပြလိုက်သည်။

"အို ... ဒီလိုဆိုရင် ကျွန်မတို့လည်း သက်သေပြစရာရှိတာ ပဲ၊ ဒီမြို့ပေါ်မှာ ကျွန်မတို့အဖေဦးကြာမောင်ကို သိတဲ့လူတွေ အများ ကြီးရှိတယ်"

တစ်ဖက်နှင့်တစ်ဖက် သူ့အလောင်းကိုယ့်အလောင်း အငြင်း ပွားနေကြစဉ် ဦးကျော်စွာသန်း၏တပည့်တစ်ဦး အနီးသို့ ရောက်လာ သည်။

"အလောင်းတစ်လောင်း ရောက်လာပြန်ပြီ၊ အဲဒီအလောင်း ကမှ ဆရာ့အလောင်းဖြစ်နေမလားမသိဘူး၊ လိုက်ကြည့်ပါဦး"

"ဟင် ... ဘာဖြစ်လို့လဲ"

"ဒီအလောင်းနဲ့ အဲဒီအလောင်း လူချင်းချွတ်စွပ်တူနေလို့ပါ"

"ဟေ ..."

"ဟင် ..."

မိသားစုနှစ်စုလုံး နောက်ထပ်ရောက်လာသော အလောင်းဆီ သို့ အပြေးအလွှား ရောက်သွားကြလေသည်။

ထိုအလောင်းကို မြင်လိုက်ရသည့်အခါ နှစ်မိသားစုလုံး မှင်



www.burmeseclassic.com

www.burmeseclassic.com



တက်မိစွာဖြင့် ဘာမျှမပြောနိုင်အောင် ဖြစ်သွားကြလေသည်။

မိသားစုနှစ်ခုလုံးမှာ အလောင်းနှစ်လောင်းကိုကြည့်၍ ဘယ်ဟာက ကိုယ့်ဖခင်ဆိုတာ မခွဲနိုင်အောင် ဖြစ်သွားကြသည်။ ဇနီးနှစ်ယောက်လုံးပင် ဘယ်ဟာကိုယ့်ယောကျ်ားမှန်း မခွဲခြားတတ်အောင် ဖြစ်နေကြတော့၏။

ရေနစ်သေခဲ့၍ အဝတ်အစားများကင်းမဲ့နေသော အလောင်းနှစ်လောင်းတွင် ခွဲခြားနိုင်သော အထောက်အထားတစ်ခုမျှ ရှာလို့မတွေ့ပေ။ ရုပ်ရည်၊ အရပ်အမောင်းသာမက ဆံပင်ပုံစံချင်းပင် တူနေကြသေး၏။ အသက်ကြီးလာ၍ ဗိုက်ရွှဲလာခဲ့ရာ ဗိုက်ရွှဲပုံချင်းပင် တူနေကြပြန်သည်။

မိသားစုနှစ်စု တစ်ဦးနှင့်တစ်ဦးကြည့်ကာ ကြောင်အ,အ ဖြစ်ကုန်ကြတော့သည်။

ထိုအခါမှ . . . တစ်မိသားစုနှင့် တစ်မိသားစု ဘယ်သူဘယ်ဝါတွေဆိုတာ စုံစမ်းမေးမြန်းမိကြတော့သည်။

ဦးကျော်စွာသန်း၏ မိသားစုမှာ ရန်ကုန်မှလာခဲ့ကြခြင်းဖြစ်ပြီး ဇနီးဖြစ်သူက ဒေါ်ဒေစီ၊ သမီးသုံးယောက်က ခင်မာလာသန်း၊ ခင်ညွှာသန်းနှင့် ခင်သီတာသန်းဟူ၍ ဖြစ်ကြလေသည်။

ဦးကြာမောင်မိသားစုမှာ ကမ်းညိုရွာမှဖြစ်ကြပြီး ဇနီးဖြစ်သူက ဒေါ်အေးခင်၊ သမီးသုံးယောက်က မာလာ၊ စန္ဒာနှင့် သန္တာတို့ဖြစ်ပါသည်။

ဖခင်နှစ်ယောက် ရုပ်ချင်း ချွတ်စွပ်တူနေရုံမက၊ သမီးသုံးယောက်ရှိတာချင်းလည်း တူနေသည်။ အကြီးဆုံးသမီးများအမည်ချင်းပင် တူနေကြပြန်သေး၏။

---





အရေးကြီးတာက ဒီပြဿနာကို ဘယ်လိုရှင်းမလဲ။

ဘယ်သူ့ကို ဦးကျော်စွာသန်း၊ ဘယ်သူ့ကို ဦးကြာမောင်အဖြစ် သတ်မှတ်သင်္ဂြိုဟ်ကြမည်လဲ။

"ဆရာ့မှာတော့ မိဘတွေမရှိတော့ဘူး၊ မွေးချင်းညီအစ်ကို မောင်နှမလည်း မရှိဘူး။ ဟုတ်တယ်နော် မမဒေစီ"

ဦးကျော်စွာသန်း၏ တပည့်တစ်ဦးက ဝင်ပြောလိုက်သည်။

"ဟုတ်ပါတယ်။ ကိုကျော်စွာသန်းက သူ့မိဘတွေရဲ့ တစ်ဦးတည်းသောသားပါ။ ဘာဖြစ်လို့လဲ"

"ကျွန်တော်ဆိုလိုတာက ဒီလိုပါမမဒေစီ။ ဆရာ့မှာ မိဘတွေ ညီအစ်ကိုမောင်နှမရင်းတွေရှိနေရင် ဒီအလောင်းနှစ်လောင်းထဲမှာ ဆရာဟာ ဘယ်သူပါဆိုတာ ခွဲနိုင်ကောင်း ခွဲနိုင်လိမ့်မယ်ထင်လို့ ပြောတာပါ"

"မမက သူ့ဇနီးပါကွယ်။ နှစ်ပေါင်းသုံးဆယ်နီးပါး ပေါင်းလာတာပါ။ မမတော့ မခွဲတတ်ဘူး။ ဘယ်သူကရော ခွဲတတ်ဦးမှာလဲ"

"ဟုတ်ပြီ . . .။ ဒါဆိုရင် ကျွန်မတို့မှာ အဘွားရှိသေးတယ်။ အဖေ့ရဲ့အမေ အဘွားရှိသေးတယ်"

ဦးကြာမောင်သမီး မာလာက ပြောလိုက်သည်။

"ဟုတ်ပါရဲ့၊ အမေကတော့ အမေအရင်းဆိုတော့ကာ သူ့သားဟာ ဘယ်သူဆိုတာ ခွဲတတ်လိမ့်မယ်ထင်ပါရဲ့"

ဦးကြာမောင်ဇနီး ဒေါ်အေးခင်က မာလာ့အကြံကို ထောက်ခံလိုက်သည်။

www.burmeseclassic.com

| ၉ |

ယင်းသို့ဖြင့် . . . နောက်တစ်နေ့တွင် ကမ်းညိုရွာရှိ ဦးကြ မောင်မိခင် ဒေါ်ညိုဆိုသူအဘွားအိုအား သွားရောက်ခေါ်ယူလိုက်ေ သည်။

ဒေါ်ညိုသည် အသက် ၅၅ နှစ်အရွယ်ရှိ အဘွားအိုတစ် ဖြစ်ကာ မျက်စိမမြင်တော့ပေ။ မျက်မမြင်အဘွားအိုက အလောင်း လောင်းထဲမှ သူ့သား မည်သူဖြစ်သည်ကို ဘယ်လိုများ ခွဲခြားမြင်နိုင် ပါလိမ့်။

နှစ်မိသားစုလုံးပင် စိတ်စောနေကြလေ၏။

ဖြစ်စဉ်ကိုကြားသိထားသော အခြားလူများလည်း စိတ် စားစွာ လာကြည့်နေကြလေသည်။





ဒေါ်ညို့ကို အလောင်းနှစ်လောင်းယှဉ်ထားသည့် ရေခဲတိုက် ထဲသို့ လက်တွဲခေါ်ခဲ့ကြ၏။

ရေခဲတိုက်ထဲရောက်မှ အဘွားအိုကို အကျိုးအကြောင်း ရှင်းပြ လိုက်ရသည်။ အဘွားအိုမှာ မျက်စိမမြင်ရုံသာမက နားပါလေးနေပြီ ဖြစ်၍ ချွေးမဖြစ်သူဒေါ်အေးခင်က ကြားအောင် အော်ပြောရလေသည်။

"အမေ အမေ့သား ကိုကြာမောင် ဆုံးပြီဆိုပေမယ့် ပြဿနာ တစ်ခုရှိနေတယ် အမေ။ ရေထဲကဆယ်လို့ရတဲ့ အလောင်းထဲမှာ ကိုကြာ မောင်နဲ့ ရုပ်ချင်းချွတ်စွပ်တူတဲ့ အလောင်းတစ်လောင်းပါနေတယ်။ အမေ ကျွန်မပြောတာ ကြားတယ်နော်"

အဘွားအိုက ခေါင်းညိတ်ပြသည်။

"အဲဒါ ကျွန်မတို့ ကိုကြာမောင်ဘယ်သူဆိုတာ ခွဲလို့မရဖြစ် နေတယ်။ အလောင်းနှစ်လောင်းကို အမေလက်နဲ့စမ်းပြီး ခွဲခြားပေး ပါအမေ။ အမေက အမေအရင်းဆိုတော့ ကိုယ့်သား ဘယ်သူဆိုတာ သိမှာပါ။ နော် . . . အမေ"

အဘွားအိုက ဘာမှပြန်မပြော။ ခေါင်းပင်ညိတ်ပြလေသည်။

ဒေါ်အေးခင်က ဒေါ်ညိုကို အလောင်းနှစ်လောင်းယှဉ်ထား သည့်နေရာသို့ ခေါ်သွားလိုက်သည်။

"ဒီမှာပါ အမေ၊ စမ်းကြည့်ပါဦး။ အမေ့သားအလောင်းက ဘယ်ဟာဆိုတာ . . ."

အဘွားအိုက ပိန်လှီ၍ အကြောအပြိုင်းပြိုင်းထနေသော လက်ဖြင့် အလောင်းတစ်လောင်းကို စမ်းသပ်လိုက်လေသည်။ ပထမ မျက်နှာကိုစမ်းသပ်ကာ မျက်နှာပေါ်မှ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်တို့ကို စမ်းသပ်ကြည့်သည်။ ခြေဆုံးခေါင်းဆုံးလည်း ကိုင်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အမေ ... ဒီအလောင်းက အမေ့သား ကိုကြာမောင်လား ဟင်"

ဝိုင်းကြည့်နေသူများက အသက်ပင်မရှူမိပဲ အဘွားအိုထံမှ အဖြေကို စောင့်မျှော်နေကြလေသည်။

"နောက်တစ်လောင်းက ဘယ်မလဲ"

ဒေါ်ညိုက မေးလိုက်သည်။

ဒေါ်အေးခင်က နောက်ထပ်အလောင်းတစ်ခုရှေ့သို့ တွဲခေါ်သွားကာ အဘွားအိုလက်ဖြင့် ထိပေးလိုက်သည်။

ပထမစမ်းသပ်တဲ့ အလောင်းဟာ ဦးကြာမောင်မဟုတ်လို့ နောက်တစ်လောင်းကို ထပ်ပြီး စမ်းသပ်ကြည့်တာများလား။ ဇနီးများနှင့်မြေးများ အတွေးပွားနေမိကြသည်။

အဘွားအိုဒေါ်ညိုက ယခင်အလောင်းကိုစမ်းသပ်ခဲ့သည့် နည်းတူ ဒုတိယအလောင်းကို အသေးစိတ် စမ်းသပ်ကြည့်ပြန်သည်။

"ဘယ်လိုလဲ အမေ။ ကိုကြာမောင်က ဘယ်သူလဲ"

ဒေါ်အေးခင်က စိတ်စောစွာ မေးလိုက်သည်။

ဒေါ်ညို့ထံမှအဖြေကို အားလုံးပင် စိတ်ဝင်စားစွာ စောင့်စားနေကြလေ၏။

"နှစ်ယောက်စလုံး ငါ့သားတွေပါပဲအေ"

"ရှင် ..."

"ဟင် ..."

"ဟာ ..."

"အို ..."

အာမေဍိတ်သံများက ရေခဲတိုက်အတွင်း ဟိန်းသွားလေသည်။





အမှန်တကယ်ပဲလား။ မျက်မမြင်အဘွားအိုဟာ သတိတရားချွတ်ချော်ပြီးများ ထင်မိထင်ရာ ပြောလေသလား။

"တစ်ယောက်က ကြာမောင်၊ တစ်ယောက်က ဘယ်သူ"

"ဦးကျော်စွာသန်းပါတဲ့ အမေ"

"အဲဒီ မောင်ကျော်စွာသန်းရဲ့မိန်းမကို ငါတွေ့ချင်တယ်"

"ကျွန်မဒီမှာရှိပါတယ်။ ကျွန်မနာမည် ဒေစီပါအမေ"

ဒေါ်ဒေစီက ဒေါ်ညို့ရှေ့တွင် လာရပ်ကာ ပြောလိုက်သည်။

"မိန်းကလေး ... မင်းရဲ့ယောက်ျားဟာ သူ့မိဘများရဲ့ မွေးစားသားလို့ မင်းသိခဲ့သလား။ အဲဒီလိုများ သူကပြောခဲ့သလား"

"ကိုကျော်စွာက တစ်ခါမှ အဲဒီလိုမပြောဖူးပါဘူး အမေ။ သူ့မိဘတွေက ဦးမောင်လှနဲ့ဒေါ်ဌေးဌေးတဲ့။ ကိုကျော်စွာဟာ တစ်ဦးတည်းသောသားပါ။ မွေးစားသား မဟုတ်ပါဘူး"

"အေးလေ ... ဒီလိုပဲဖြစ်မှာပေါ့။ အဖြစ်မှန်ကို သူတို့ ဘယ်ပြောချင်ပါ့မလဲ။ ငါကိုယ်တိုင်တောင် ဘယ်သူ့မှမပြောပဲ တစ်သက်လုံး မြိုသိပ်ထားခဲ့တာကိုး"

"ရှင် ..."

"ဒီလိုအေ့ ... ဂျပန်ခေတ်တုန်းကပေါ့"

www.burmeseclassic.com

www.burmeseclassic.com

## | ၁၀ |

❑

ဂျပန်ခေတ်ဟုခေါ်ကြသော အင်္ဂလိပ်အပြေး ဂျပန်အဝင်ကာလတွင် မညိုအသက်မှာ ၂၂ နှစ်ခန့်ရှိပြီ။ မညို အိမ်ထောင်ကျနေပြီ။ တစ်ရွာတည်းသား ကိုဖေမောင်နှင့် အိမ်ထောင်ကျခဲ့ခြင်းဖြစ်သည်။ မညိုတို့နေခဲ့တဲ့ရွာကလေးက မြစ်ဝကျွန်းပေါ်အရပ်ရှိ စမ်းမြိုင်ဆိုသော ရွာကလေး။

မြန်မာပြည်သို့ ဂျပန်ပြန်ဝင်လာချိန်တွင် မညိုသည် သား အမွှာလေးနှစ်ယောက်ကို မွေးခဲ့၏။

ဂျပန်နှင့်အင်္ဂလိပ် တစ်ဦးကိုတစ်ဦး တိုက်ခိုက်နေသည့်ကာလဖြစ်ရာ ကာလပျက်ကြီးလို စစ်အတွင်းမှာ တစ်တိုင်းပြည်လုံး မငြိမ်မသက် ဖြစ်ခဲ့ရသည်။ မြို့အရပ်မှလူများလည်း တောအရပ်ကို ရှောင်တိမ်းလာကြသည်။





ကျွဲနှစ်ကောင်ဟုခေါ်သော လေယာဉ်မည်းမည်းကြီးနှစ်စင်းကလည်း မြန်မာပြည်အနှံ့ပျံဝဲကာ နေရာအနှံ့ကို ဗုံးများချ ပစ်ခတ်နေကြလေသည်။

လူများမှာလည်း ဆင်းရဲမွဲတေကာ ကျီးလန့်စာစားဖြစ်နေကြချိန်။

တစ်နေ့တွင် စမ်းမြိုင်ရွာကလေးပေါ်သို့ ကျွဲနှစ်ကောင်ပျံဝဲလာကာ လှုပ်လှုပ်ရှရှမြင်သမျှ ပစ်ခတ်သွားခဲ့ရာ မညိုယောကျ်ား ကိုဖေမောင်မှာ စက်သေနတ်မှန်၍ သေဆုံးခဲ့ရလေသည်။

မညိုသည် မွေးစကလေးအမွှာကိုပိုက်ကာ ကျန်ရစ်ခဲ့ရသည်။

ကာလပျက်ကြီးတွင် ရွာ၌ တစ်ယောက်တည်း မညိုမနေရဲတော့။ ဂျပန်စစ်သားများ ရွာထဲဝင်လာသည့် အခါမျိုးတွင် မိန်းမမြင်ပါက အပျိုအအိုမရှောင် စော်ကားသွားတတ်သည်ကို ကြားဖူးမြင်ဖူးထား၍ အထိန်းအအုပ်မရှိပဲ တစ်ယောက်တည်း မနေရဲချေ။ လသား ကလေးနှစ်ယောက်ဖြင့် တစ်ယောက်တည်းလည်း ရှာမစားတတ်ပေ။

ကလေးနှစ်ယောက်မှာလည်း ကာလပျက်ကြီးတွင် မွေးဖွားလာရသူများဖြစ်၍ အပြည့်အဝ ဂရုစိုက်မခံရပဲ ထိုအချိန်က ကလေးနှစ်ယောက်လုံးကိုယ်၌ ဝဲများစွဲနေပါသည်။

မညို စမ်းမြိုင်ရွာတွင် ဆက်နေလို့မဖြစ်တော့။

ငါးမိုင်ခန့်ဝေးသည့် ပေါက်ဦးရွာမှ အစ်မဖြစ်သူထံတွင် သွားနေမည်ဟုစိတ်ကူးကာ ရှိသမျှအဝတ်အစားလေးတွေ လွယ်အိတ်စုတ်ကလေးထဲထည့်၍ ကလေးနှစ်ယောက်ကို တစ်ဖက်စီပွေ့ရင်း တစ်ယောက်တည်း တောလမ်းခရီးအတိုင်း ထွက်လာခဲ့သည်။

လမ်းတွင် ကျွဲနှစ်ကောင်ကိုရှောင်ရင်းတိမ်းရင်း လမ်းများသွား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ ပေါက်ဦးရွာကို တော်တော်နှင့်မရောက်နိုင် ဖြစ်နေသည်။ ပါလာသော ရေဗူးထဲကရေကလည်း ကုန်ပြီ။ လမ်းမှာ ရေလည်းရှာမတွေ့၊ ကလေးနှစ်ယောက်ကိုလည်း နို့တိုက်ရသေးသည်။

မညိုသည် အားအင်ကုန်ခမ်းကာ လဲကျတော့မလို ရှိနေသည်။ အားတင်း၍ ပေါက်ဦးရွာရှိရာကို ဆက်လျှောက်လာခဲ့သည်။

ကလေးနှစ်ယောက်ကလည်း နို့ဆာ၍ ငိုယိုလျက်ရှိသည်။ လမ်းခရီးကြမ်းတွင် အစာမစားရ၊ ရေပင်မသောက်ရသည့်အတွက် မညို နို့မထွက်နိုင်တော့ပါ။ ကိုယ်လည်းပူလာပြီး ဖျားချင်သလိုလိုဖြစ်လာသည်။

မညိုက ဖြစ်လိုရာဖြစ်စေတော့ အရိပ်ကောင်းကောင်း သစ်ပင်ရိပ်အောက်တွင် လှဲအိပ်နေလိုက်တော့မည်ဟု စိတ်ကူးမိသည်။ အိပ်နေရင်းကနေပဲ အသက်ထွက်ရင် ထွက်သွားပါစေတော့ မတတ်နိုင်ဟု တွေးမိသည်။

ထိုစဉ် ရှေ့တူရူမှ ခြူသံတလွင်လွင်ဖြင့် နွားလှည်းတစ်စီး မောင်းလာသံကို ကြားလိုက်ရသည်။

ဂျပန်စစ်သားများဖြစ်နေမည်စိုး၍ ချုံတစ်ချုံထဲ ဝင်ပုန်းနေလိုက်သည်။

သို့ရာတွင် ကလေးနှစ်ယောက် နို့ဆာဆာဖြင့် အာခေါင်ခြစ်အော်ငိုနေသောကြောင့် မညို၏ပုန်းအောင်းမှုသည် အရာမထင်လိုက်ပါ။

လှည်းက ချုံပုတ်အနီးတွင်ရပ်သွားကာ ကလေးငိုသံထွက်ပေါ်လာရသော ချုံပုတ်ထဲကို ငုံ့ကြည့်၍ စုံစမ်းသည်။ မညိုကို တွေ့သွားလေသည်။

သို့သော် . . . မညိုကံကောင်းပါသည်။

စိတ်ကူးသစ်စာပေ



လှည်းပေါ်တွင် ပါလာသူများမှာ သူတော်ကောင်းများဖြစ်နေသည်။ လင်မယားတစ်စုံတွဲနှင့် အဘွားကြီးတစ်ဦး။ သူတို့မှာ စစ်ပြေးဒုက္ခသည်များဖြစ်သည်။ အသိမိတ်ဆွေများရှိရာ ထန်းတောရွာသို့ တိမ်းရှောင်ရန် ရန်ကုန်မြို့မှ ထွက်ခွာလာသူများဖြစ်ကြောင်း သိရသည်။

ထိုလူများက မညိုကိုအကျိုးအကြောင်းမေးရာ မညိုက ပေါက်ဦးရွာသို့ သွားမည်ဖြစ်ကြောင်း ပြောပြလိုက်သည်။

လှည်းသမားက ပေါက်ဦးရွာမှာ တောင်ဖက်တွင်ရှိကြောင်း၊ မညိုဦးတည်ရာမှာ လမ်းလွဲနေပြီဖြစ်ကြောင်း ရှင်းပြသည်။

“ကျုပ်လိုက်ပို့ရမယ့် ထန်းတောရွာကိုသွားတဲ့လမ်းမှာပဲ ဒီကညီမသွားမယ့် ပေါက်ဦးရွာရှိတယ်”

“ဒါဆိုရင် သူ့ကို လမ်းကြုံတင်ခေါ်ခဲ့လိုက်ပါကွယ်”

လှည်းပေါ်တွင်ပါလာသော အမျိုးသမီးလေးက သဘောကောင်းစွာ မညိုကို လှည်းဖြင့် တင်ခေါ်ခဲ့လေသည်။

လှည်းပေါ်တွင် မညိုအကြောင်းကိုမေးရာ မညိုက လင်သေသွား၍ အစ်မမိသားစုထံတွင် ခိုလှုံရန် ထွက်လာခဲ့ကြောင်း ပြောပြသည်။

အမျိုးသမီးလေးက မညိုထံမှ ကလေးတစ်ယောက်ကို ပွေ့ချီထားပေးသည်။ အဘွားကြီးက ကလေးနှစ်ယောက်ကို သူတို့မှာပါလာသောနို့ဆီကို ရေအေးဖြင့်ပင်ဖျော်ပြီး တိုက်လိုက်သည်။ ကလေးနှစ်ယောက် နို့ဝ၍ ငြိမ်သက်စွာ အိပ်စက်သွားကြပါပြီ။

မညိုက ကလေးတစ်ယောက်၊ အမျိုးသမီးလေးက ကလေးတစ်ယောက်ကိုပွေ့ချီကာ ခရီးဆက်ခဲ့ရာ ပေါက်ဦးရွာအဝင် လမ်းခွဲသို့ ရောက်လာခဲ့လေသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



"ဟော … ပေါက်ဦးကို ရောက်ပြီ၊ ကျွန်မဆင်းတော့မယ်"

မညိုက လှည်းပေါ်မှ ဆင်းလိုက်သည်။ လှည်းအောက်ရောက်မှ အမျိုးသမီးလေးပွေ့ချီထားသော သားတစ်ယောက်ကို လက်တစ်ဖက်ဖြင့် လှမ်းတောင်းလိုက်သည်။

အမျိုးသမီးလေးက ကလေးကိုပွေ့ကာ မညိုကို စိုက်ကြည့်နေသည်။

"ကျွန်မလာတဲ့ရွာ ရောက်ပါပြီ။ ဒါ … ပေါက်ဦးရွာပဲ"

မညိုက ပြောလိုက်သည်။

အမျိုးသမီးလေးက နှုတ်ခမ်းတရှုရှုလှုပ်ကာ စကားကိုအားယူပြောလိုက်လေ၏။

"ရှင် ကျွန်မကို စိတ်မဆိုးပါနဲ့နော်။ ဒီကလေး ကျွန်မကိုပေးခဲ့ပါလားဟင်"

"ဘာ …"

"ရှင့်မှာ ကလေးနှစ်ယောက်ဖြစ်နေတယ်။ စစ်အတွင်းမှာ ဒီကလေးနှစ်ယောက်တာဝန်ကို ရှင်ယူနိုင်ပါ့မလား။ ခုပဲ ကလေးနှစ်ယောက်စလုံး ဝဲတွေပေါက်နေပြီ။ ကျွန်မတို့လင်မယားက သားသမီးမထွန်းကားလို့ပါ။ ဒီတစ်ယောက်ကို ကျွန်မတာဝန်ယူပါရစေလား"

"အို …"

"ဘယ့်နှယ်လဲ မောင်၊ ကျွန်မတို့ ဒီကလေးကိုမွေးစားရင် ကောင်းတယ်မဟုတ်လား။ မေမေရော ဘယ်လိုသဘောရလဲ"

"ကောင်းတာပေါ့ခင်"

"ကောင်းတာပေါ့အေ၊ ဟော့ … မိန်းကလေး၊ မင်းစိတ်ကူးမလွဲနဲ့ကွယ့်။ ညည်းကလေးကို ငါတို့နဲ့ထည့်လိုက်ရင် ကလေးချမ်းချမ်း





သာသာနေရမယ်။ အိုအေ … ကလေးကို ညည်းပြန်လိုချင်လည်း ငါတို့ ထန်းတောရွာမှာရှိနေမှာပဲ။ စစ်မပြီးမချင်း ထန်းတောမှာပဲနေမှာ။ ညည်းပြန်လာခေါ်လို့ရတာပဲ။ ခုတော့ ညည်းလည်း ကသီလှတယ်အေ၊ တစ်ယောက်ကို ငါတို့နဲ့ထည့်လိုက်ပါ။ ကလေးအတွက်တော့ စိတ်ချလက်ချရှိပါအေ"

မညိုလည်း ကြုံနေရသော လက်တွေ့အခြေအနေအရ မငြင်းသာတော့ပေ။ အဘွားကြီးပြောသလို ထန်းတောရွာကို အချိန်မရွေးသွားခေါ်လို့ရတယ်လို့လည်း တွက်မိသည်။

သူတို့ကလည်း မညိုထံမှအဖြေကိုပင် မစောင့်တော့ပါ။

"ဒါဖြင့် ကျွန်မတို့သွားမယ်နော်။ မောင်း … မောင်းကိုရင်၊ လှည်းကို ထန်းတောအရောက် မောင်းတော့"

မညိုသည် ပေါက်ဦးရွာအဝင်ထိပ်တွင်ရပ်ရင်း ဖုန်လုံးများကြား၌ တစ်စတစ်စပျောက်ကွယ်သွားသော လှည်းကလေးကိုကြည့်ရင်း ကျန်ရစ်ခဲ့လေ၏။

မညိုမျက်လုံးမှာတော့ မျက်ရည်စများစီးကျလျက် …

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းစုံပြောပြီးမှပင် အလောင်းနှစ်လောင်းကို လက်တစ်ဖက်စီဖြင့် ဆုပ်ကိုင်လိုက်ကာ ...

"ဩော် ... ခုတော့ ပျောက်နေတဲ့ငါ့သားလေးကို ပြန်တွေ့ပြီ။ တွေ့တော့လည်း မင်းမှာ အသက်မရှိတော့ပါလား ငါ့သားရဲ့။ ငါ့သားရုပ်ရည်လေးကိုမှ အမေမှာ မမြင်နိုင်တော့ပါလား။ အဖြစ်ဆိုးလှချည့်ကွယ်။ အမေ့ကို ခွင့်လွှတ်ပါတော့။ ခွင့်လွှတ်ပါတော့ သားတို့ရယ်"

အဘွားအိုက အလောင်းနှစ်လောင်းကိုဆုပ်ကိုင်ကာ ရှိုက်ကြီးတငင် ငိုချလိုက်လေတော့သည်။

❦ ❦ ❦

| ၁၁ |

❑

"အဲဒါပါပဲအေ။ သူတို့နာမည်လည်း ငါမမေးလိုက်မိဘူး။ ငါ့နာမည်လည်း သူတို့မေးမသွားကြဘူး၊ နောက်လည်း ပြန်မတွေ့တော့ပါဘူး။ စစ်ပြီးလို့ ထန်းတောမှာ ငါသွားစုံစမ်းတော့ ရန်ကုန်ပြန်သွားကြပြီတဲ့။ ငါလည်း ကလေးကို သူများပေးပစ်တယ်ဆိုတာသိရင် ငါ့ကဲ့ရဲ့မစိုးလို့ ငါ့အစ်မကို ကလေးအမြွာမွေးခဲ့ကြောင်း မပြောခဲ့ဘူး။

ကြာမောင်တစ်ယောက်ပဲ မွေးထားသယောင် ထိန်ချန်ထားခဲ့တယ်။ ကြာမောင်ကြီးလာတော့လည်း ဒီအကြောင်းကို မပြောခဲ့ဘူး။ ငါ့သားက ငါ့ကို အပြစ်တင်မှာစိုးလို့ပဲ၊ ဒီအကြောင်းတွေ ငါ့တစ်သက်လုံး မြိုသိပ်ထားခဲ့တာပါ"

အဘွားအိုဒေါ်ညိုက တည်ငြိမ်စွာပင် လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်ကျော်က အကြောင်းများကို ပြန်လည်ပြောပြလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## [ ၁၂ ]

❑

အလောင်းများကို တစ်လောင်းအား ဦးကျော်စွာသန်းအဖြစ် တစ်လောင်းကို ဦးကြာမောင်အဖြစ် ... ထိုမြို့မှာပင် ဂူသွင်းသင်္ဂြိုဟ်လိုက်ရလေသည်။

မည်သူက မည်သူဖြစ်ကြောင်း မခွဲခြားနိုင်တော့ပါ။

ဒေါ်ညီပြောပြသော အဖြစ်ကိုမှုတည်၍ ဦးကျော်စွာသန်းမှာ ဂျပန်ခေတ်က ရန်ကုန်မှလူများကို ဒေါ်ညီပေးလိုက်သော ကလေးဖြစ်နိုင်ကြောင်း ယုံကြည်လိုက်ရသည်။ အထောက်အထား တစ်စုံတစ်ရာတော့ မရနိုင်တော့ပါ။

ယင်းဖြစ်ရပ်တွင် ... အမြွှာညီအစ်ကိုနှစ်ဦးအား ကံကြမ္မာက ပြန်လည်ဆုံဆည်းအောင် ဖန်တီးပေးခဲ့ကြောင်း တွေ့ရပါသည်။





ဦးကြာမောင်နေထိုင်သော ကမ်းညိုရွာကလေးသို့ ဦးကျော်စွာသန်း လာရောက်ခဲ့သည်။ အကယ်၍ ... လမ်းမှာ မှန်တိုင်းမမိခဲ့ပဲ ကမ်းညိုရွာသို့ ဦးကျော်စွာသန်းရောက်ရှိခဲ့ပါက ရုပ်ချင်းခွဲမရအောင် တူသော အမြွှာညီအစ်ကိုနှစ်ယောက် ဆုံဆည်းနိုင်ကြမည်ဖြစ်သည်။ ရုပ်ချင်းချွတ်စွပ်တူပုံကို အဖြေရှာရင်း မသေသေးသော အမေအရင်း ဒေါ်ညီနှင့်ဆုံဆည်းကာ အဖြစ်မှန်ကို ဖော်ထုတ်နိုင်ပေလိမ့်မည်။ ပျော်စရာကောင်းသော ဇာတ်သိမ်းခန်းတစ်ခု ဖြစ်လာနိုင်ပေသည်။

ယခုတော့ အမွှာညီအစ်ကိုနှစ်ဦးကို သေဆုံးပြီး အလောင်းဘဝရောက်မှပင် တူယှဉ်တွဲ၍ မြင်တွေ့ခွင့် ရလိုက်ပေတော့၏။

ကာယကံရှင်နှစ်ဦးဖြစ်သော ဦးကျော်စွာသန်းနှင့် ဦးကြာမောင်တို့ကတော့ ... သည်အဖြစ်များကို သိနိုင်တော့မည်မဟုတ်ပါ။

လူ့လောကတွင် နှစ်ပေါင်းငါးဆယ်ကျော် နေထိုင်သွားသည့်တိုင် သူတို့တွင် အမြွှာညီအစ်ကိုအရင်းရှိခဲ့ကြောင်း သိမသွားကြပါပေ။

နွှေတာမာန်

www.burmeseclassic.com

www.burmeseclassic.com



❑

လွန်ခဲ့သည့် သုံးနှစ်ခန့်က စာရေးဆရာမောင်ညိုမှိုင်း(သန့်လျှင်) ရေးသားခဲ့သည့် မျောက်မင်းသားဖိုးစည်နှင့် အသည်းကွဲကျောက်ခဲ အမည်ရှိ ဂမ္ဘီရလုံးချင်းဝတ္ထုရှည်ကို ကျွန်တော်ဖတ်ခဲ့ဖူးပါသည်။

ဝင်းဝတ္ထုထဲမှာ ပါဝင်လှုပ်ရှားသရုပ်ဆောင်ခဲ့သည့် မျောက်မင်းသားလေးဖိုးစည်ရဲ့ လိမ္မာပါးနပ်ပုံ၊ သခင့်အလိုကိုနားလည်ပုံ၊ အကဆရာရဲ့ သွန်သင်ပြသချက်အတိုင်း က,ကွက်များကို ကပြနိုင်ခဲ့ပုံ ..

အရေးကြုံလာသောအခါ သခင့်ဘက်ကနေ အသက်စွန့်ပြီ တည်သွားပုံများကို ဖတ်ရှုရသောအခါ ...

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အညတရ မျောက်မင်းသားလေးဖိုးစည်ကို ကြင်နာသနား ဂရုဏာပိုခဲ့ရ၏။

ချီးကျူးအံ့ဩရ၏။

ထို့အတူ သူ့သခင်အပေါ် သစ္စာစောင့်သိခဲ့သည့် ရင်နင့်ဖွယ်ရာ သူ့ဘဝကို အများနှင့်ထပ်တူ လေးစားအံ့ဩခဲ့ရလေသည်။

လူနှင့်အနေနီးစပ်၍ လူလောက်နီးပါး အသိဉာဏ်ကြွယ်ဝသော မျောက်မင်းသားဖိုးစည်အကြောင်းကို ဖတ်ရှုခဲ့ရသောအခါ ကျွန်တော်တို့မြို့မှာ လွန်ခဲ့သည့် ခေတ်ကာလတစ်ခုတုန်းက ဆရာမောင်ညိုမှိုင်းရဲ့ မျောက်မင်းသားဖိုးစည်ကဲ့သို့ . . .

သခင့်အပေါ်သစ္စာရှိခဲ့သော

လူအများရဲ့ချစ်ခင်မှုကို ရရှိခဲ့သော . . .

သခင့်အတွက် တရားခံဖော်ထုတ်ပေးခဲ့သော . . .

မျောက်အလိမ္မာ၊ မျောက်ထူးဆန်းလေးတစ်ကောင်အကြောင်းကို ပြောပြချင်၍ ကျွန်တော် ဤဖြစ်ရပ်မှန်ဇာတ်လမ်းကို ရေးတတ်သလို ရေးဖွဲ့လိုက်ရပါလေသည်။

[ ၂ ]

ကျွန်တော်တို့မိသားစုများနေထိုင်သည့် ဇလွန်မြို့ရှိ ဘုရားဝန်း အနောက်ဖက်၌ မသန်းတန်ဆောင်းဟူ၍ ရှိ၏။

ဇရပ်မှာ သံဟင်ဂလန်များ၊ သံမှုလီများဖြင့်သာဆောက်ထား ပြီး နှစ်ပေခန့်မြင့်သော အုတ်သံမံတလင်းခင်းထား၏။

အနယ်နယ်မှ ဘုရားဖူးများသာမက ခရီးသွားများရော၊ ဈေး သွားဈေးလာများရော၊ ညအိပ်ခရီးသွားများပါ ချက်ပြုတ်စားသောက် နားခိုနိုင်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ခရီးသွားဧည့်သည်တို့သည် ဇရပ်ကြီးကိုအမှီပြုပြီး အလှူရှင်ကို ကျေးဇူးတင်ကြလေ၏။

နှစ်ကာလအတန်ကြာသောအခါ . . .

ဇရပ်ကြီးမှာ စွဲစွဲမြဲမြဲနေထိုင်သူတစ်ဦး ပေါ်ပေါက်လာခဲ့၏။

သူ့အမည်မှာ ဦးကံစိန်ဟူလေ၏။

ဦးကံစိန်မှာ ကံဆိုးသည်ကား သူ့ခန္ဓာကိုယ်သည် အနူရောဂါဟု လူအများခေါ်ကြသည့် ကိုယ်ရေပြားရောဂါစွဲကပ်နေရကား . . .

ခြေချောင်းလေးများပြတ်၍ တိုနေ၏။

လက်ချောင်းလေးများ ပြတ်သည့်နေရာကပြတ်၊ ကောက်သည့်နေရာကကောက်ပြီး သွားငေ့်ရေစိုစွတ်နှင့် ရှိ၏။

မျက်နှာဆိုလျှင် . . .

မျက်ခုံးမွေးများ လုံးဝမရှိ။

နှာခေါင်းက ရောဂါကြောင့်တိုဝင်ပြားပြီး နှာသံနှင့်စကားပြောရ၏။ ထို့အတူ ခန္ဓာကိုယ်ခြေလက်တို့အပေါ်၌လည်း အညိုကွက်၊ အနီကွက်များ၊ လှိုက်စားဒဏ်ရာ အနာများရှိနေရကား ယင်တလောင်းလောင်းရှိနေ၏။

သူ့ဇာတိက မြစ်ဝကျွန်းပေါ် ဟင်္သာတမြို့မှဟု သိရ၏။

ကျွန်တော်တက်နေသော အ.ထ.က ကျောင်းနှင့် ဘုရားကြီးမှာ လှည်းလမ်းတစ်ချောင်းသာခြားသည်။ (ယခု မြို့ပတ်လမ်း)။ ထို့ကြောင့် ကျောင်းပြေးသည့်အခါတိုင်း ထိုမသန်းတန်ဆောင်းသို့ ရောက်သည်။ ယခု အငြိမ်းစားယူသွားပြီဖြစ်သော မြို့နယ်ပညာရေးမှူး ဦးတင်မြနှင့် လက်ထောက်ပညာရေးမှူး ဦးမြသိန်းတို့သည် ထို အ.ထ.က ကျောင်း





တွင် ကျောင်းအုပ်ကြီးနှင့် လက်ထောက်ဆရာတို့ဖြစ်ခဲ့ပြီး ကျွန်တော်တို့လို ကျောင်းပြေးသူများကို လိုက်လံဖမ်းဆီးရာ ကြာကြာမရှာရ။ မသန်းတန်ဆောင်းအတွင်းမှာပင် အမိခံခဲ့ရသည်မှာ အကြိမ်ကြိမ်။ ဆရာ၊ ဆရာမတို့သွန်သင်မှုကြောင့် လိမ္မာလာခဲ့ပြီး နောက်ပိုင်းတွင် ကျောင်းမှ ရွေးချယ်သော စာကြည့်တိုက် အတွင်းရေးမှူးအဖြစ်ခံယူရင်း စာပေပန်းချီတို့၌ ထဲထဲဝင်ဝင်ရှိလာသောအခါ အရာရာကို တွေးတောကြံဆစူးစမ်းလာတတ်ပြီဖြစ်သည်။ စာပေကို ဝါသနာပါသည့်အလျောက် လူအများရွံရှာစက်ဆုပ်သည့် ဦးကံစိန်ကြီးအကြောင်းကို သိချင်၏။ သနားလည်း သနား၏။

စိတ်ဝင်စားမှုလည်း ရှိ၏။

စိတ်ဝင်စားသည့် အဓိကအကြောင်းရင်းကား ဦးကံစိန်သည် သူ့ရင်သွေးမျောက်နှစ်ကောင်နှင့် ရုပ်တကာရွာတကာနှင့် မြို့ထဲသို့လှည့်လည်က,ပြပြီး တောင်းရမ်းစားသောက်နေသောကြောင့် ဖြစ်၏။

သူ့ရင်သွေးမျောက်နှစ်ကောင်သည် အလွန်ကိုလိမ္မာ၏။

မြို့မဈေးကြီးရှေ့မြေပိုင်းမှာ သူတို့ မြေပိုင်းဖာတ်ခုံ ခင်းကျင်း၍ က,နေကြ၏။

လူအများက သူတို့ရဲ့ မျောက်မြေပိုင်းသဘင်အနီးမှာ ဝိုင်းဝန်းကြည့်ရှုအားပေးနေကြ၏။

"မျောက်မြေပိုင်းသဘင် အသုံးတော်ပါ့မယ့်ခင်ဗျာ"

မျောက် သဘင်ပိုင်ရှင် ဦးကံစိန်က ဤကဲ့သို့ အဖွင့်အမှာစကား ပြောကြားလေ၏။

"ရွှေပွဲလာဧည့်ပရိသတ်အပေါင်းတို့ခင်ဗျာ ကျွန်တော်ဟာ ဒုက္ခသင်္ဂဟကုသိုလ်အကျိုးပေး နည်းခဲ့လို့ထင်ပါရဲ့ခင်ဗျာ။ ယခု အသက်



www.burmeseclassic.com

www.burmeseclassic.com



အရွယ်ကြီးမှ အရေပြားရောဂါနှင့် ဘဝပျက်ခဲ့ရပါတယ်။ ကျွန်တော်တို့မျိုးရိုးမှာ ဒီလိုရွံရှာစက်ဆုပ်ဖွယ် ရောဂါမျိုးရိုးလည်း လုံးဝမရှိခဲ့ပါဘူးခင်ဗျာ။

ကျွန်တော်ဟာ တစ်ချိန်တစ်ခါတုန်းက ( ........ ) ရုံးမှာ စာရေးဝန်ထမ်း လုပ်ခဲ့ပါတယ်။ အသောက်အစားလည်း ရှိခဲ့ဖူးပါတယ်။ ကျွန်တော့်လုပ်ငန်းက နယ်ဆင်းရပါတယ်။ အဲဒီမှာ လိပ်သား၊ ဖွတ်သား၊ မြွေသား၊ ဖားသား၊ ကင်းလိပ်ရှောပါမကျန် မြေအောင်းသားမှန်သမျှ လည်းစား၊ ရေအောင်းသားမှန်သမျှလည်း စားရင်းကနေ အနေအထိုင်ကလည်း ပစ္စုပ်ဒေဝနေလေ့ရှိတော့ နောက်ဆုံး ယားနာများကနေလည်းကောင်း၊ ခြေထောက်ကို ကြွက်ကိုက်ခံရတာကနေလည်းကောင်း၊ ရောဂါပိုးဝင်ပြီး ဆေးဝါးစနစ်တကျ မကုသခဲ့တာရော၊ ရောဂါကို သမားတော်နဲ့ပြရမှာ ရှက်ရာကနေ ... နောက်ဆုံး ဟိုဆေးမြီးတို၊ ဒီဆေးမြီးတိုနဲ့ ကုရင်း ယခုလို ရုပ်ပျက်ဆင်းပျက်ဘဝကို ရောက်ခဲ့ရပါတယ်။

နောက်ဆုံး ဆွေမျိုးသားချင်းများနဲ့ မွေးရပ်မြေကို လုံးလုံးစွန့်ခွာပြီး ကျွန်တော်တောတက်စဉ်က တောထဲကရရှိခဲ့တဲ့ မျောက်ကလေးနှစ်ကောင်၊ အထီးနဲ့အမပေါ့။

သူတို့အမည်က ဟောဒီအကြီးကောင်က 'ဖေကျော်'လို့ခေါ်ပါတယ်၊ အငယ်ကောင်ဒီကောင်က 'မိနေကျော်'လို့ ခေါ်ပါတယ်။ သူတို့နှစ်ကောင်ကို သားအရင်း၊ သမီးအရင်းလိုအားကိုးပြီး ဘဝဝမ်းစာကို ခက်ခဲကျပ်တည်းစွာ ရှာဖွေစားသောက်ခဲ့ရပါတယ်ခင်ဗျာ။

ဖေကျော်နဲ့ မိနေကျော်ဆိုတဲ့ မျောက်မောင်နှမတို့ရဲ့ ဘဝကလည်း သနားစရာပါ။ မုဆိုးတွေပစ်လိုက်တဲ့ ဒူးလေးမြားချက်ကြောင့် သူတို့အမေမျောက်မကြီး ဟိုသစ်ပင်ပေါ်ကနေ မြားတန်းလန်းနဲ့ မြေပြင်





ကို ပြုတ်ကျသေဆုံးခဲ့ရတယ်။

တစ်ကောင်က အမေမျောက်မကြီးရဲ့ ကျောကုန်းကိုဖက်၊ တစ်ကောင်က မိခင်နို့စို့ရင်းတန်းလန်း သစ်ပင်ပေါ်ကနေ မြားဒဏ်ရာနဲ့ ပြုတ်ကျသေဆုံးခဲ့ရသကိုး။

အဲဒါ ကျွန်တော်က သူတို့မောင်နှမတို့ရဲ့ဘဝကို သနားလွန်းလို့ နို့ပို့ပေါက်စလေးအရွယ်ကစပြီး တောင်းယူနို့ဗူးတိုက်မွေးခဲ့လိုက်တာ ခုတော့ သူတို့နှစ်ကောင်ဟာ ကျွန်တော့်ကို အဖေအရင်းလို သတ်မှတ်ခဲ့ပြီး ကျွန်တော်လည်း သားသမီးအရင်းအချာလို ချစ်ခင်ယုယခဲ့ရသပေါ့"

"သားရေ ... ဖေကျော်"

"ကွိ ... ကွိ ..."

"ဟား ... တယ်ဟုတ်ပါလားဟေ့"

"မီးငယ် မိနေကျော်ရေ"

"ကွိ ... ကွိ ..."

"အလဲ့ ... မိုက်တယ်ဗျာ"

"ကိုင်း ... ဖေ့သားတို့ အဖေကြီးကို မွေးမွေးပေးကြပါဦး သားတို့ရေ"

ဒီလိုလည်း ဦးကံစိန်ကပြောလိုက်ရော ... ထင်းရှူးသေတ္တာပုံးပေါ်မှာ စက္ကူမင်းသားခေါင်းပေါင်း၊ တောင်ရှည်လုံပုဆိုးကို ခါးကြိုးနဲ့စည်းထားတဲ့ မျောက်ကလေးနှင့် မင်းသမီးလိုဝတ်ဆင်ထားသည့် မျောက်ကလေးနှစ်ကောင်သည် သေတ္တာပုံးပေါ်မှ လွှားခနဲခုန်ဆင်းပြီး ကြိမ်လုံးလေးကိုင်လို့ ဆောင့်ကြောင့်ထိုင်နေသည့် သူတို့ဖခင်ကြီးရဲ့ ဘယ်ပခုံးနှင့်ညာပခုံးကို ပြေး၍ နမ်းကြလေသောအခါ ...



www.burmeseclassic.com

www.burmeseclassic.com



ချိုးကျူးသံများ ညံသွားခဲ့လေ၏။

ကလေးများကား သဘောကျ၍မဆုံး။

"ကိုင်း … ကိုင်း … သားလိမ္မာလေးတို့ရေ … အဖေ့ဒုက္ခတကြီးကို လုပ်ကိုင်ကျွေးမွေးနေတဲ့ သားတို့ရေ … သားတို့တတ်သည့် အကပညာလေးနဲ့ ပရိသတ်ကြီးကို ဖျော်ဖြေရအောင်။ ကိုင်း … ဦးညွှတ်ဂါရဝပြုလိုက်ပါဦး သားတို့"

ဒီတော့ မင်းသား မင်းသမီးအဝတ်အစားနှင့် မျောက်ကလေးနှစ်ကောင်သည် လက်နှစ်ဖက်ပိုက်ပြီး အရပ်လေးမျက်နှာရှိ လူပရိသတ်ကို ခေါင်းညွှတ်ခါးကိုင်း အရိုအသေပေးလိုက်သောအခါ …

"လိမ္မာလိုက်တာကွာနော်"

"မင်းထက်တော်တယ်နော်"

"ဖွီ … မင်းကလဲ"

"မဟုတ်လို့လား … ဖော်ဦးရ"

"ဟုတ်လို့"

"ဟား … ဟား … ဟား … ဟား …"

"အဟတ် … အဟတ် …. အဟတ်"

ကိုင်း … သားတို့ရေ့ ဦးစွာပထမ ဘုရားကန်တော့ခန်းလေးနဲ့ စလိုက်ကြရအောင်"

"ဗုဒ္ဓံ … မြတ်စွာဘုရားကို၊ ပူဇေမိ … ပူဇော်ပါ၏ဘုရား"

အံ့ဖွယ်ကောင်းလေစွ။

ကိုယ်ချေပြားရောဂါသည် ဦးကံစိန်ကြီးက နာသံလေးနှင့် ဘုရားကန်တော့ခန်းကို ဆိုလိုက်သောအခါ …

မျောက်ကလေး မောင်နှမနှစ်ဦးသည် လက်အုပ်ကလေးချီ





ဒူးကလေးညွှတ်၍ ကန်တော့လိုက်လေ၏။

လက်ခုပ်သံများ ဆူလျှံသွား၏။

"တော်လိုက်တာကွာ"

"လူလိမ္မာသား ယဥ်းပါးသတဲ့"

"ဟုတ်ပါ့ …"

"လူ့မိုက်သားဖော်ဦးကတော့ ရမ်းကားရော"

"ဟုတ်ပ … ဟာကွာ … တင်ထွန်း မင်းလွန်နေပြီကွာ"

"မဟုတ်လို့လား"

"အိမ်း … ဒါလည်း ဟုတ်သလိုပဲဟ"

"ဟား … ဟား … ဟား … ဟား …"

"ဟား … ဟား … ဟား … ဟား …"

"ဓမ္မံ … တရားတော်မြတ်ကို၊ ပူဇော်မိ … ပူဇော်ပါ၏ဘုရား"

"သံဃံ … သံဃာတော်မြတ်ကို၊ ပူဇေမိ … ပူဇော်ပါ၏ဘုရား"

တော်လိုက်၊ လိမ္မာလိုက်သည့် မျောက်ကလေးနှစ်ကောင်နှယ်။ ရတနာမြတ်သုံးပါးကို လူကလေးငယ်အတိုင်း၊ လူကြီးအတိုင်း ကန်တော့နေ၏။

"ကိုင်း … သားတို့ရေ ဦးစွာလက်စွမ်းပြမှာက ဇာတ်မင်းသားကြီး ဝဏ္ဏကျော်ထင်ဦးစိန်တင်သီဆိုခဲ့ဘူးတဲ့ ဝိဇယကုမ္မာမြို့ငထလေးလုပ်ဦးရဲ့"

"လှမ်းကြပါစို့ ပြည်တော်ဘုံကို ပြည်တော်ဘုံကို ဟို … ဟိုနေညိုနေခြည်ညိုးပေါ့ခင်ဗျ။ ရွှေပြည်ရွှေပြည် … ရွှေပြည်စိုးလွှကာသာ



www.burmeseclassic.com

www.burmeseclassic.com



ငှက်ကလေးတွေက မေ့ခေါင်းပေါ်မှာ . . . မောင့်ခေါင်းပေါ်မှာ”

ဦးကံစိန်ကလည်း နှာသံလေးနှင့်အဟဲအဆို ကောင်းအံ့။ မျောက်မင်းသားဖေကျော်နှင့် မျောက်မင်းသမီးလေး မိနေကျော်တို့က လည်း တကယ့်နှစ်ပါးသွားကနေသကဲ့သို့ ခေါင်းလေးငုံ့ခါလိုက်၊ လက်ကလေးမြှောက်လိုက်၊ ခြေကလေးကြွလိုက်နှင့် အလွန်ကြည့်ရကောင်းလေသော် . . .

ပွဲကြည့်ပရိသတ်များသည် သဘောကျလွန်း၍ ငါးမူးတစ်ကျပ် မှသည် ငါးကျပ်တစ်ဆယ် ပေးကမ်းစွန့်ကြဲကြရကား မျောက်မင်းသားမောင်နှမရဲ့ နှစ်ပါးသွားကကွက်ရှေ့မှာ . . .

ငွေအကြွေနှင့် ငွေစက္ကူများ တဖြည်းဖြည်း များ၍များ၍လာသည်ကို ကျွန်တော်တို့ မျက်ဝါးထင်ထင် မြင်ခဲ့ရလေသည်။

| ၃ |

❑

နောင်အခါ ဇလွန်ဈေးဝန်းကျင်မှာလည်း ရာသီပွဲလန်းသဘင်များမှာလည်းကောင်း ဦးကံစိန်ကြီးတို့ မြေပိုင်းမျောက်ပွဲ ဝင်ပါလေ့ရှိ၏။

သူတို့မျောက်ပွဲကို ကလေးလူကြီးများက ကြိုက်နှစ်သက်ကြ၏။ ကျေးလက်တောရွာမှ ဈေးဝယ်လာသူများဆိုလျှင် ရှာပြန်နောက်ကျချင် နောက်ကျပလေ့စေ . . .

ဦးကံစိန်တို့မျောက်ကပွဲတော့ ကြည့်ဖြစ်အောင်ကြည့်သွားလေ့ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးကံစိန်ကြီးကလည်း သူ့မျောက်ကပွဲကို ဆန်းသစ်အောင် ထွင်လေ့ရှိ၏။

မျောက်ထီးလေး ဖေကျော်ကို ဘောင်းဘီရှည်ဝတ်၊ လျှာထိုး ဦးထုပ်ဆောင်းလို့ အိတ်များများနှင့် ဂျက်ကက်အင်္ကျီကို ဆင်ပေး၏။

မျောက်မလေး မိနေကျော်ကိုလည်း ဂါဝန်လေးဝတ်ပေး၏။ ခေတ်ပေါ် ဖန်စီနသံသီး၊ နသံကွင်းများ ဆွဲပေး၏။

သို့နှင့် မျောက်ထီးလေးဖေကျော်က . . .

ကျော်ဟိန်း၏ စတီရီယိုသီချင်းနှင့်လည်း စတိတ်ရှိုးက,၏။

ပွမ်ပွမ်မြည်တဲ့ကားလေး သီချင်းနှင့်လည်း အလွမ်းသရုပ်ဆောင်ပြ၏။

ကုလားသီချင်းကို မိနေကျော်နှင့်တွဲ၍ စုံတွဲသရုပ်ဆောင်၏။

သို့ဖြစ်၍ ကလေးသူငယ်များက သဘောကျကြ၏။

လူကြီးပိုင်းက ဦးကံစိန်ကြီးရဲ့ နှစ်ပါးသွားသီချင်းသံနှင့် မျောက်မြူင်ထကို သဘောကျကြ၏။

ဘယ်လိုလုပ်များ သင်ပေးထားလဲမသိဘူးဟု ဝေဖန်ချီးကျူးကြ၏။

လူအများနှစ်သက်ကြသည့် သရုပ်ဖော်ပြကွက်ကား ငိုချင်းအလွမ်းသရုပ်ဖော်ဖြစ်လေ၏။

သို့နှင့် . . .

မျောက်မလေးမိနေကျော်သည် ပဋာစာရီလင်သေသားဆုံး မိခင်ဖခင်အိမ်မီးလောင်၍ သေသွားသဖြင့် စိတ်နောက်သွားသည့် အရှုးခန်းကို ဦးကံစိန်ကြီးက ငိုချင်းနှင့် သီချင်းဆိုပေးလျှင် မိနေကျော်က အထုပ်လေးပိုက်ပြီး ပဋာစာရီအရှုးခန်းကို သယ်ဆောင်လေ၏။





ဦးကံစိန်ကြီးက ချင်းဖဝေးခာတ်ထုပ်မှ ‘ယာတောရဲ့အလယ်မှာ ငါပြောမယ် ရွှေရှင်ဘုရင်ရဲ့’ ဟုများဟစ်လိုက်လျှင် မျောက်မင်းသားလေးဖေကျော်က ပခုံးပေါ်မှ မျက်နှာသုတ်ပုဆိုးစနှင့် မျက်ရည်သုတ်ပြီး ငိုချင်းကို ချရကား . . .

ကိုကံစိန်ကြီး၏ မျောက်မြေဝိုင်းက,ပွဲလေးသည် ဘင်လည်း မပါ၊ ဗုံလည်းမပါ၊ လင်ကွင်းလည်းမပါ၊ အသံချဲ့စက်လည်းမပါပါ။

သို့သော် . . .

ဦးကံစိန်ကြီးရဲ့ အလွမ်းခာတ်ခံ အသံသီချင်းနှင့် လိမ္မာရေးခြားရှိလှသော မျောက်ကလေးမောင်နှမရဲ့ ပီပီပြင်ပြင်သရုပ်ဆောင်မှုများကြောင့် . . .

ရယ်စရာမြင်ကွင်းမြင်လျှင် ပရိသတ်က ရယ်ကြ၏။

ရင်နင့်စရာသရုပ်ဆောင်မှုကလည်း ဆို့နင့်သလို ရှိ၏။

အလွမ်းကို စကားပြောအသံနှင့် တွဲဖက်၍ သရုပ်ဆောင်ပြသည်ကို ကြည့်ရှုမြင်တွေ့ခံစားရလျှင် သူတို့လည်း လွမ်းချင်သလိုလိုဖြစ်လာပြီး ငေးငိုင်ကြ၏။

မျောက်ကပွဲကို မျောက်ကပွဲလို့ မမြင်တော့။

ဇာတ်ထုပ်ဇာတ်လမ်းထဲက ဇာတ်ကောင်ဘဝများကို အလိုလိုပုံရိပ်ပေါ်၍ ခံစားလာရသလို ဖြစ်ခဲ့ရ၏။

သို့ကလိုအားဖြင့် . . .

ဦးကံစိန်ကြီးကို သနားကြ၏။

မျောက်ကလေးမောင်နှမကို မေတ္တာပိုကြ၏။ ဂရုဏာပိုကြ၏။ သူတို့ရှေ့မှာ ငွေစက္ကူများ၊ အကြွေများ ဖွေးဖွေးလှုပ်လာခဲ့၏။

ဦးကံစိန်ကြီးရဲ့ဘဝကား . . .



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရေပြားရောဂါသည်ဘဝ ဖြစ်နေရသည့်တိုင် ရှေးဘဝ ယောင်းက တော်စပ်ခဲ့ရဖူးပုံရသည့် သည်မျောက်ရင်သွေးနှစ်ဦးရဲ့ ကောင်းမှုဖြင့် ...

တောင်းရမ်းလုပ်ကိုင် စားသောက်ရသည့်တိုင် ...

တောင်းရမ်းစားသောက်သူများအကြားမှာ ငွေအရှင်ဆုံး၊ ဝိုက်ဆံကို ဖောဖောသီသီ များများစားစား ကိုင်ဆောင်သုံးစွဲနိုင်ဆုံး လူတစ်ယောက်ဘဝသို့ ရောက်ခဲ့ရလေသည်။



# [ ၄ ]

❑

ဦးကံစိန်ကြီးတို့ သားအဖသည် သည့်မသန်းတန်ဆောင်းကို အမှီပြုပြီး လုပ်ကိုင်စားသောက်နေကြသည်မှာ အချိန်ကာလအတန်ကြာ ဖြစ်လေ၏။

ညဘက်ရောက်လျှင် မျောက်ကလေးနှစ်ကောင်ကို ခါးကြိုးနှင့်ချည်၍ သူ့နံဘေးမှာ သူနှင့်အတူ အိပ်စက်ကြ၏။

တစ်နေ့သောအခါ ...

ဦးကံစိန်ကြီး မသန်းတန်ဆောင်းမှ ရုတ်ခြည်း ပျောက်သွားလေ၏၊

ခရီးသွား နားနေသူများ ...

ကျွန်တော်တို့လို သွားသွားလာလာ ကာလသားများသည် ခါးကြိုးတန်းလန်းနှင့် အော်ဟစ်နေကြသည့် မျောက်ကလေးနှစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



ကိုမြင်ရပြီး ဦးကံစိန်ကြီးကို မမြင်ရသောအခါ ဘယ်များသွားပါလိမ့်ဟု တွေးကြ၏။

အနီးဝန်းကျင်မှာ စောင်စုတ်နှစ်ထည် ပြန့်ကြဲနေ၏။ ခေါင်းအုံးအဟောင်းလည်း ပေါက်ပြဲဖွာရရာကြဲ ဖြစ်နေ၏။ ထမင်းစား သံပန်းကန်ပြားနှစ်ချပ်သည် ဇရပ်ရဲ့မြေပြင်မှာ လွင့်စင်ကျနေ၏။

မျောက်ကလေးနှစ်ကောင်သည် အသံစူးစူးနှင့် အော်ဟစ်လိုက် ဇရပ်တိုင်နှင့် ထုတ်တန်းများပေါ် ပြေးတက်ပြေးဆင်းလုပ်နေလိုက် လုပ်နေ၏။ သူတို့နှစ်ကောင်ရဲ့ မျက်လုံးအိမ်မှာ မျက်ရည်စများကို မြင်ရ၏။

တစ်ချက်တစ်ချက် သူတို့ကို ကြည့်၍အကဲခတ်နေသည့် လူအများရဲ့မျက်နှာကို စေ့စေ့စပ်စပ် လိုက်ကြည့်နေကြ၏။

ပြီး . . . ကြောက်လန့်တကြား အော်၍ ဇရပ်ထုတ်တန်းများပေါ်သို့ ပြေးတက်ပုန်းသလို လုပ်ကြ၏။

ထူးတော့ ထူးခြားနေသည်။

"ဦးကံစိန်ကြီး ဘယ်သွားနေလို့ပါလိမ့် ခင်ဗျာ"

"ခါတိုင်း သူ့မျောက်တွေနဲ့ ဒီအချိန်ဆို ဈေးရှေ့ရောက်နေကျဗျ။ အခု မတွေ့ရဘူး"

"မျောက်နှစ်ကောင်လည်း ပျာယာခတ်နေတာပဲ"

"ဒီစောင်နဲ့ခေါင်းအုံးက သူ့တို့များဖျက်စီးပစ်တာလား မသိဘူးနော်"

"အရင် ဒီလိုမဟုတ်ပါဘူးကွာ။ ဘယ့်နှယ် ဒီနေ့ကျမှ . ."

"ခါတိုင်း သူ့သားသမီးနှစ်ယောက်နဲ့ အတူမခွဲ ရှိနေတာပဲဟာ"

"ထွက်များသွားရော့လားဗျာ"





"ထွက်သွားလည်း သူ့သားသမီးနှစ်ယောက်ကိုပစ်ပြီး သွားပါ့မလားဗျ။ ဒီနှစ်ကောင်နဲ့ လုပ်ကိုင်စားသောက်နေတာပဲဟာ"

"စောင့်ကြည့်ကြပါဦးကွာ။ တစ်နေရာကို ကိစ္စရှိလို့ သွားနေသလား မသိဘာ"

သို့နှင့် ကျွန်တော်တို့ ကာလသားများသည် ဦးကံစိန်ကြီးနှင့် ရင်းနှီးရင်းစွဲရှိသည်နှင့် ဇရပ်မှာရပ်ပြီး စောင့်ကြည့်နေကြ၏။

မျောက်နှစ်ကောင်ကို သူများခိုးယူသွားမှလည်း စိုးရသေးသည်။

တစ်နေ့သာကုန်ရော ဦးကံစိန်ကြီး ပြန်မလာခဲ့။ မျောက်နှစ်ကောင်ကလည်း ဇရပ်ထုတ်တန်းပေါ်မှ မဆင်း။ အစာကျွေးလည်း မစား။

ခေါင်းငုံ့၍ လမ်းမရှိရာကိုကြည့်ပြီး အော်နေကြ၏။ ဒီလိုနှင့် နှစ်ရက်ကြာသွားသည်။ ဦးကံစိန်ကြီးကို လုံးဝမတွေ့ရ။

"ဦးကံစိန်ကြီး ဘာများဖြစ်လို့လဲ မသိဘူး"

"ဒီပတ်ဝန်းကျင်မှာရှိရင် ပြန်လာရမှာပဲကွ"

"မရှိလို့နေမှာပေါ့"

"ဒါဆို သူဘယ်သွားနိုင်သလဲ"

"သွားရင် သူ့ရင်သွေးတွေပါ ခေါ်သွားမှာပေါ့"

"ထူးတော့ ထူးသလိုပဲ"

"ဘယ်လို လုပ်ကြမလဲ"

"အဲဒါ မစဉ်းစားတတ်ဘူး"

"လူရော ဝိုက်ဆံရော မျောက်နေပုံကွ"

"ဟေ . . . တင်ရွှန်းရေ . . . မဟုတ်မှလွဲရော ဦးကံစိန်ကြီး တစ်ခုံတစ်ယောက်ကများ ငွေလိုချင်လို့ ခေါ်သွားရောလားဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ငွေလိုချင်ရင် ရိုက်လုသွားရင် ရတာပဲဥစ္စာ။ ကိုယ်ရေပြား ရောဂါသည်ကို တကူးတက ခေါ်သွားမှာလားကွ"

"အေး ... ဒါလည်း စဉ်းစားစရာပဲ"

ဒီမှာပဲ ကိုဝင်းစိန်ဆိုသူက ...

"ငါ ... အကြံရပြီကွ"

"ဘာတုံး ... ကိုဝင်းစိန်"

"ငါ သိပ်မသေကာဘူး"

"ကျုပ်တို့လည်း ခင်ဗျားတွေးသလိုပါပဲဗျ ကိုဝင်းစိန်ရဲ့"

"ဒီလိုလုပ်ကြည့်ရင် ကောင်းမလားဟေ့"

"ပြောဗျာ ... ဘယ်လိုလုပ်မှာလဲ ... ပြော"

"ငါ့ညီအစ်ကိုဝမ်းကွဲ ... နယ်ထိန်းတပ်ကြပ်ကြီး ရွှေကိုဆို တာ ရှိတယ်။ ငါတို့ရဲ့ ဦးကံစိန်ကြီးနဲ့ပတ်သက်ပြီး သင်္ကာရုန့်မကင်းဖြစ် နေတာကို နယ်ထိန်းရွှေကိုကို အကျိုးအကြောင်းပြောပြပြီး အခြေအနေ အကဲခတ်ပေးဖို့သွားပြောရင် ကောင်းမလားလို့"

"သိပ်ကောင်းတာပေါ့ ကိုဝင်းစိန်ရာ။ ပြောမယ်ဆိုလည်း မြန် မြန်သာ သွားပြောပြလိုက်ဗျာ"

ဒီမှာ ထွန်းလူက မေးပြန်ရော ...

"ဒီမျောက်မောင်နှမကိုရော ဘယ်လိုထိန်းမလဲ"

"သူတို့ကလည်း သူတို့သခင်ကလွဲပြီး ဘယ်သူမှ ကိုင်လို့ရ မှာမဟုတ်ဘူး။ ခင်ဗျားတို့ကျုပ်တို့ပဲ သူတို့သခင်ကိုကံစိန်ကြီး ပြန်မ ရောက်မချင်း အစားအစာ ကျွေးပေးကြတာပေါ့ဗျာ"

■ ■ ■

| ၅ |

❑

သုံးရက်မြောက်သည့်တိုင် ဦးကံစိန်ကြီး မသန်းတန်ဆောင်း ရှိရာသို့ ပြန်မလာခဲ့။ မျောက်ပွဲကြည့် ပရိသတ်များကလည်း ဦးကံစိန် ကြီးရဲ့မျောက်ပွဲ ဘာလို့မကနသလဲဟု မေးကြ၏။

ကျွန်တော်တို့လည်း ဦးကံစိန်ကြီး မရောက်မချင်း ခေါ်လို့ မရ၊ အော်လို့မရသည့် ဇရပ်ထုတ်တန်းပေါ်က မျောက်နှစ်ကောင်ကို ငှက်ပျောသီး၊ ဩဇာသီး၊ မာလကာသီး စသည်တို့အား သနားစွာဖြင့် နေ့စဉ်ညစဉ် ကျွေးနေရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ရေပ်ရှိရာသို့ရောက်လာလျှင် မျောက်ကလေးနှစ်ကောင်သည် ရေပ်ခါးပန်းမှာ ငုတ်တုတ်ထိုင်၍ သူတို့သခင်ကို မျှော်နေသည်ကို သနားစွာမြင်ရ၏။

ထို့အတူ မျောက်ကလေးမောင်နှမသည် ရေပ်ရှေ့မှ ဖြတ်သွားဖြတ်လာလုပ်သူများ၊ ရေပ်ပေါ် လာရောက်နားနေကြသူများကို မျက်လုံးပြူး မျက်ဆံပြူးနှင့် လိုက်လိုက်ကြည့်နေ၏။

သူတို့မျက်လုံးအစုံမှာ သူတို့သခင်ကို လိုက်ရှာနေသည့်အကြည့်များ မြင်ရ၏။

လူငယ်ကလေးများက မျောက်ကလေးနှစ်ကောင်ကို လာစကြနောက်ကြလျှင် မျောက်ကလေးနှစ်ကောင်သည် လန့်ဖျတ်ကြောက်ရွံ့ပြီး ရေပ်ထုပ်တန်းပေါ်သို့ ပြေးတက်ကာ ပုန်းကြ၏။ အော်ကြ၏။

တစ်နေ့သောအခါ လွမ်းစွာအံ့ဩဖွယ်ကောင်းသည့် မြင်ကွင်းတစ်ခုကို ကျွန်တော်တို့ အံ့ဩရလေသည်။

ထိုနေ့ကား ... စနေနေ့မနက်ပိုင်း ဖြစ်၏။

ဈေးရှိရာသို့ လူသွားလူလာများသည့်နေ့ ဖြစ်၏။ ရွာကလူများရော၊ မြို့ထဲက ရက်အားနေ့အားရသူများပါ ရေပ်ရှေ့ကနေ အသွားအလာ အနားအနီးများသည့်နေ့ဖြစ်၏။

မျက်မြင်အရှိ ပြောပြရက်အရ ...

ဈေးကွဲရှိန်ရနံ့တွင် ရေပ်သို့ လူနှစ်ယောက်ရောက်လာကြသည်။

တစ်ယောက်သောလူက နွတ်ခမ်းမွေး၊ ပါးမြိုင်းမွေးနှင့် အရပ်ရှည်ရှည်ဖြစ်ပြီး ...

တစ်ယောက်သောသူကား နားရွက်ကားကား၊ ကတုံးနှင့် အရပ်ပုပုလူဖြစ်၏။





သူတို့ကိုယ်ပေါ်မှာ လွယ်အိတ်ကိုယ်စီလည်း ပါ၏။ သူတို့နှစ်ဦးသည် ရေပ်ပေါ်မှာ ထိုင်နားပြီးနောက် လွယ်အိတ်ထဲမှ ငှက်ပျောသီး၊ လိမ္မော်သီးများကို ထုတ်၍ မျောက်ကလေးနှစ်ကောင်ကို ချော့ခေါ်နေသည်ကို မြင်ကြ၏။

မျောက်နှစ်ကောင်သည် ၎င်းလူနှစ်ဦးကိုမြင်သော် ကြောက်လန့်တကြားအော်ပြီး ရေပ်ထုတ်တန်း၊ ခေါင်တန်းပေါ်ပြေးတက်၍ ကျယ်လောင်စူးစွာ အော်ဟစ်ကြတော့သည်။

လူနှစ်ယောက်ကလည်း မျောက်နှစ်ကောင်ကို အစာကျွေးအစာပြ၍ ခေါ်လို့မရသောအခါ ခါးတောင်းကျိုက်ပြီး ထုတ်တန်းများပေါ်မှာ ရှေ့ပိတ်နောက်ပိတ် ပိတ်ပြီး သဲကြီးမဲကြီး လိုက်ဖမ်းကြတော့သည်။

မျောက်နှစ်ကောင်က အော်ဟစ်၍ ခုန်ကူး၊ သူတို့နှစ်ဦးကလည်း မရရအောင်ကြိုးစား၍ လိုက်ဖမ်းစဉ် ...

မျောက်ထီးလေး ဖေကျော်က အလစ်မှာ နှုတ်ခမ်းမွေးနှင့်လူ၏မျက်လုံးကို လက်နှင့်လှမ်းကုတ်လိုက်သောအခါ နှုတ်ခမ်းမွေးနှင့်လူ ထုတ်တန်းပေါ်တနေ ရေပ်ကြမ်းပြင်ပေါ်သို့ 'ဝုန်း'ခနဲ ပြုတ်ကျပြီး အော်ဟစ်လူးလွန့်နေစဉ် မျောက်ကလေးဖေကျော်ကလည်း ၎င်းလူပေါ်သို့ ခုန်ချကာ မျက်လုံးနှင့်ပါးစပ်ကို လက်သည်းနှင့် ရက်ရက်စက်စက် ခွဲကုတ်ပြီး နားရွက်ကို ပါးစပ်နှင့်ကိုက်တော့သည်။

မျောက်နှင့်လူသည် ရေပ်ကြမ်းပြင်ပေါ်မှာ နပန်းလုံးသကဲ့ ရှိနေ၏။ မျောက်လက်သည်းနှင့် အကုတ်ခံလိုက်ရ၍ နှုတ်ခမ်းမွေးနှင့်လူ မျက်လုံးကန်းပြီး သွေးသံရဲရဲနှင့် အော်ဟစ်၍ မျောက်ကိုကိုင်ရပါက်ရန် ကြိုးစားသော်လည်း ...

မျောက်ကလေးဖေကျော်ကလည်း လုံးဝမလွှတ် ...



www.burmeseclassic.com

www.burmeseclassic.com



နွတ်ခမ်းမွေးနှင့်လူ လည်ပင်းကို ခြေနှစ်ချောင်းနှင့် အသေခွထားပြီး အညှိုးကြီးစွာ လူ့မျက်လုံးကို ကုတ်ခြစ်ဖဲ့ကိုက်လုပ်ပစ်နေသည်။

သည်အချိန်မှာပင် ...

ကတုံးနှင့်သူ့အဖော်သည် နွတ်ခမ်းမွေးနှင့်လူကို ကူညီရန် ပြေးလာလိုက်သည်။

မျောက်မလေး မိနေကျော်က ကတုံးနှင့်လူ၏ ကတုံးပြောင်ပေါ်သို့ လွှားခနဲခုန်ချပြီး ဖက်ပိုးကိုခွစီးကာ ကတုံးကို လက်သည်းများနှင့် တအားကုတ်ခြစ်ပစ်လိုက်သည်။

ကတုံးနှင့်လူ ဦးရေပြားများ အစင်းလိုက်လန်ပြီး ငယ်သံပါအောင်အော်ဟစ်လိုက်တော့သည်။

ဒီအချိန်မှာပဲ ဇရပ်အနီးသို့ ခရီးသွားများနှင့်အတူ လှည်းကင်းတာဝန်ကျသည့် နယ်ထိန်းတပ်ကြပ်ကြီး ရွှေကိုနှင့်အဖွဲ့ဝင်များကလည်း ဇရပ်ပေါ်မှ ဝုန်းဒိုင်းကြဲဆူညံနေသံများ ...

လူ့အများကလည်း အော်ဟစ်နေ ဝိုင်းကြည့်နေသည်ကို မြင်ရသောအခါ စက်ဘီးများရပ်၍ စုံစမ်းမေးမြန်းရတော့၏။

"ဘာဖြစ်နေကြတာတုံးဗျာ"

"ဇရပ်ပေါ်မှာ လူနှစ်ယောက်နဲ့ မျောက်နှစ်ကောင် သတ်ပုတ်နေကြလို့ဗျ"

"လူနဲ့မျောက်နဲ့ သတ်ပုတ်နေတယ်"

"ဟုတ်တယ်ဗျ။ ပွဲကြီးပွဲကောင်းဖြစ်နေတာ"

"ဝင်မဖြန်ကြဘူးလားဗျ"

"ဖျင်လို့မရဘူး။ သွေးသံရဲရဲဖြစ်နေကြပြီ"

"ဟော ..."

စိတ်ကူးသစ်စာပေ



သည့်နောက် နယ်ထိန်းရဲတပ်ကြပ်ကြီးနှင့်အဖွဲ့တို့ နံပါတ်တုတ်များကိုင်၍ ဇရပ်ပေါ်ခုန်တက်လိုက်သောအခါ ...

အံ့ဩဖို့ကောင်းလေစွ ...

မျောက်ကလေးနှစ်ကောင်သည် ရဲတပ်ဖွဲ့ဝင်များကို မြင်လိုက်သည်နှင့် လူနှစ်ယောက်ကို ကုတ်ခြစ်ကိုက်နေရာမှ ချက်ချင်းရပ်ပစ်လိုက်ပြီး ခပ်လှမ်းလှမ်းမှာရပ်၍ တစ်ယောက်လက်တစ်ယောက်ဆုပ်ကိုင်ကာ လူနှစ်ဦးကို စူးစူးရဲရဲ စိုက်ကြည့်နေကြသည်။

မျက်နှာသွေးသံရဲရဲနှင့် လူနှစ်ဦးကား ပါးစပ်မှ နာကျင်စွာညည်းတွားပြီး အဖေကယ်ပါ၊ အမေကယ်ပါနှင့် အော်ဟစ်လူးလွန့်နေကြသည်။

"ဟော့ကောင် ... နှစ်ကောင်၊ မင်းတို့ဘယ်ကလဲ"

"အား ... အမယ်လေးဗျ။ ဆေးခန်းကို ပို့ပေးကြပါဗျာ"

"မေးတာဖြေပါဦးကွ"

"အမယ်လေး ... မျက်စိမမြင်ရတော့ဘူးဗျာ ... အား ... အား"

ဒီမှာ ရဲသားတစ်ဦးက ...

"ဆရာကြီး ... နွတ်ခမ်းမွေးနဲ့ကောင်ရော ဒီကတုံးရော မသင်္ကာစရာပဲ"

သို့နှင့် နယ်ထိန်းရဲတပ်ကြပ်ကြီး ရွှေကိုသည် သူ့အစ်ကိုဝမ်းကွဲ ကိုဝင်းစိန် လွန်ခဲ့သည့်သုံးရက်ခန့်က လာရောက်သတင်းပေးသွားသည့် ဦးကံစိန်ကြီးနှင့် မျောက်နှစ်ကောင်ရဲ့ဇာတ်လမ်းကို သွားသတိရလိုက်ပြီး အကြံဉာဏ်တစ်ခု ဝင်လာကာ မျောက်ကလေးနှစ်ကောင်အနီးသို့ တိုးသွားပြီး စမ်းသပ်ကြည့်လိုက်သည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



"ဟော့ ... ပျောက်ကလေးနှစ်ကောင် ... မင်းတို့သခင် ဦးကံစိန်ကြီးကိုလာခေါ်တာ ဒီလူနှစ်ယောက်လားဟေ"

"ကွိ ... ကွိ ..."

"ကွိ ... ကွိ ... ကွိ ..."

ပျောက်ကလေးနှစ်ကောင်သည် ရဲတပ်ကြပ်ကြီးရဲ့မေးခွန်းကို နားလည်သည့်အလား ပြုံးဖြင့် 'ကွိ ကွိ'ဟု အော်ဟစ်လိုက်ပြီးနောက် လူးလွန့်နေသည့် လူနှစ်ဦးကို နာကျည်းဒေါသထွက်နေသည့် မျက်လုံး အစုံနှင့် စိုက်ကြည့်ပေါက်ကွဲနေကြသည်။

နယ်ထိန်းရဲတပ်ကြပ်ကြီးသည် ပြစ်မှုပေါင်းများစွာကို ဖော် ထုတ်လာသူပီပီ ... ချက်ဆို နားခွက်က မီးတောက်ပြီသား ...

"ဟော့ကောင် ... နှစ်ကောင်"

"ဗျာ ... ဗျာ ... အား ..."

"မင်းတို့ မှန်မှန်ပြောစမ်း။ ငါတို့ ရဲတပ်ဖွဲ့ကပဲ"

"အား ... ဗျာ ... ဗျာ ..."

"ဟော့ကောင် ... နွတ်ခမ်းမွေး ... မင်းနာမည် ဘယ်လို ခေါ်လဲ"

"အောင် ... အောင် ... မောင်း ... ပါ ... ခင်ဗျ"

"ကတုံးကရော ..."

"လက်ကြီး က ... က ... တုံးပါ ... အား"

"မင်းတို့တစ်တွေ ကိုယ်ရေပြားရောဂါသည် ဦးကံစိန်ကြီးကို ခေါ်သွားတယ်မဟုတ်လား"

"ဗျာ ... အား ... အား ... မ ... မ ... ဟုတ်"

"ဟော့ကောင် ... ငါတို့ မင်းတို့အဖွဲ့ဝင်တစ်ဦးကို မိထားပြီး





ပြီ"

"ဗျာ ..."

"ဟင် ..."

"မင်းတို့ ဆက်ညာနေဦးမှာလား။ အမှန်အတိုင်းပြောရင် ... သက်သာမယ်၊ ဆက်ညာရင် ပိုနာမယ် ... ပြော"

"ဆေးရုံကို ပို့ပေးပါဆရာ"

"အမှန်အတိုင်းပြောရင် ရောဂါပျောက်အောင်ကုပေးမယ် ပြော ..."

"ပြော ... ပြောပါ့မယ် ဆရာ"

"ဒီလိုမှပေါ့။ ကဲ ... ပြောစမ်း ... ဦးကံစိန်ကြီး ဘယ်မှာ လဲ"

"သေ ... သေ သွားပါပြီ ခင်ဗျာ"

"သတ်ပစ်လိုက်တာ မဟုတ်လား"

"ဟုတ်ပါ ... တယ် ... အား ..."

"ဟာ ..."

"တောက် ..."

"မင်းတို့ ကိုယ်ရေပြားရောဂါသည် ဒုက္ခိတကို ဘာလို့သတ် ်ရသလဲ ... ပြော"

"ဒီလိုပါဆရာ။ ဒီလူကြီးမှာ ပျောက်ပွဲပြပြီး စုထားတဲ့ငွေများ းရှိနေမှန်း ရိပ်စားမိလို့ လွှန်ခဲ့တဲ့သုံးရက် နေဝင်ပြီးချိန်မှာ ကျွန်တော် ယ်၊ ကတုံးရယ်၊ ကျွန်တော်တို့ဆရာ ခေါ်ကြီးရယ် ဒီရေပ်ကနေ ခေါ် ွားခဲ့ပါတယ်။ ပိုက်ဆံကို ရှာခြောက်မေးတာ အမှန်အတိုင်းဝန်မခံ ့ ရိုက်နှက်မေးရာကနေ လက်လွန်ပြီး သေသွားတာနဲ့ ( ... )



www.burmeseclassic.com

www.burmeseclassic.com



ခြုံအောက်မှာ ကျင်းတူးပြီး မြှုပ်ထားခဲ့ပါတယ် ဆရာ''

''အခု ဘာကိစ္စနဲ့ ဒီဇရပ်ကို ပြန်လာတာလဲ''

''ငွေမရလည်း အလွန်လိမ္မာတဲ့ မျောက်နှစ်ကောင်ကိုရရင် ထိုက်ထိုက်တန်တန် ဈေးကောင်းရမှာပဲလို့ယူဆပြီး မရ ရတာကို ယူဖို့ ဖမ်းဖို့လာခဲ့တာ။ ဒီမျောက်နှစ်ကောင်က ကျွန်တော်တို့ကို မှတ် . . . မိ ပုံရပြီး . . . အား . . . ကုတ်ဖဲ့တိုက်ခိုက်လို့ . . . ခုလို . . . ခံရ . . . အား''

''မင်းဆရာခေါ်ကြီး၊ ခုဘယ်မှာလဲ''

''ဆ . . . ဆရာတို့ပဲ . . . မိ . . . မိ ထား ပြီ ဆို''

''ဟေ့ကောင် . . . ပြန်မမေးနဲ့။ ဘယ်မှာလဲ ပြော''

ဒီမှာပဲ သူတို့နှစ်ဦး ရဲတပ်ဖွဲ့ရဲ့ ပညာစက်ကွင်းမိလိုက်ပြီလို့ သဘောပေါက်ကာ ချုံးပွဲချ၍ ငိုကြတော့သည်။

သည့်နောက် ခေါ်ကြီးရှိသည့်နေရာကို ပြောပြခဲ့သည်။ ၎င်းလူဆိုးနှစ်ဦးကို ရဲစခန်းမှတစ်ဆင့် ဆေးရုံသို့ပို့ပြီးနောက် လူသတ်သမား ခေါင်းဆောင် ခေါ်ကြီးကိုခေါ်ပြီး သူတို့မြေမြှုပ်ထားသည့်နေရာကို လိုက်ပြနိုင်းလိုက်သောအခါ . . .

ရဲအရာရှိများ၊ အရပ်လူကြီးများ မျက်မြင်ရှေ့မှောက်မှာပင် ကိုယ်ရေပြားရောဂါသည် ဦးကံစိန်ကြီးမြှုပ်ထားသည့်နေရာကို ရှာဖွေတွေ့ရှိ ဖော်ထုတ်နိုင်ခဲ့ပြီ။ တရားခံသုံးဦးကို သက်သေအထောက်အထား ခိုင်ခိုင်လုံလုံနှင့် ရုံးတင်တရားစွဲဆိုနိုင်ခဲ့လိုက်လေသည်။

■ ■ ■

| ၆ |

(၇)ရက်စေ့သောအခါ မသန်းတန်ဆောင်းရှိရာသို့ ဘုန်းကြီး အိုကြီးတစ်ပါးနှင့် ဘုန်းကြီးကျောင်းသားသုံးယောက်တို့ ငှက်ပျောသီး များကိုင်၍ ရောက်လာကြ၏။

ဘုန်းကြီးအိုကြီးကို မြင်သောအခါ မျောက်ကလေးနှစ်ကောင် သည် ဝမ်းသာအားရအော်ဟစ်ပြီး လူကဲ့သို့ ဒူးထောက်၍ ဦးချကန်တော့ နေသည်ကို ကျွန်တော်တို့ အံ့ဩဖွယ်မြင်လိုက်ရ၏။

ဘုန်းကြီးကျောင်းသားများက ငှက်ပျောသီးများကို အခွံနွာ၍ ကျွေးလိုက်ကြသောအခါ ဝမ်းသာအားရ ဆာဆာလောင်လောင်နှင့် စား သောက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ...

မျောက်ကလေးနှစ်ကောင်ကို သံယောဇဉ်စိတ်နှင့် စေ့စဉ့် အစား အစာ လာရောက်ကျွေးမွေးနေကြသည့် ကျွန်တော်တို့လူစုက ဘုန်းကြီး အိုကြီးကို မေးမြန်းလျှောက်ထားရလေသည်။

"အရှင်ဘုရား"

"ဘာတုံး ... ဒကာလေးတို့"

"အရှင်ဘုရားတို့နဲ့ ဒီမျောက်လေးနှစ်ကောင်တို့ လွန်စွာရင်း နှီးကျွမ်းဝင်ကြပါသလား ဘုရား"

"ဟုတ်တယ် ဒကာ။ သူတို့သခင် ဒကာကြီး ဦးကံစိန်ကြီးရှိ တုန်းက ဘုန်းကြီးကျောင်းကိုလာရင် သူတို့နှစ်ကောင်ပါလာပြီး ဘုန်းကြီး နဲ့ရော ကျောင်းသားတွေနဲ့ပါ ရင်းနှီးကျွမ်းဝင်နေကြတာပါ။ သူတို့က ဘုန်းကြီးကိုမြင်ရင် ခုလိုပဲ ဦးခိုက်ကန်တော့ ဝပ်ဖြည့်ကြတယ်"

"အရှင်ဘုရား သူတို့သခင် ဦးကံစိန်ကြီးအသတ်ခံရလို့ ကွယ် လွန်အနိစ္စရောက်သွားတာ သိပါသလားဘုရား"

"ကြားပြီး သိပြီးပါပြီ ဒကာတို့။ ဒါကြောင့် အဖမဲ့ ဒီမျောက် ကလေးနှစ်ကောင် နောက်ထပ် ဘေးအန္တရာယ်မကျရောက်ရအောင် လာ ခေါ်ရတာပါ"

"ဦးကံစိန်ကြီး ငွေကိစ္စကြောင့်အသတ်ခံရတာ အမှန်ပဲလား ဘုရား"

"ဒါပေါ့ ဒကာကြီးရယ်။ သူဟာ ဒီမျောက်လိမ္မာနှစ်ကောင်နဲ့ မြို့တကာ ရပ်တကာ ပွဲတကာ လှည့်ပြီး က,ပြလုပ်စားခဲ့တာ။ ကာလ ကြာတော့ ငွေကြေးစုဆောင်းမိလာတာပေါ့"

"ဒါနဲ့ ဦးကံစိန်ကြီး အသတ်ခံရတော့ လူသတ်သမားတွေ





ငွေလုံးဝရမသွားဘူးလို့ ကြားရပါတယ်ဘုရား။ အဲဒီငွေတွေ ဘယ်ရောက် ကုန်ပါသလဲ ဘုရား"

"ဘုန်းကြီးထံမှာပါ ဒကာတို့"

"ခင်ဗျာ .."

"ဘယ်လို အစီမံမှာယ်ပါလဲဘုရား"

"ဒကာကြီး ဦးကံစိန်ကြီးဟာ မျောက်ပွဲက,ပြတာ စေ့စဉ် ရသမျှ ပိုက်ဆံများကိုစုပြီး သုံးရက်တစ်ခါ ငါးရက်တစ်ခါ ဘုန်းကြီးထံ မှာ စားဖို့လေးချန်ပြီး လာလာအပ်နှံတယ်။ အကြောင်းရင်းက သူ့ဘဝ ဟာ ရှေးဘဝကံဝဋ်ကြွေးကြောင့် ဒီဘဝမှာ လူဖြစ်ပါလျက် လူရာမဝင် တဲ့ဘဝကို ရောက်ခဲ့ရပါတယ်ဘုရား တဲ့။ နောင်ဖြစ်လေရာဘဝများမှာ လူရာမဝင် ရောဂါဝေဒနာသည်ဘဝက ကင်းလွတ်စေချင်လို့ ရှာဖွေလို့ ရလာသမျှ ကျွန်တော်တို့သားအဖသုံးယောက်ရဲ့ ချွေးနည်းစာကို အရှင် ဘုရားထံအပ်နှံပါတယ်။ တပည့်တော်တို့ သားအဖသုံးယောက် လူရာ မဝင်ဘဝ တိရစ္ဆာန်ဘဝမှ နောင်ကင်းလွတ်ခြင်းအကျိုးငှာ ကျောင်း ဆောက်ရာ၊ သိမ်ဆောက်ရာ၊ ဘုရားတည်ရာ လိုအပ်သလို အသုံးပြု ပေးပါဘုရားလို့ အပ်နှံခဲ့တော့ လူဆိုးများက သူ့ထံကငွေမရပဲ အသက် ပဲရသွားခဲ့တာပေါ့။ အခု ဘုန်းကြီးတို့ သူ့ရည်မှန်းချက်ပြည့်အောင် မနက်ကပဲ သူ့အတွက်ရည်စူးပြီး သိမ်ဆောက်ရာမှာ ငွေအချို့ကိုထည့် ဝင်သုံးစွဲပေးလိုက်ပါပြီ ဒကာတို့။ အင်း ... သင်းတို့သားအဖ ဇီချွေး နည်းစာ ကုသိုလ်အကျိုးကြောင့် ဘဝဆက်တိုင်း လူရာဝင်ဘဝနဲ့ လူ ချမ်းသာ၊ နတ်ချမ်းသာဘဝ ရကြပါစေ"

ကျွန်တော်တို့အားလုံး ဘုန်းကြီးအိုရဲ့စကားကို ကြားရတော့ အခါ ဦးကံစိန်ကြီးရဲ့စေတနာနှင့် ရည်မှန်းချက်ကို လေးစားခဲ့ပြီး ပို၍



www.burmeseclassic.com

www.burmeseclassic.com



နမြောတသ သတိရခဲ့ရ၏။

ထို့အတူ …

ဘုန်းကြီးကျောင်းသားများ ပခုံးပေါ်မှ ငှက်ပျောသီးစားပြီး ပျော်ရွှင်ကြည်နူးနေကြသည့် ဖေကျော်နှင့်မိနေကျော် မျောက်မောင်နှမကိုကြည့်ပြီး သူတို့ ငြိမ်းချမ်းလုံခြုံရာအရပ်သို့ ရောက်သွားပြီကိုကြည့်၍ ကြည်နူးချမ်းမြေ့ခဲ့ရလေသည်။

■ ■ ■

နတ်လူဦး



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

၁၉၇၄ ခုနှစ်တွင် အကျဉ်းထောင်ဌာန ဖွဲ့စည်းပုံအသစ် ပြင်ဆင်ရာ အင်းစိန်ဗဟိုအကျဉ်းထောင်နှင့် မန္တလေးဗဟိုအကျဉ်းထောင်အပြင် (က) အဆင့်ထောင် (၁၂)ထောင်၊ (ခ) အဆင့်ထောင် (၈)ထောင်၊ (ဂ) အဆင့်ထောင် (၅)ထောင်၊ (ဃ) အဆင့်(၆)ထောင် အပါအဝင် မြန်မာတစ်ပြည်လုံးတွင် ထောင်ပေါင်း (၃၇) ထောင်ရှိခဲ့သည်။

ထို့အပြင် စိုက်ပျိုးရေးစခန်း၊ လမ်းဖောက်လုပ်ရေးစခန်းများကိုလည်း၊ အကျဉ်းသားလုပ်အားများဖြင့် ချဲ့ထွင်ခဲ့သည်။ အကျဉ်းဌာနကိုလည်း 'အကျဉ်းဦးစီးဌာန'ဟူ၍ ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။





၁၉၇၅-ခုနှစ်၊ ဒီဇင်ဘာလတွင် ဖွဲ့စည်းပုံအသစ်အရ ထောင်မှူးအသစ်များကို ပေါ်ပြည်သူ့ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့မှ သတင်းစာကတစ်ဆင့်ခေါ်ဆိုရာ ဘွဲ့ရလူငယ်ပေါင်း (၂၀၀၀) ကျော်ဝင်ရောက်လျှောက်ထားခဲ့ကြသည်။ ရေးဖြေစာမေးပွဲကို ကမ္ဘာအေးကုန်းမြေ၊ ဆွမ်းစားဆောင်များတွင်ဖြေဆိုကြရပြီး၊ စာတွေ့အောင်မြင်သူများအား လက်တွေ့ကျန်းမာရေးစစ်ဆေးခြင်းကို အောင်ဆန်းကွင်း၌ ပြုလုပ်ပြန်သည်။ တာတို၊ တာရှည်၊ အပြေးအလွှား၊ အခုန်အကျော်စစ်ဆေးခြင်း အရပ်နှင့်ခန္ဓာကိုယ်အလေးချိန် ပေါင်ချိန်ခြင်းတို့ ဖြစ်သည်။

သတ်မှတ်ချက်များမှာ အရပ်(၅'၄") ပေါင်ချိန် (၁၀၀) အထက်ရှိရမည်ဖြစ်ရာ သတ်မှတ်ချက်မမီသူများ ရေးဖြေအောင်သော်လည်း ပြုတ်ကျန်ခဲ့ကြသည်။ ပေါင်ချိန်မမီသူများဖြစ်ကြသော ကိုစိုးသိန်း ခေါ် စာကလေးစိုးသိန်း (ယခု စာရေးဆရာစိုးဝေ)၊ ကိုညာဏ်တင့် ခေါ် ညာဏ်ကျယ်လေးတို့မှာ ပေါင်(၁၀၀)မပြည့်သဖြင့် ဗီးကြမ်းငှက်ပျောသီး အဖီးလိုက်စားပြီး ရေအဝသောက်မှ ပေါင် (၁၀၀) ပြည့်မီကြသည်။

မှတ်ချက် — *(ယခုပင်စင်များယူချိန်တွင်တော့ ကိုစိုးသိန်းနှင့် ကိုညာဏ်တင့်တို့မှာ ဝဖြိုးပြီး၊ ဗိုက်များပါစူထွက်နေသဖြင့် စာကလေးအရွယ်မှ လင်းတလောက်ဖြစ်နေကြပါပြီ။)*

စာတွေ့၊ လက်တွေ့ အောင်မြင်သူများကိုလည်း ရန်ကုန်ထောင်ဟောင်းကြီးအတွင်းရှိ အကျဉ်းဦးစီးဌာနရုံးချုပ်တွင် နောက်ဆုံးအကြိမ်အဖြစ် လူတွေ့စစ်ဆေးပြီး ဆေးစစ်ကြရပြန်သည်။ နောက်ဆုံးဆန်ခါတင်ရွေးချယ်မှုပြီးတော့ ထောင်မှူးလောင်း (၆၆) ယောက်သာ ကျန်တော့သည်။

အပြီးသတ်ရွေးချယ်မှုပြီးသည်နှင့် (၁၅-၁၂-၁၉၇၅) ရက်နေ့



www.burmeseclassic.com

www.burmeseclassic.com



တွင် အင်းစိန်ဗဟို အကျဉ်းထောင်ဝင်း ရွှေမန်းကျောင်းအနီးရှိ သင်တန်းကျောင်း (ယခု အကျဉ်းဦးစီးဌာနရုံးချုပ်နေရာ)တွင် ဦး–ရေး–ဓာတ် ဘာသာရပ်များနှင့် စစ်သင်တန်း သုံးလခွဲတက်ရပြန်သည်။ စစ်သင်ခန်းများထုံးစံအတိုင်း အစပိုင်းလက်နက်မဲ့ စစ်ရေးပြနည်း။ နောက် ရှေ့သေ ၃၀၃ ရိုင်ဖယ်နှင့် သေနတ်နက်ငယ်အမျိုးမျိုး။ ဓါတ်ဆေးနှင့်များစုံသည်။ အစားအသောက်ကတော့ မနက် ကုလားပဲဟင်းနှင့် လုံးတီးပေါင်မုန့်၊ ညနေ အသားဟင်းတို့ဖြစ်သည်။

သင်တန်းဆရာများက သင်တန်းအုပ်ချုပ်သူထောင်မှူး ဦးမြင့်မောင်း၊ တပ်ခွဲတပ်ကြပ်ကြီးဦးတင်မြ၊ တပ်ကြပ်ရှမ၀ဦးချစ်စိန်၊ ဒုတပ်ကြပ်ကြီးဖြစ်ကြသော ဦးမြမောင်၊ ဦးအောင်သိန်းနှင့် ဦးကျော်မြင့်တို့ဖြစ်ကြသည်။

သင်တန်းမှာ ပင်ပန်းသော်လည်း အရေးအကြောင်းရလာသော မျှော်လင့်ကြသည်။ ကိုယ်ကာယလေ့ကျင့်ခန်း (P.T) လည်းပါလာသဖြင့် အစားအသောက်လည်းစားနိုင်လာကြရာ လူငယ်များဖြစ်ကြ၍ စားချိန်အိပ်ချိန်မှန်သောကြောင့် တောင့်တင်းသန်မာလာကြသည်။ ညနေချိန်ရောက်သော နေ့ပူထဲ၊ ဘောလုံးကွင်းထဲ၌ နေ့လယ် (၁၂) နာရီအထိ လေ့ကျင့်ကြရ၍ အသားအရေကတော့ ကြေးနီရောင်ပေါက်နေကြသည်။

ထောင်မှူးလောင်းအပတ်စဉ် (၆)သင်တန်းတွင် နာမည်ကြီးသူများကတော့ မှကျစ် ... ပကျစ်နှင့် ကျွန်းများပြီး နေရာအောက်တွင် ပါလေရာလုပ်တတ်သော တာကြီးလေးရိုးသိန်း (စာရေးဆရာကိုးဓ) Breakfast အတွက် ထမင်းကြော်အစား ပေါင်မုန့်နှင့် လက်ဖက်ရည် သောက်ချင်သည်ဟု အဆိုပြုသဖြင့် 'ပေါင်မုန့်' နာမည်တွင်သွားရသော တိုဖော်ရွှေ၊ ခေါ်နှင့်မောနှင့်စကားပြောသည်နှင့် နာမည်ကြီးကြီးနီရဲလာ





တတ်သော နာနီသိန်းထွန်း၊ ကုလားပီပီ ပလီကလာပြောတတ်သော 'လျှာရှည်အာသွက်သည့် ဇာကေအာမက်'၊ ပြဿနာတစ်ခုခုကို မီးထွန်း၍ ရှာတတ်သော 'ပြဿနာဇေသန်း'၊ မနက်ခင်းအိပ်ရာထတွင် အိပ်ရာသိမ်း၍ ကစ်စီရန် 'ကစ်စီမယ်ဆရာတို့'ဟု နှီးဆော်အော်ဟစ်တတ်သော 'ကစ်ဆရာဘုန်းမော်'၊ ထစ်ခနဲဆို ရန်ဖြစ်တတ်သည့် လူမိုက်ကြီးမြင့်ဆွေ၊ ဖဲနှင့်ပုတီးကိုဝါသနာကြီးသော ညွှန်ချုပ်ကြီး ဦးဘခင်သား ကျော်ရှိန်၊ အရပ် (၆'၂")လက်မရှိသော အရှည်ကြီးကိုတင်ထွဋ်၊ ကျန်းမာတောင့်တင်း၍ ဝိတ်ပေါ်ကြီးဖြစ်သော်လည်း အနုအရွ အလှအပ သီချင်းကလေးများကို ဂစ်တာတီး၍ ဆိုညည်းတတ်သော ဗလကြီးအေးချို၊ ဝတ်သမျှ ယူနီဖောင်းနှင့် အရပ်ဝတ်များကို မလျှော်မဖွပ်ဘဲ ကျွန်းသေတ္တာကြီးအတွင်း ဝိတ်လှောင်ထားသိုလှောင်ရှိသော ကာတွန်းဦးလူပေါနှင့်တူလှသည့် လူပေါမြင့်သန်း စသဖြင့် စုံလင်လှသည်။

သင်တန်းပြီးတော့ ကိုယ်ပိုင်နံပါတ်များပေးရာ (က/၂၀၀၀) ကျော်ကစသဖြင့် ကျွန်ုပ်တို့အပတ်စဉ်အား 'နှစ်နှစ်'အဖွဲ့၊ သို့မဟုတ် စာရေးဆရာဗဟိုစော ခေါ် ပီတာမြဦး (ဦးစောလှိုင်) ရေးသလို 'တူးတူး' အဖွဲ့ဟု အကျဉ်းဌာနသမိုင်းတွင် ကျော်စောခဲ့ပါသည်။ ကျွန်ုပ်တို့အဖွဲ့သည် မြို့ရွာပေါင်းစုံနှင့် နယ်တကာ၊ တောတကာတွင် လှည့်လည်တာဝန်ထမ်းဆောင်နေသူ လေးငါးဦးခန့်၊ နုတ်ထွက်နှင့် ပင်စင်သွားသူ (၃၈)ခန့်၊ သေဆုံးသူ (၂၀)ခန့် ရှိပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

ထောင်မှူးသင်တန်း အပတ်စဉ် (၆)၊ တူးတူးအဖွဲ့၏ နေ့ဝင်ချိန်လည်း ဖြစ်ဟန်တူပေသည်။ (၁၈. ၁၂. ၂၀၀၉) ရက်နေ့က မရမ်းကုန်းမြို့နယ်၊ ဝိဇ္ဇာသိပ္ပံကျောင်းတွင် ကျွန်ုပ်တို့ အပတ်စဉ်(၆)ထောင်မှူးများ တစ်နှစ်တစ်ခါဆုံကြ၍ ဘုန်းတော်ကြီးများအား ဆွမ်းကပ်၊ ကွယ်လွန်သူများအား အမျှဝေကြပြီး နေ့လယ်စာမိတ်ဆုံစားပွဲ ပြုလုပ်ကြသည်။ အဖွဲ့ဝင်များ၏ သာရေး၊ နာရေး ရန်ပုံငွေအတွက်လည်း တစ်ဦးလျှင် တစ်လ (၁၀၀၀ိ/-) နှုန်း ကောက်ခံစုဆောင်းရန် ဆုံးဖြတ်ကြလေပြီ။ ကျန်းမာရေးကောင်းမွန်သူက အလွန်နည်းသည်။ သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါသမားများက များလာပေပြီ။





ထိုနေ့က ထောင်မှူးသင်တန်းအပတ်စဉ် (၆)မှ နိုးစဝ်ရာ ဆရာများဖြစ်ကြသော ဆရာဦးပြုံးမောင်နှင့် ဆရာဦးကျော်မြင့်တို့အား ကျွန်ုပ်တို့ စုပေါင်းအလှူငွေ (၃၀၀၀ိ/-) ဖြင့် ကန်တော့သည်။ နေ့လယ်စာကို ပြည့်စုံကောင်းမွန်စွာဖြင့် ကျွေးမွေးသည်။ သင်တန်းဆရာ ထောင်ပိုင်ဦးယဉ်မောင် (ငြိမ်း) က နယ်တွင်နေထိုင်၍ လက်လှမ်းမမီ၊ ဆရာဦးအောင်သိန်းကိုလည်း ဆက်သွယ်၍မရ၊ ဆရာဦးတင်မြနှင့် ဆရာဦးချစ်စိန်တို့က ကွယ်လွန်ကြပြီဖြစ်သည်။

နေ့လယ်စာစားပြီးတော့ လွန်ခဲ့သော (၃၊ ၄) ရက်ခန့်က ကွယ်လွန်သွားသည့် ကျွန်ုပ်တို့၏ 'ထောက်'ဘာသာရပ်သင်ကြားသူ ဆရာထောင်ပိုင်ကြီး ဦးအုန်းကျော်နေအိမ်သို့သွားကြ၍ အလှူငွေများပေးလှူကြပြန်သည်။ 'ရေး'ဘာသာရပ်သင်ကြားသူ ထောင်ပိုင်ကြီး ဦးမောင်မောင်၊ (တရေးဆရာ ဦးရန်အောင်မောင်မောင်)ကတော့ ကွယ်လွန်ပြီးဖြစ်သည်။ 'ဦး'ဘာသာရပ်သင်ကြားသူ ဆရာထောင်ပိုင်ကြီး ဦးအောင်နွဲ့ကတော့ လေဖြတ်၍ အိပ်ရာထဲ လဲနေရှာပြီဖြစ်သည်။

ထောင်မှူးသင်တန်းအပတ်စဉ် (၆)သုံးလခွဲ သင်တန်းပြီးတော့ တာဝန်ခွဲဝေချထားရာ ကျွန်ုပ်က အင်းစိန်ဗဟို အကျဉ်းထောင်ဘူးဝတံခါးကြီးထောင်မှူးအဖြစ် စတင်တာဝန်ထမ်းဆောင်ရသည်။ ကျွန်ုပ်နှင့်အတူ အင်းစိန်ဗဟိုအကျဉ်းထောင်၌ တာဝန်ကျသူများက ဦးဝင်းဆန်း၊ တကလေးမိုးသိန်း၊ ကုလားကျော်ဝင်း၊ ဦးစောလှိုင်၊ ဦးမြင့်ဦး၊ ဦးလှတိုး၊ ဦးမောင်သိန်း၊ ဦးညွန့်သိန်းနှင့် ဦးအုံးငွေတို့ဖြစ်ကြသည်။

ကျွန်ုပ်တို့ လူပျိုထောင်မှူးများကတော့ ဘူးသစ်ခေါ် (၇)မျှော်ဝင်အနီးရှိ ရဲတိုက်ကြီးတွင်နေကြရပြီး အိမ်ထောင်ရှိသူထောင်မှူးများကိုတော့ အိမ်ခန်းများပေးထားသည်။ ထိုစဉ်က အိမ်ထောင်ရှိသူများက



www.burmeseclassic.com

လည်း ဦးစိုးသိန်း၊ ဦးမြင့်ဦး၊ ဦးညွန့်သိန်းနှင့် ဦးမောင်သိန်းတို့သာ ဖြစ်ကြပေသည်။ ထို့ကြောင့် ဘူးသစ်လူပျိုဂေဟာတွင် ကျွန်ုပ်နှင့် ဦးအုံးရွှေ၊ ကုလားကျော်ဝင်း၊ ဦးစောလှိုင်၊ ဦးဝင်းဆန်းတို့သာ အနေများသည်။

ကျွန်ုပ်၏တာဝန်မှာ ရုံးထွက်၊ ရုံးပြန်၊ လွှတ်လူနှင့် ညှိသည့် အဝင်အထွက်၊ ကားအဝင်အထွက်များကို မှတ်တမ်းပြုရပြီး ညထောင်ပိတ်ချိန်၌ Morning Report ခေါ် ထောင်ပိတ်၊ ထောင်ဖွင့် စာအုပ်ကြီးဖြင့် အဝင်အထွက် တိုက်ဆိုင်စစ်ဆေးပြီး ထောင်ပိတ်ရသည်ဖြစ်ရာ အများမခံ၊ ဘာထိုင်ငွေစာရင်းအတိုင်းပင် အဝင်အထွက်ကိုက်ညီမှ ထောင်ပိတ်ရသည်။

ထိုစဉ်က ညွှန်ကြားရေးမှူးမှာ ဗိုလ်မှူးတင်အုံး၊ ထောင်ပိုင်ကြီးက မစ္စတာမဂ္ဂနန်း၊ ဒုတိယထောင်ပိုင်က ဦးကြည်၊ ထောင်မှူးကြီးကတော့ အလွန်ဗလကောင်းသည့် ကရင်ထောင်မှူးကြီး ဦးတင်ရွှေဖြစ်သည်။ ထောင်တစ်ထောင်လုံးအား ထောင်မှူးကြီး ဦးတင်ရွှေက စီမံအုပ်ချုပ်သည်။ ရိက္ခာထောင်မှူးကြီး ဦးကျော်လှိုင်ဆိုသူလည်းရှိသေးသည်။ သူက အုပ်ချုပ်ရေးတွင် ဝင်မပါ၊ 'ထောက်'ကိုရှုကိုသာ တာဝန်ယူဆောင်ရွက်သည်။

ကျွန်ုပ်တို့လူပျိုများအား အင်းစိန်ထောင်အတွင်းရှိ 'ထောက်ဌာန' က နေ့လယ်စာထမင်းကျွေးသည်။ ကျွန်ုပ်နှင့် အလုပ်ဘက်တွင် တာဝန်ကျသည့်ထောင်မှူးများသာ ထောက်ဌာနတွင် နေ့လယ်စာထမင်းစားကြသည်။ အဆောင်များနှင့် ထောင်ဆေးရုံတွင် တာဝန်ကျသော ထောင်မှူးများက လာမစားကြပါ။ သူတို့အဆောင်များတွင် စားစရာများ အလျှံပယ်ပေါများသောကြောင့် ဖြစ်သည်။ ထို့အပြင် အဆောင်





တောင်ယာနှင့် အတွင်းတောင်ယာများကလည်း အသီးအနှံမျိုးစုံထွက်သည်။

အလုပ်သင်ထောင်မှူးများဖြစ်ကြ၍ (၆)လ တစ်ကြိမ်၊ အလုပ်ဌာနပြောင်းရွှေ့ပြီး တာဝန်ထမ်းဆောင်ကြရရာ တံခါးကြီး ထောင်မှူးအဖြစ် (၆)လတာဝန်ထမ်းဆောင်ပြီးနောက် ကျွန်ုပ် (၁)ဆောင်၊ ထောင်ကျရုံးတွင် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသည်။ ရုံးတာဝန်ခံမှာ ထောင်မှူးကြီး ဦးစံသိန်းဖြစ်သည်။ ရခိုင်လူမျိုးဖြစ်ပြီး အရပ်ရှည်ရှည်၊ မျက်နှာရှည်ရှည်၊ အသားညိုသူဖြစ်၍ 'ရသေ့ကြီး'ဟု နောက်ကွယ်တွင် ခေါ်ကြသည်။

ကျွန်ုပ်၏ ရုံးခန်းမှာ ၁-ဆောင်၊ အောက်(၄)ခန်းဖြစ်သည်။ အဆောင်မှူးရုံးခန်း ဖြစ်ပေသည်။ ရုံးခန်းမှာ အုပ်ချုပ်ရေး (အဆောင်) ရုံးခန်းဖြစ်သော်လည်း ရသေ့ကြီး ဦးစံသိန်း၏ ရုံးအဖွဲ့သားများနှင့် အဆောင်မှူး၏ ရုံးအဖွဲ့သားများ စုပေါင်းနေထိုင်ကြရသည့်အပြင် ထိုစဉ်က ဂုဏ်ကာစစ်ဆင်ရေးဖြင့် ထောင်ကျလာကြသော ဆီစက်၊ ဆန်စက်သူဌေးကြီးများလည်း နေထိုင်ကြသည်။ ထို့ကြောင့်လည်း အဆောင်မှူးရုံးခန်းတွင် အစားအသောက်ပေါများလှသည်။ ပေါင်မုန့်၊ ကိတ်မုန့်အမျိုးမျိုး၊ ကြော်မုန့်၊ ငှက်ပျောသီးသကြား၊ စီးကရက် အလျှံပယ် ပေါကြွယ်ဝသည်။ ထောင်ဝင်စာများမှ ပါလာသည့် ဟင်းများကလည်း အလွန်စုံသည်။ ထို့ကြောင့် အဆောင်မှူးလုပ်သူမှာ တံခါးကြီးမှာလို အလုပ်မများ၊ အိပ်နှင့်နေထိုင်နိုင်သည်။

www.burmeseclassic.com

## [ ၃ ]

ကျွန်ုပ်အဆောင်မှူး၏တာဝန်မှာ အိပ်ဆောင်၊ အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် အကျဉ်းသားများ၏ စားဝတ်နေရေး၊ ထောင်အဖွင့်အပိတ်၊ လူပေါင်းစာရင်း ယူရသောတာဝန်သာဖြစ်သည်။ ထို့ကြောင့် မိန်းဂျေး (Main Jail) ခေါ် အဆောင်များအား ချုပ်ကိုင်သည့် အဆောင်မှူးချုပ်ရုံးနှင့် ဆက်ဆံရတော့သည်။

မိန်းဂျေးအဆောင်မှူးချုပ်မှာ ကျွန်ုပ်၏အိပ်ဆောင်မှ ရသေ့ကြီး ဦးစံသိန်း ဖြစ်သည်။ သူ့အောက်ကထောင်မှူးက ဦးအုံးမောင်၊ စိနီယာသမားကြီးဖြစ်သည်။ ဦးအုံးမောင်၏ လက်အောက်မှာတော့ တပ်ကြပ်ကြီး ဦးစိန်မှတ်က စီမံအုပ်ချုပ်သည်။ Main Jail မှာ ထမင်းချက်ဖိုကြီးနှင့်





နီးသဖြင့် ချက်ပြုတ်ရာ၌လည်း Main Jail တာဝန်ခံများက စီမံအုပ်ချုပ်သည်။ ဖိုကြီးနှင့်နီးသဖြင့် Main Jail တွင် အစားအသောက် အလျှံပယ်ပေါသည်။ ရေနွေးကြမ်းကတော့ နိုင်ခံမပြတ် ရှိနေသည်။ ထမင်းဟင်းချက်ပြီးပါက ထောင်ပိုင်ကြီးအား ထမင်းဟင်းပုံစံပြသလို မိန်းဂျေးတာဝန်ခံများကိုလည်း ပုံစံပြရသည်။ အဆောင်အသီးသီးမှ အကြီးအမှန်ဟင်းချက်သူများကလည်း Main Jail နှင့် ဖိုခေါင်းကိုပေါင်းပြီး ချက်ကြရသဖြင့် မိန်းဂျေးတွင် လူစည်ကားသည်။ အစားအသောက်ပေါသည်၊ မထင်မှတ်ဘဲရှာဖွေရာ၌လည်း အလွန်တော်ပေသည်။ အကျဉ်းသား၊ အချုပ်သား၊ ဝန်ထမ်းငယ်များ သိုဝှက်ယူဆောင်လာသောပစ္စည်းများကို သိမ်းငှက်မျက်လုံးဖြင့် ရှာဖွေဖမ်းဆီးနိုင်ကြလေသည်။

တစ်နေ့ညနေခင်း ရုံးပြန်ချိန်၌ ဖြစ်သည်။ ကျွန်ုပ်လည်း အားအားရှိသဖြင့် Main Jail သို့သွားရောက်ပြီး ရေနွေးကြမ်းသောက်၍ စိနီယာထောင်မှူးဦးအုံးမောင်နှင့် စကားပြောနေမိသည်။ ထိုအချိန်တွင် ရုံးပြန်လာပြီဖြစ်၍ တပ်ကြပ်ကြီး ဦးစိန်မှတ်နှင့် တပ်ကြပ်ခင်မောင်တို့က Main Jail မှအဖွဲ့များဖြင့် တလာစီရန် (ရှာဖွေရေးလုပ်ရန်) အသင့်စောင့်နေကြသည်။

တပ်ကြပ်ကြီးဦးစိန်မှတ်က စီးကရက် အလွန်ကြိုက်သည်။ ကြိုက်သမှ Triple Five နှင့် Marlborough ဟူသော နိုင်ငံခြားစီးကရက်မှ ကြိုက်သည်။ ဘယ်လက်တွင် နိုင်ငံခြားစီးကရက် နှစ်ဘူး၊ သုံးဘူးကို ဆုပ်ကိုင်ထားပြီး ညာလက်တွင်ညှပ်ထားသော စီးကရက်ကို မပြတ်မှာ နေတတ်သည်။ အရပ်ရှည်ရှည်၊ ပိန်ပိန်အသားမည်းမည်း၊ ဘယ်ဘက်ပါးတွင် အမည်းရောင်အမှတ်ကြီးဖြင့် အရုပ်အလွန်ဆိုးသည်။

တပ်ကြပ်ခင်မောင်ကိုတော့ အကျဉ်းသား၊ အချုပ်သားများ



www.burmeseclassic.com

www.burmeseclassic.com



က ပွိုင်စင် (Poison) ခင်မောင်ဟု နောက်ကွယ်တွင် ခေါ်ကြသည်။ (Poison) ဆိုသည်မှာ အဆိပ်ကိုခေါ်ခြင်း ဖြစ်သည်။ ကိုခင်မောင်ကို ခေါ်ခြင်းကတော့ အသိထွက်လှသော်လည်း ထလိုးပေါင်းမှားနေသည်။ အစိတ် (၂၅/-)ကျပ်ပေးလျှင် အကြံအဖန်ပါဖွည်း သယ်ယူခွင့်ပေးသဖြင့် အစိတ်ခင်မောင်၊ သို့မဟုတ် Poison ခင်မောင်ဟု ခေါ်ကြခြင်းဖြစ်သည်။ Main Jail တွင် ထိုသူနှစ်ယောက်ပေါင်းပြီး သောင်းကျန်းကြတော့သည်။

ထိုစဉ် ရုံးပြန်အဖွဲ့ အယောက်(၃၀)ခန့် မိန်းရေးရှေ့သို့ ရောက်လာကြသည်။

“ဟေ့ကောင်တွေ ... Main Jail ရှေ့ရောက်ရင် ဘာလုပ်ရမယ်ဆိုတာ မသိဘူးလား။ မင်းတို့က လူသစ်တွေလား”

ဦးစိန်မှတ်က မာန်ပါပါမေးသည်။

“ဟုတ်ပါတယ် ... ဆရာကြီး။ အချုပ်သစ်တွေပါ”

“ဘာအချုပ်သစ်လဲ။ ဟိုနှစ်ယောက် အေးသောင်းက လူဟောင်းပဲ။ မင်းက မပြောဘူးလား”

“ဟုတ်ကဲ့ ... ဆရာကြီး။ သူတို့သိတယ်ထင်လို့ပါ”

“နှစ်ယောက်လုံး အေးသောင်း၊ မင်းက လူဟောင်းလက်ဟောင်းပဲ။ မင်းမှာဘာပါလာလဲ လူသစ်တွေနဲ့ ရောလိုက်လာတာလား။ ကိုခင်မောင် ဒီကောင့်ကိုခေါ်သွား။ ဖိုဝိုင်းထဲမှာ အတွင်းအပြင် တလှန်စယ်လိုက်”

“ဟုတ်ကဲ့ ... ဆရာ”

အတွင်းအပြင် တလှန်ခြင်းမှာ ကိုယ်ခန္ဓာပြင်ပအဝတ်အစား များကိုချွတ်၍ ရှာဖွေခြင်းနှင့် ပါးစပ်ထဲ၊ စအိုထဲ၌ ဝှက်ယူလာသော ငွေကြေးတို့ကို အသေးစိတ်ရှာဖွေခြင်းဖြစ်သည်။ အချုပ်သစ်များကတော့ နှာမလည်း။ ပြင်ပမှယူလာသည့် ဆေးလိပ်၊ ကွမ်းယာ၊ မုန့်ပဲသရေစာ





တို့ကိုထုတ်ပေးကြသည်။ ဆေးလိပ်ကို ချိုးကြည့်သည်။ မုန့်ပဲသရေစာကိုချေကြည့်သည်။ စိတ်လိုပါက ပြန်ပေးသည်။ စိတ်မလိုပါက သိမ်းဆည်းသည်။ မိန်းရေးထောင်မှူးဦးအုန်းမောင်က အလွန်ခံအေးသည်။ ထိုင်ပြီးမှတ်းစိပ်ခံနေတာ များသည်။ မိန်းရေးတာဝန်ခံ အဆောင်မှူးချုပ် ထောင်မှူးကြီးဦးစံသိန်းကတော့ ညနေခင်း ထောင်ကျအကျဉ်းသားလွှတ်လူများကိုစစ်ကြောင်း မိန်းရေးတွင်ရှိပါ။

မကြာခင် အိပ်ဆောင်များအလယ် ဗိုဝိုင်းကြီးထဲမှ တစ်ကြိမ် ခင်မောင်ဦးစွာထွက်လာပြီး နောက်က မိန်းရေးရှာဖွေရေး အကျဉ်းသားနှစ်ဦးက အေးသောင် ဆိုသူအား တွဲထွက်လာသည်။ အေးသောင်မှာ စအိုအတွင်းအနှိုက်ခံထားရ၍ ကွတတ ကွတ ဖြစ်နေသည်။ တစ်ကြိမ် ခင်မောင်က မိန်းရေးရှေ့ရောက်တွင် ပလတ်စတစ်အထုပ်ကလေးအား ရေဆေးနေသည်။

“ဘာတွေ့သလဲဟေ့”

ဟု တစ်ကြိမ်ကြီး ဦးစိန်မှတ်ကမေးရာ ...

“ငွေ (၂၀၀/-) ကျပ်ပါ ဆရာ”

“အေး ... ပစ္စည်းသိမ်းပြီး အေးသောင်ကိုတိုက်ထဲပို့လိုက်”

“မလုပ်ပါနဲ့ ဆရာကြီးရယ်။ ကျွန်တော် ကြွေးဆပ်စရာရှိလို့ ဝှက်ယူလာတာပါ”

ထိုစဉ်မှ ထောင်မှူးဦးအုန်းမောင်က ဝင်ပြောလာသည်။

“ဦးစိန်မှတ်နဲ့ကိုခင်မောင် ပစ္စည်းကိုပဲသိမ်းပေါ့၊ လူကို ပြန်လွှတ်ပေးလိုက်ပါ။ အကျဉ်းထောင်လက်စွဲဥပဒေ ပုဒ်မ(၃၇၇)နဲ့ ငြိပေမဲ့ ငွေက အနည်းအပါးပါ။ ဖမ်းဆီးသိမ်းဆည်း ရရှိငွေစာရင်းထဲထည့်ထားပါ။ ခင်ဗျားတို့ ဆယ်ပုံတစ်ပုံ အကျိုးခံစားရမယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ဦးအုန်းမောင်၊ ဒီကောင်တွေကို ဒီလို ပေါ့ပေါ့အပြစ် ပေးလို့မရဘူး။ နောက်လည်း ဒီလိုလုပ်နေဦးမှာပဲ"

ဦးစိန်မှတ်က ပြောလာပြန်သည်။

"ထောင်ကိုဖောက်ထွင်းမယ့် လက်နက်ပစ္စည်းမှ မဟုတ်တာပဲ ဦးစိန်မှတ်ရယ်။ ကြီးတဲ့အမှုမယ်စေ၊ ငယ်တဲ့ အမှုပပျောက်စေဆိုသလို တာဝန်ထမ်းဆောင်ရမှာက ကျွန်တော်တို့ထောင်ဝန်ထမ်းတွေ တာဝန် မဟုတ်လား။ ပစ္စည်းသိမ်းပြီး လူကိုလွှတ်ပေးလိုက်ပါ။ ထောင်မှူးကြီး လာရင်လည်း ကျွန်တော်သတင်းပို့ပါ့မယ်။ ကျွန်တော့်တာဝန်ထားပါ"

ထိုအချိန်မှ ဦးစိန်မှတ်နှင့်တပ်ကြပ်ခင်မောင်တို့က မကျေမချမ်း ဟန်ဖြင့် အေးသောင်အား အိပ်ဆောင်သို့ပြန်ခွင့်ပေးလိုက်ကြသည်။ အကျဉ်းထောင်အတွင်း၌ အကျဉ်းသားဆိုးများရှိသလို အကျဉ်းသား ကောင်းများလည်းရှိကြသည်၊ ထို့အတူ ဝန်ထမ်းကောင်းများရှိသလို၊ ဝန်ထမ်းဆိုးများလည်း ရှိကြသည်။

[၄]

ထောင်ပိတ်ချိန်အထိ ကျွန်ုပ်စောင့်ကြည့်ရာ မိန်းဂျေးအနီးရှိ တပ်ကြပ်ကြီးအခန်းစားပွဲပေါ်၌ ဆေးလိပ်၊ ကွမ်းယာ၊ မုန့်အမျိုးမျိုးနှင့် မီးခြစ်တို့ပုံသွားတော့သည်။ အကျဉ်းထောင်လက်စွဲ ဥပဒေအပိုဒ် (၃၇၃) အရ ထောင်တွင်းမသွင်းရသည့်ပစ္စည်းများမှာ မီးလောင်စေတတ်သော ပစ္စည်းများ၊ အကျဉ်းသားချင်း အန္တရာယ်ဖြစ်စေနိုင်သော ချွန်ထက် ပစ္စည်းများ၊ ဆရာဝန်ခွင့်ပြုချက်မရသော ဆေးဝါးများ၊ ငွေကြေးနှင့် အဖိုးတန်လက်ဝတ်ရတနာပစ္စည်းများစသည်တို့ ပါဝင်သည်။ သို့သော် ချဲ့ကားဆက်နွယ်၍ 'မသက်ာ' ဟူသော ပုဒ်မတပ်ပြီး သိမ်းဆည်းပါက ဘာပစ္စည်းမျှ လွတ်စရာမရှိပါ။ သောက်ရေဘူးကိုပင် အဆိပ်ပါသည်၊ ဘိန်းနှင့် မူးယစ်ဆေးဝါးပါနိုင်သည်ဟု စွဲချက်တင်ပြီး သိမ်းဆည်းနိုင် ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ညနေတွင် အဆောင်မှူးများ၏ အပတ်စဉ် အစီရင်ခံစာကို ထောင်ပိုင်ကြီးရုံးခန်းသို့ တင်သွင်းရသည်။ ပြီးသည်နှင့် ထောင်ဘူးဝတံခါးကြီးတွင် တံခါးထောင်မှူး ဦးဝင်းဆန်းနှင့် စကားပြောနေစဉ် ရုံးပြန်များဝင်ရောက်လာသည်။ ရဲကားပြာကြီးပေါ်မှ အပြေးအလွှားဆင်းလာကြပြီး ထောင်ဘူးဝတံခါးပေါက်ကလေးမှ ခေါင်းငုံ့ဝင်ကာ ထောင်ဘူးဝတံခါးကြီးနှစ်ချပ်အတွင်း တန်းစီ၍ ထိုင်နေကြသည်။ ဘူးတံခါးဝ တပ်ကြပ်ကြီးအုံးသောင်က …

"ထောင်တွင်းမသွင်းမရတဲ့ တားမြစ်ပိတ်ပင်ပစ္စည်းတွေပါရင် အခုကတည်းက တရားဝင်အပ်ကြ။ ရှာဖွေလို့တွေ့မှ ကယ်ပါ၊ ယူပါ မလုပ်ကြနဲ့။ ပစ္စည်းကိုသိမ်းတဲ့အပြင် လူကို ပြစ်ဒဏ်တိုက်ထဲထည့်မှာကဲ … ဝန်ထမ်းတွေရှာကြစမ်း"

ဝန်ထမ်းများက ရုံးပြန်တစ်ဦးချင်းစီကို ပါးစပ်ဖြဲ၍ ရှာသည်။ ဆံပင်ထဲ၌လည်း ရှာသည်။ လုံချည်၊ အကျီများကိုလည်းဖြန့်၍ ရှာသည်။ ပါလာသောအိတ်များကိုလည်း ရှာသည်။ မိနစ်ကိုင်း အလွတ်မပေး၊ အသေးစိတ်ရှာသည်။

လူလေးဆယ်ခန့်တင်ဆောင်သော အချုပ်ကားပြာကြီးများမှ ဝင်းလာကြသည့် အချုပ်သား၊ အကျဉ်းသားတို့မှာ တံခါးကြီးအတွင်း၌ ရွှေးနှံ့ဖြင့် နံဟောင်နေသည်။ အမျိုးသမီးအချုပ်သား၊ အကျဉ်းသားများကိုတော့ ထောင်ဝင်စာခန်းထဲ၌ အမျိုးသမီးဝန်ထမ်းများက ရှာဖွေရေးလုပ်ကြသည်။ အားလုံးအားရှာဖွေပြီးသည်နှင့် အတွင်းတံခါးငယ်မှ ထောင်တွင်းသို့ ရေတွက်၍သွင်းသည်။

"တစ် … နှစ် … သုံး … လေး … ငါးခြောက် … "

"ဟိုအကောင် … ဘာငိုင်နေတာလဲ။ ဒါ … ထောင်။ မင့်





အမေ့လင်အိမ် မဟုတ်ဘူး။ မြန်မြန်ဝင်"

မဖွင်းမသန်သူရော၊ လူကြီးရော၊ လူငယ်ပါ ကသုတ်ကရက်ဝင်ကြရသည်။ ထောင်တွင်းရောက်တော့လည်း အိပ်ဆောင်သို့ တန်းမပြန်ရသေး။ အတွင်းထောင်ကျုံးရှေ့တွင် တန်းစီထိုင်ကြရပြီး ချုပ်ရိမန်ထောင်ကျဝရမ်းတို့ဖြင့် တိုက်ဆိုင်စစ်ဆေး၍ မေးမြန်းခြင်းခံရသေးသည်။ ထိုအချိန်တွင် အမျိုးသမီးဝန်ထမ်းများက အမျိုးသမီးအချုပ်ထောင်ကျသူတို့အား လက်ပိုက်စေပြီး တန်းစီခေါ်ဆောင်လာကြသည်။

ဗိုမသဘာဝအရ တန်းစီ၍ထိုင်နေကြသော အချုပ်နှင့် ထောင်ကျသားတို့က ငေးကြသည်။

အချုပ်ဖြစ်စေ၊ ထောင်ကျဖြစ်စေ၊ ထောင်တွင်းသို့ရောက်သည်နှင့် မိမိကိုယ်ကို မိမိမပိုင်တော့။ ထောင်က ပိုင်သွားပြီဖြစ်သည်။ မနက်ညထမင်းကျွေးမည်။ အိပ်စရာနေရာပေးမည်။ အလုပ်ပေးမည်။ (လခတော့မရ)။ ဆေးဝါးကုသပေးမည်။ လမ်းဘေးနေ၊ လမ်းဘေးအိပ်သမားများအတွက်တော့ အတော်အဆင်ပြေသည်။ စားရန်၊ အိပ်ရန် မပူရ။ နေမကောင်းထိုင်မသာဖြစ်လျှင်လည်း ထောင်တွင်းဆေးရုံကြီးက အသင့်ရှိသည်။

ကျွန်ုပ် ထောင်တွင်းပြန်ဝင်ခဲ့ပြီ။ ထောင်ကျရုံးဘက်လျှောက်ခဲ့သည်။ ထောင်ကျရုံးတွင် စီနီယာထောင်မှူးဦးဘိုကြည်နှင့် ထောင်မှူးဦးမောင်သိန်းတို့ ရှိကြသည်။ ထောင်ကျရုံး၌ ညနေခင်းလွှတ်လူများနှင့် ထောင်ကျသစ်များ တန်းစီနေသည်။

"နာမည်"

"အောင်ကျော်"

"အဘအမည်"

www.burmeseclassic.com



"ဦးထွန်းအောင်ကျော်"

"ဘာမှုဖြစ်သလဲ"

"ဓားခုတ်မှု"

"ထောင်ဘယ်လောက်ကျသလဲ"

"၂ နှစ်"

"ဘယ်တရားရုံးလဲ"

"အင်းစိန်တရားရုံး"

"အမှတ်အသားရှာမယ်"

"(၁) ယားနားထင်အမာရွတ် – ၁ ၊

(၂) ဝဲပါးပြင်မှဲ့နက် – ၁ ၊

(၃) ယာမေးရိုးမှဲ့နက် – ၁"

"ထောင်မှာ အာပဋ္ဌည်းတွေ အပ်နှံထားတာရှိသလဲ"

"မရှိပါ"

"နောက်တစ်ယောက်"

ညနေပိုင်း လွတ်လူကြည့်နေကြခြင်း ဖြစ်သည်။ ထောင်ကျလွတ်လူများကို လျှော့ရက်စနစ်ဖြင့် မနက်ပိုင်းတွင်သာ လွှတ်တတ်သော်လည်း ညနေပိုင်းလွတ်လူများမှာ အရေးပေါ်လွတ်သူများဖြစ်ဟန်တူသည်။

[ ၅ ]

❑

ထိုအချိန် ၁၉၇၆–ခုနှစ်က အင်းစိန်ထောင်တွင် ကျား၊ မ အချုပ်ထောင်ကျလူဦးရေ (၁၀၀၀၀) နီးနီးရှိသည်။ ဗဟိုအကျဉ်းထောင်ဖြစ်၍ လူဦးရေ (၅၀၀၀) ဆံ့ဖြစ်သော်လည်း တစ်ဆတိုးနေသည်။ ကျွန်ုပ်အိပ်ဆောင်သို့ပြန်ခဲ့ရင်း ထောင်ဆေးရုံဝင်းထဲက ဖြတ်၍ ပြန်လာရာ ဆေးရုံထောင်မှူးရုံးမှလှမ်းခေါ်သဖြင့် ဝင်ရသေးသည်။ ဆေးရုံ ထောင်မှူးကုလားလေးဦးဗိုလ် ဖြစ်သည်။

"လာ ... ကိုယ့်ဆရာ။ ဘာစားမလဲ၊ ဘာသောက်မလဲ"

"အလို့ ... တယ်ဟုတ်ဟုတ်ပါလား ဆရာဗိုလ်ရဲ့။ ထမင်းဆိုင်ကျနေတာပဲ။ ဘာတွေရှိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ထောင်ဆေးရုံပဲ အစုံရှိတာပေါ့ဆရာရဲ့။ ပေါင်မုန့်ဖိုလည်း ရှိတယ်။ ဆေးရုံထမင်းချက်ဖိုလည်း ရှိတယ်။ ကြက်သား၊ အမဲသား၊ ငါးကြော်၊ ကြက်ဥစားချင်တာ အကုန်ရတယ်"

"အဲဒါဆို ပေါင်မုန့်ကြက်ဥကြော်များ ကော်ဖီကလေးနဲ့ ရမလား"

"ပေါင်မုန့်ကြက်ဥကြော် ရမယ်၊ ကော်ဖီလည်း ရပါတယ်။ ဒါပေမဲ့ ကော်ဖီအစား နွားနို့က ပိုမကောင်းဘူးလား၊ ကိုယ့်ဆရာ"

"ပိုကောင်းတာပေါ့ဗျာ"

"သိန်းဆွေ ... ကြားတယ်နော်။ ငါတို့ကို စားဖို့နှစ်ပွဲလုပ်ပေး"

"ဟုတ်ကဲ့ပါ ဆရာ"

နာရီဝက်အတွင်း နွားနို့ပူပူနှင့် ပေါင်မုန့်ကြက်ဥကြော်ကို စားကြရသည်။ နွားနို့မလိုင်ဖတ်များပင် ပါသေးသည်။ ပေါင်မုန့်ဖိုမှ ဖိုခေါင်းမှာ ပေါင်မုန့်သာမက လူကြီးများအတွက် ကိတ်မုန့်ပင်ဖုတ်ပေးရကြောင်း သိရသည်။ ထောင်တွင်း၌ အမှုအသီးသီးဖြင့် ရောက်လာကြသူများမှာ အတတ်ပညာရှင်များလည်း ပါဝင်ကြသည်။ လက်သမား၊ ပန်းရန်၊ ဖိနပ်ချုပ်၊ ကော်ဇောရက်၊ ပန်းပဲ၊ အင်္ကျီချုပ်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသမား အစုံပါသည်။ ကြက်ဥ၊ ကြက်သား၊ အမဲသား၊ နွားနို့တို့မှာ ထောင်ဆေးရုံတက်လူနာများအတွက် ဖြစ်သည်။ သို့သော် ဝန်ထမ်းများကလည်း မြည်းရင်းစမ်းရင် ဦးစွာစားကြသည်။

"ဆရာသိန်းဝင်း ... ပေါင်မုန့်စားချင်ရင်ပြော။ ဒီကဖိုခေါင်းက ဟိုတယ်က ထောင်ကျလာတာ။ အင်းယားလိပ်ဟိုတယ်ကဖုတ်တဲ့ ပေါင်မုန့်လက်ရာအတိုင်း ဖုတ်ပေးနိုင်တယ်။ တခြားထောင်မှူးတွေ လာ





စားကြ၊ လာတောင်းကြတာ ခဏခဏပဲ။ လာပါဗျ။ ဒီမှာစားရော ပေါ့ပါတယ်။ နေ့လယ်နေ့ခင်း ထမင်းစားချင်ရင်လည်း ဒီကိုလာခဲ့ပါ။ ဒီမှာ ဟင်းကောင်းတယ်"

"အေးဗျာ ... ကျေးဇူးပဲ ဦးဗိုလ်။ ကျွန်တော် အဆောင်ပြန်လိုက်ဦးမယ်။ ကျွန်တော်တို့အဆောင်မှာလည်း အစားအသောက် ပေါပါတယ်"

"ခင်ဗျားတို့အဆောင်မှာတော့ သူဌေးကြီးတွေ ရုံးခန်းထဲထည့်ထားတော့ အစားအသောက်ပေါတာပေါ့ဗျာ။ ဒီထောင်ဆေးရုံမှာတော့ အမှန်က ဆေးရုံတက်ရဲဘက်ရိက္ခာကို ကပ်စားနေရတာပါ"

"သူဌေးကြီးတွေကို ကျွန်တော်ရုံးခန်းထဲ ထည့်ထားတာမဟုတ်ရပါဘူးဗျာ။ ကျွန်တော် အဆောင်မရောက်မီကတည်းက ရှိနေကြတာပါ"

"အေးပါဗျာ ... ခင်ဗျားထည့်ထားတာလို့ မပြောပါဘူး။ ရှိနေတာကိုပြောတာပါ။ ဘာပဲဖြစ်ဖြစ် အဆင်ပြေရင်ပြီးတာပဲ မဟုတ်လား။ ကျွန်တော်တို့ ထောင်မှူးလောက်အဆင့်က လုပ်ပိုင်ခွင့်မရှိပါဘူး။ အေးအေးချမ်းချမ်း တာဝန်ထမ်းဆောင်ရပြီး အစားအသောက်ကောင်းကောင်း စားရရင် ပြီးတာပဲမဟုတ်လား။ အုမတောင့်မှ သီလစောင့်နိုင်မှာ မဟုတ်လားဗျ ... ဟဲ ... ဟဲ ..."

"အကျဉ်းသားရိက္ခာကပ်စားမှတော့ ဘယ်လိုလုပ်ပြီး သီလစောင့်နိုင်မှာလဲဗျာ။ အုမတောင့်ရုံပဲရှိမှာပါ"

ကျွန်ုပ်ကပြောအပြီး ထောင်ဆေးရုံမှ Main Jail သို့ ပြန်ခဲ့သည်။ အချိန်စောသေးသဖြင့် ရုံးခန်းသို့ဝင်ထိုင်ရာ ထောင်မှူး ဦးအုံးမောင်က ...



www.burmeseclassic.com

www.burmeseclassic.com



"ဆရာသိန်းဝင်း ... အားသေးသလား။ ထောင်ပိတ်ချိန်လည်း ဝေးပါသေးတယ်။ အလုပ်ကြီးဘက် ခဏသွားကြရအောင် လိုက်မလား"

"လိုက်တော့လိုက်ချင်ပါတယ် ဆရာ။ ဒါပေမဲ့ ကျွန်တော်အဆောင်က ထွက်လာတာကြာပြီ"

"ကိစ္စမရှိဘူး ဆရာ။ ကျွန်တော် မိန်းဂျေးကတစ်ယောက်ကို ပြောခိုင်းလိုက်မယ်"

"ဟေ့ ... မိန်းဂျေးက ရဲဘက်တစ်ယောက် လာစမ်းဟေ့။ ဆရာသိန်းဝင်းအဆောင်ကို သွားပြောလိုက်။ ငါနဲ့ဆရာသိန်းဝင်း အလုပ်ဘက်ကို ကိစ္စရှိလို့သွားတယ် ပြောလိုက်"

"ဟုတ်ကဲ့ ... ဆရာ"

ကျွန်ုပ်တို့ ဗိုဗိုင်းကြီးကိုပတ်ပြီး အလုပ်ဘက်ဝင်းသို့ ထွက်လာတော့ အဆောင်များတွင် အကျဉ်းသားအချုပ်သားများ ရေချိုးနေကြပြီဖြစ်သည်။ ရေကန်ဘာယာလုပ်သူ အကျဉ်းသားက ကန်ပေါင်ပေါ်တက်၍ ကြိမ်လုံးကိုင်ထားပြီး အမိန့်ပေးနေသည်။

"ခပ် ..."

"ချိုး ..."

"ချေးတွန်း ..."

"ရပ် ..."

အကျဉ်းသား၊ အချုပ်သားများက ယိမ်းတိုက်သလို ညီညီညာညာ ချိုးနေကြသည်။

"ခပ် ..."

"ချိုး ..."

---

စိတ်ကူးသစ်စာပေ



"ချေးတွန်း ..."

"ခပ် ..."

"ချိုး ..."

"ရပ် ..."

"နောက်တစ်သုတ် ..."

ရေချိုးရန်တန်းစီနေကြသူများ တစ်သုတ်ပြီးတစ်သုတ်ဝင်လာ၍ တန်းစီပြီး ညီညီညာညာချိုးကြပြန်သည်။ အမိန့်မပေးခင်၊ ရေခပ်သူ ရေချိုးသူများကတော့ ရေကန်ဘာယာ၏ကြိမ်လုံးဒဏ်ကို တဖြန်းဖြန်း ခံလိုက်ကြရသည်။ ရေကန်ဘာယာသည် ဒု–အဆောင်မှူး၏အလုပ်ကို ဝိုင်းကူဆောင်ရွက်နေခြင်းဖြစ်သည်။ ဒု–အဆောင်မှူးကတော့ ရေချိုးပြီးသူများကို ထမင်းဘုတ်ကိုင်အကူအညီဖြင့် ညနေစာကျွေးရန် ထမင်းဝေနေသည်။

ကျွန်ုပ်တို့ အထူးဆောင် ဘုရားကလေးကိုကျော်ပြီး အလုပ်ကြီးဘက်ဝင်းသို့ ရှေးရှုလျှောက်လာကြရာ အလုပ်ကြီးအပြန်ရဲဘက်အကျဉ်းသားများနှင့် အတွင်းတော်ယာအပြန် အကျဉ်းသားများကို ပင် တွေ့နေရသည်။ သူတို့က ဘယ်ဘက်အုတ်နံရံအမိုးအောက် စကြံလမ်းမှ နှစ်ယောက်တစ်တွဲတန်းစီ၍ လျှောက်ကြရသည်။ လမ်းမကြီးပေါ်မှ လျှောက်ခွင့်မရှိပါ။ ထို့ကြောင့်လည်း ကျွန်ုပ်နှင့် ဆရာဦးအုန်းမောင်တို့ ရင်ပေါင်တန်း၍စကားပြောရင်း လမ်းမကြီးပေါ်မှ လွတ်လပ်စွာ လျှောက်လှမ်းခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

[ ၆ ]

❑

"ဆရာ ဦးအုံးမောင် အလုပ်ကြီးဘက်က အလုပ်ဆင်းပြီးပဲ၊ ဘာလုပ်ဖို့လဲ။ နောက်ကျနေပြီထင်တယ်"

"အခုမှအချိန်ကောင်း ... ဆရာသိန်းဝင်းရဲ့၊ ရဲဘက်တွေ ပြန်တော့ နည်းပြဆရာနဲ့ တပည့်ရင်းတွေပဲရှိတော့တာ လူရှင်းတာပေါ့။ ဒီအချိန်မှ တောင်းချင်တာ တောင်းလို့ကောင်းတာ။ ဆရာသိန်းဝင်းကို ခေါ်လာတာက ပညာသင်ပေးဖို့"

"ဘာပညာလဲ ဆရာဦးအုံးမောင်ရဲ့"

"အတောင်းအရမ်းပညာပေါ့ဗျာ။ အလုပ်ဘက်နည်းပြဆရာနဲ့ အကျဉ်းသားတွေက အဆောင်နဲ့မကင်းနိုင်ကြဘူးလေ။ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီပေါ့ဗျာ"





"လာ ... လာ ... ဦးသိန်းဝင်း။ စက်ချုပ်က ဦးအိစ္စတ်ဆီ အရင်ဝင်မယ်။ ဆောင်းရောက်တော့မယ်ဆိုတော့ အနွေးထည်ဂျာကင် လိုတယ်"

ကျွန်ုပ်တို့ စက်ချုပ်အလုပ်ရုံဝရောက်တော့ ဝန်ထမ်းနှင့်ရဲဘက်များ ပစ္စည်းများကို သိမ်းဆည်းနေကြသည်။ နည်းပြကုလားကြီး ဦးအိစ္စတ်က ကျွန်ုပ်တို့ကိုမြင်သည်နှင့် ...

"ဆရာထောင်မှူးတို့ ကြွကြပါ။ ဘာအလိုရှိသလဲ ပြောပါ"

"ဦးအိစ္စတ်ရေ ... ကျုပ်ဂျာကင်က ဟောင်းနေပြီ။ အသစ်ချုပ်ပေးဦး။ ဒီကပ္ပါလာတဲ့ ဆရာသိန်းဝင်းအတွက်လည်း တစ်ထည် ချုပ်ပေးပါ"

"ဟုတ်ကဲ့ ... ဆရာကြီး၊ ကာကီရောင်ပဲ မဟုတ်လား။ လာ လာ ... အတိုင်းယူမယ်"

နည်းပြဆရာ ဦးအိစ္စတ်ကိုယ်တိုင် သူ၏လည်ပင်းတွင်ပတ်ထားသော ပေကြိုးကလေးဖြင့် အတိုင်းယူပြီးရေးမှတ်သည်။ ပြီးမှ ...

"တစ်ပတ်လောက်ကြာမယ်ဆရာကြီး။ ဒီနေ့ တနင်္လာဆိုတော့ နောက်အပတ်အင်္ဂါနေ့ဆို ရပြီ"

"ကျေးဇူးပဲ ဦးအိစ္စတ်။ နောက်အပတ်မှ လာခဲ့မယ်"

"ဟုတ်ကဲ့ ဆရာကြီး"

"လာ ... ဆရာသိန်းဝင်း။ ပြန်ကြမယ်"

ကျွန်ုပ်တို့ စက်ချုပ်အလုပ်ရုံကထွက်တော့ မပြန်သေးဘဲ ဦးအုံးမောင်က လက်သမားရုံးဘက်သို့ ဆွဲခေါ်ပြန်သည်။

"လာ ... ဆရာဦးသိန်းဝင်း။ လက်သမားရုံဘက်ဝင်ပြီး အကြံ့အဖန်လုပ်ကြဦးစို့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ စက်ချုပ်အလုပ်ရုံကထွက်တော့ လက်သမား မန်နေဂျာဦးချစ်ပန်းက ရုံးစားပွဲတွင် ထိုင်နေရာကထ၍ …

"ဆရာ ဦးအုန်းမောင်တို့ ဘာအလိုရှိပါသလဲ"

"နောက်အပတ်ထဲမှာဗျာ၊ အိမ်မှာ ဆွမ်းကျွေးကလေးလုပ်ချင်လို့ စားပွဲခုံပိုင်းကလေးတစ်ခုလောက် လိုချင်တယ်"

"ဘယ်နှစ်ပေလဲ ဆရာဦးအုန်းမောင်"

"သံဃာတော် (၅)ပါးအဆိုတော့ အရှည်း (၅)ပေလောက်ပေါ့ဗျာ"

"ဒီက ဆရာထောင်မှူးအတွက်လည်း တစ်ခုလုပ်ပေးပါ။ ကျွန်းသားနဲ့နော်။ သစ်ရိုင်းက လေးတယ်။ ရေထိလို့ မကောင်းဘူး"

"ဟုတ်ကဲ့ပါ ဆရာ၊ ရပါစေ့မယ်"

"ကျေးဇူးပဲ ဦးချစ်ပန်း။ ကျွန်တော်တို့ပြန်ဦးမယ်"

ကျွန်ုပ်တို့ပြန်အထွက် အလုပ်ရုံဝင်းအဝတွင် ကုန်ကြမ်းဌာန ထောင်မှူးဦးလှဝင်းလာရာ …

"ဟာ … ဆရာတို့ပါလား၊ ဘာအလိုရှိသလဲ"

"ဩော် … ဆရာလှရယ်၊ အလုပ်ဘက်လာမှတော့ အကြံ အဖန်ကိစ္စပေါ့"

"ဆရာလှက ဘာပေးမှာလဲ"

"ကျွန်တော်ကကုန်ကြမ်းဆိုတော့ ပိတ်စတွေပဲရှိတာပေါ့။ ဆရာ ဦးအုံးမောင်တို့ ဘာပိတ်စလိုချင်သလဲ ပြောပါ"

ကျွန်တော့်မြေးအတွက် အနီးလုပ်ဖို့ဗျာ ပိတ်ဖြူစ(၁၀)ကိုက် စီလောက်ပေးပါ။ ဒီက ဆရာဦးသိန်းဝင်းအတွက်ရောပေါ့နော်"

"ဟုတ်ကဲ့ … ရပါတယ် ဆရာ"





ကျွန်ုပ်တို့ပိတ်စ (၁၀)ကိုက်စီ စက္ကူဖြင့် ထုပ်၍ယူဆောင်လာ ကြပြီး၊ စက်ရုံဝင်းက ပြန်အထွက်၊ ဆရာဦးအုံးမောင်က …

"ဆရာသိန်းဝင်း … နေဦး။ ဖိနပ်ချုပ်မန်နေဂျာ ဦးသောင်း ရွှေတို့ မပြန်သေးဘူး။ တစ်လက်စတည်း ရှူးဖိနပ်တစ်ရန်စီ ဝင်ချုပ် သွားရအောင်"

"ဆရာရယ် … အားနာစရာကောင်းပြီထင်တယ်"

"အားမနာနဲ့။ ဒါဟာ အင်းစိန်ဗဟိုထောင်ကြီးမှာ တာဝန် ထမ်းဆောင်ကြရတဲ့ အရာရှိတွေရဲ့ ရပိုင်ခွင့်။ လာ … လာ …"

ကျွန်ုပ်တို့ ဖိနပ်ချုပ်မန်နေဂျာ ဦးသောင်းရွှေ၏ရုံးခန်းထဲ ဝင် လိုက်တော့ မန်နေဂျာဦးသောင်းရွှေက …

"ဟာ … ဆရာတို့ အထုပ်အပိုးကိုယ်စီနဲ့ပါလား။ လာ … ထိုင်ကြဗျာ။ ဘာအလိုရှိကြသလဲ"

"ဦးသောင်းရွှေရယ်၊ ခင်ဗျားဆီလာမှတော့ ရှူးဖိနပ်ကိစ္စပေါ့။ ဒီမှာဖိနပ်တွေက ပုံမလာတော့ဘဲ ဟောင်းနေပြီ"

"ကဲ … ဖော်မိုးရေ ဆရာတို့ကို အမြန်တိုင်းပေးလိုက်။ ဘာ ပုံစံလိုချင်သလဲ . ဆရာ။ နယ်က အော်ဒါတွေကျနေတော့ နည်းနည်း တော့ကြာမယ် ထင်တယ်"

"ဘယ်လောက်ကြာမလဲ။ ဟောင်ကောင်ပုံစံ Angle Shoes လုပ်ပေးဗျာ။ ခြေမျက်စိဖုံး ရှူးဖိနပ်ပေါ့"

"Angle Shoes က ခြေမျက်စိဖုံးအောင်စပ်ချုပ်ရတော့ နည်း နည်းကြာမယ် ဆရာ။ ထောင်ပိုင်ကြီးတွေလည်း မှာထားတယ်။ တစ်လ လောက်ပေါ့"

"တစ်လ မလုပ်နဲ့။ ဒီမှာ ဖိနပ်ကပေါက်တော့မယ်။ နှစ်ပတ်



www.burmeseclassic.com

www.burmeseclassic.com



လောက်နဲ့ အပြီးလုပ်ပေး"

"ဟုတ်ကဲ့ . . . ဆရာ။ ဇော်မိုးရေ . . . မင်းအသေအချာ မှတ်ထားနော်။ ထောင်ပိုင်ကြီးတို့မိန့်ပြီးတာနဲ့ ချက်ချင်းလုပ်ပေးလိုက်"

"ဟုတ်ကဲ့ပါ ဆရာ"

ကျွန်ုပ်တို့ အလုပ်ဘက်က ပြန်ခဲ့ကြသည်။ ထောင်လမ်းမကြီးမှာ အသွားအလာရှင်းနေသည်။ သို့သော် အိပ်ဆောင်များဘက်ရောက်တော့ အိပ်တန်းပိတ်ချိန်ရောက်၍ ဆူညံနေသည်။ မကြာပါ။ ထောင်ပိတ်လူပေါင်းစာရင်းများယူသံ ကြားရပြီး Main Jail ပတ်ဝန်းကျင်၌ ဝန်ထမ်းများကိုသာ တွေ့ရတော့သည်။ လူပေါင်းကိုက်၍ ထောင်ပိတ်စာအုပ်ကြီးတွင် ကျွန်ုပ်တို့အဆောင်မှူးများ မိမိတို့အဆောင်အလိုက် လက်မှတ်ရေးထိုးပြီးသည်နှင့် အရှေ့ဘူးကြီးပေါ်မှ ထောင်ပိုင်ကြီးအား တယ်လီဖုန်းဖြင့် သတင်းပို့ရသည်။ ဘူးမျှော်စင်ကြီးပေါ်မှ ထောင်ပိတ်သံချောင်းခေါက်သံ 'ဒေါင် . . . ဒေါင်' ဟု နှစ်ချက်ကြားလိုက်ရပြီး တစ်နေ့တာ ထောင်ပိတ်ခြင်းပြီးသည်နှင့် ညဂျူတီသမားများ အသီးသီး ညတာဝန်ထမ်းဆောင်ရန် ဝင်လာကြသည်။ အင်းစိန်ထောင်ကြီးမှာ ရှေးဟောင်းရှစ်ထောင့်နာရီပုံစံဖြစ်သည်။ နာရီလို (၂၄)နာရီ လှုပ်ရှားနေသည်ဟု အစိပ္ပာယ်ကောက်သော် ရနိုင်ပေလိမ့်မည်။

မကြာမီ အိပ်ဆောင်အသီးသီးမှ ဘုရားရှိခိုးသံများကို ကြားလာရသည်။ ကျွန်ုပ်တို့လည်း ညဂျူတီသမားနှင့် တာဝန်မှူးတာဝန်ကြပ်တို့အား တာဝန်လွှဲပြောင်းခဲ့ကြပြီး ပြန်ခဲ့ကြသည်။ Main Jail နှင့် ထောင်ဘူးဝသွားလမ်းမကြီးမှာ ရှင်းလင်းပြီး သန့်ရှင်းနေသည်။

ကျွန်ုပ် အိမ်အပြန်လမ်းတွင် စဉ်းစားလာခဲ့သည်။ ကျွန်ုပ်က ထောင်မှူးသစ်ဖြစ်၍ ထောင်တွင်းအကြံအဖန်ကိစ္စများကို ကောင်းစွာ

စိတ်ကူး သစ်စာပေ



နားမလည်ပါ။ ထောင်တွင်းအကြံအဖန်ကိစ္စများကို အချုပ်သား၊ အကျဉ်းသားများကလည်း နည်းမျိုးစုံဖြင့် လုပ်ကြသည်။ အရာရှိနှင့် ဝန်ထမ်းအဆင့်ဆင့်ကလည်း ပုံစံမျိုးစုံဖြင့် လုပ်ကြသည်။ အလွန်အေးဆေးတည်ငြိမ်ပြီး Main Jail ရုံးခန်း၌ ပုတီးစိပ်၊ တရားမှတ်နေလေ့ရှိသော ထောင်မှူးဦးအုန်းမောင်ပင်လျှင် ဝန်ထမ်းများရပိုင်ခွင့်ဟုဆိုကာ အလုပ်ကြီးဘက်၌ ကျွန်ုပ်ကိုပညာပေး၍ လုပ်ပြသွားခဲ့ပြီပဲ ဖြစ်သည်။

ကျွန်ုပ်တင်ပြလိုသည်မှာ အချုပ်သား၊ အကျဉ်းသားများရှိသော ထောင်နှင့်အချုပ်ခန်းတိုင်း၌ ဝန်ထမ်းနှင့် အချုပ်သား၊ အကျဉ်းသားများ မိမိလည်ပတ်သလို အကြံအဖန်ကိစ္စများလုပ်၍ စားဝတ်နေရေးကို ဖြေရှင်းနေကြသည်ကတော့ အမှန်အကန်ပင် ဖြစ်ပါတော့သတည်း။

*[မှတ်ချက်။ ။ ထောင်အကြောင်း အကောင်းချည်းသာရေးသည်ဟုဝေဖန်ကြသော ကျွန်ုပ်ဓါစာဖတ်ပရိသတ်အတွက် တစ်စွန်းတစ်စ မကောင်းတာလေးများလည်း ရေးလိုက်ရပါသည်။]*

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com